စီရင်တိုင်းစုတု သဒ္ဓမ္မော

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော

## ဉာဏစာဂီ မဟာထေရ်

စီရင်ရေးသားအပ်သော

ပါဠိလို

အဟောသိကံ အဟံအရိယာ

# ငါအရိယာဖြစ်ပြီလား

ဂေါဓမ္မော-ဂေါယနော၊ ဘုရားဟော

ယောဂီတို့သတိချပ်ရန်

ဓါတ်ပေါ်မှ-နာမ်ကရူ။ လယ်တီဆရာတော်၊

ပေါ်သိ.. ပေါ်သိ နိဗ္ဗာန်အထိ၊ ဉာဏစာဂီ ဆရာတော်။

ထိမှ-သိမှ ဤ၂-ခုသတိကြမ်ကြပ်ပြု။ စွန်းလွန်းဆရာတော်။

သတ္တမနှိပ်ခြင်း။အုပ်ရေ (၁၅၀၀)

၁၃၂၆ ခုနှစ်၊

ဉာဏစာဂီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်

ရှစ်မိုင်-သမိုင်းစာတိုက် ရန်ကုန်မြို့။


စကားပြော ကြေးနန်း-၃၀၁၀၃

တကျပ်-ပြား-၅၀

(၁၀၂)

၀ နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ

ဉာဏဓာဂိမဟာထေရ် ဆရာတော်ဘုရားကြီး၏ပုံ



သက်တော် (၆၄) သိက္ခာတော် (၄၅)

# အဟောသိကံ အဟံအရိယာ
# ငါအရိယာဖြစ်ပြီလား

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။

## နိဒါနကထာ

**ငါသည်အရိယာဖြစ်ပြီလားဟု စစ်ဆေးကြည့်ပါလျှင်
ဖြစ်တယ်၊ မဖြစ်သေးဘူးဟုအမှန်သိနိုင်သော
စစ်တမ်းကြီး။**

(က) နိဗ္ဗာန်ကိုမြင်နိုင်သောမှန်ပြောင်းကြီး၊ လက်နက်ကြီး ပဂ္ဂဟနိဂ္ဂဟံ၊ သံပဟံသနာ၊ ဥပက္ခာနှင့်၊ ပဏ္ဍိတာဓိမုတ္တာ၊ ဘိရတနိဗ္ဗာန်၊ ခြောက်တန်ပြည့်မှု အကြင်သူ၊ နိဗ္ဗူမြင်ရမြဲ။ (ကျက်ရန်လင်္ကာ။)

(ခ) အနမတဂ္ဂ သံသရာလဆန်းတရက်နေ့ကစ၍ အားခဲ၍လာခဲ့သော တကယ့်လွတ်လပ်ရေးဆုကြီးကို ယခုပင် ရစ ယူစဖြစ်တော့သည်။

(ဂ) သုခယောင်ယောင်၊ အတုအပဆောင်သော ချမ်းသာတု၊ ချမ်းသာယောင်၊ အတုအပကလေးနှင့်သာ လာခဲ့ရ နောက်နောင် အတွက်လည်း၊ ချမ်းသာအတုကိုသာ၊ ရှာသွားရမည်ကား ဘဝလည်း၊ အနန္တ

ကုန်ခမ်းလှပါပြီ။ ကမ္ဘာလည်းအနန္တကုန်ခမ်းလှပါပြီ၊ ဘုရားလည်းအနန္တ ကုန်ခမ်းလှပါပြီ။ ကုန်ခမ်းလတံ့ ဘုရားဖြုန်း-ဘုရားရှုံး၊ ကမ္ဘာဖြုန်း-ကမ္ဘာရှုံး ဘဝဖြုန်း-ဘဝရှုံး၊ ကံတွေဖြုန်း-ကံတွေရှုံး နှင့်ပင် အညွှန့်လည်း တုန်းခဲ့လှလေပြီတကား။

(ဃ) သံသရာစက်ဘီးကြီးသည်၊ အဟုန်လျင်စွာနှင့် အလည်လွန်လွန်းလို့ ရပ်တန်းက ရပ်စဲအောင် မူလအရင်းအမြစ်ဖြစ်သော (၁)ဘ္ဘိုင်လာအိုးကိုပစ်ခွဲ။ (၂)ထင်းအထိုးကိုရပ်စဲ။ (၃)ထင်းထည့်ပေးသူကိုသတ်မြဲ။ (၄)ခလုပ်ဖွင့်သူကိုအကြွပ်ဆွဲပြီး မတ်တတ်ကျလဲအောင် တသတ်ထည်း သတ်ကြရမည်။

## အမှားသည်အစပင်တည်း၊ အမှန်သည် အဆုံးပင်တည်း။


ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး၌ သုံးဘုံ-သုံးဘဝ-သုံးလောကကြီး၏အစကိုရှာဖွေရာ၊ မသိမှုအဝိဇ္ဇာကိုတွေ့ရတော့၏။ မသိမှုအဝိဇ္ဇာပင် လောကအားလုံးကြီး၏အစပင်တည်း။ အဝိဇ္ဇာပစ္စယာ၊သင်္ခါရာဟူသောပါဠိကိုထောက်မြော်လေ၊အဝိဇ္ဇာဖြစ်လျှင် သံသရာစက်ကြီး တဖြုန်းဖြုန်းလည်တော့၏။

လောကကြီး၏ အဆုံးကိုရှာပြန်ရာ၊ သိမှုဝိဇ္ဇာကိုတွေ့ရတော့၏။ သိမှုဝိဇ္ဇာပင် လောကကြီး၏အဆုံးပင်တည်း။ အဝိဇ္ဇာပြတ်


လျှင်၊ သံသရာစက်ကြီးအမြန်ဆုံး ရပ်တန့်တော့၏။ (အဝိဇ္ဇာယ တွေ့ဝ အသေသဝိရာဂ နိရောဓါ သင်္ခါရ နိရောဓော။) ဟူသော ပါဠိကိုထောက်မြော်လေ။ မသိလျှင်တပတ်ပတ်သိမှ အဆုံးသတ် သည်ဟူ၍ဒီပဲချင်းဆရာတော်မိန့်ခဲ့၏။ ဘယ်သူမဆို အမှားကိုမြင် လျှင် အမှန်သို့ရောက်မြဲတည်း။ အမှန်သို့ရောက်ပါလျှင် ချမ်းသာ ရမြဲ လွတ်မြောက်ရမြဲ ဓမ္မတာပင်တည်း။

## ပဌမ ပရိယတ္တိသာသနာပြခဏ်း

သံသရာစက်ဘီးကြီး၊ အလည်ရပ်ကြစို့ရဲ့၊ လောက ဥပမာ ပြရပါလျှင် လှည်းပင်ဖြစ်စေ၊ ရထားပင်ဖြစ်စေ စက်ဘီးကြီး နှစ်ဘီးတပ်ထားမြဲတည်း။ ထိုစက်ဘီးကြီး နှစ်ခုထည်းက၊ တဘီး လောက် စက်ပျက်သွားပါလျှင် ထိုထိုလှည်းတိုင်း ထိုထိုရထား တိုင်း၊ သယ်ယူပို့ဆောင်ရေးစသော ကိစ္စအဝဝတို့ကိုမှချမပြုလုပ် နိုင်ချေ။ လှည်းကြီးရပ်ရတော့၏။ ရထားကြီး ရပ်ရတော့၏။ ခန္ဓာကိုယ်ကြီးက လှည်းရထား၊ အဝိဇ္ဇာက လှည်းဘီး စက်တခု တဏှာက လှည်းဘီးစက်တခု၊ ဤစက်ကြီးတခုခု ပျက်အောင် ဖျက်ရမည်။ စက်တခုခုပျက်လျှင် သံသရာစက်ဘီးကြီး အလည် ရပ်စဲတော့မည်။ အလည်ရပ်စဲလျှင် အဝါယ်လေးဘုံသို့ရှင်း။ အကျိုးဘဝ၊ အကဏ်းဘဝ၊ အမွဲဘဝစသောအောက်ကျ,နောက် ကျ၊ သပေါက်တမျှကဲ့သို့ ကြောက်စရာဘဝထဲသို့ ရောက်အောင် သယ်ယူပို့ဆောင်ရေးကိစ္စအဝဝတို့ ရပ်စဲပြုတ်ကွာလျက် မြေစွာ ဘုံစဉ်စံရတော့မည်။



အဝိဇ္ဇာစက်



တဏှာစက်

ပဋိစ္စသမုပ္ပါဒ် တရားတော်၌ အင်္ဂါ ၁၂၊ ၁၃-ပါးရှိရာ။ နှစ်ပုံပုံ၊ ရှေ့-၇ မျိုး၊ နောက် ၆-မျိုး၊ ၇-မျိုးက အဝိဇ္ဇာ စက်ဘီးကြီးတခုတည်း။ နောက် ၆-မျိုးက တဏှာစက်ဘီးကြီးတခုပင်တည်း။ အဝိဇ္ဇာစက်ပျက်မှ တဏှာစက်ပျက်မည်။ အဝိဇ္ဇာစက်ကို ရှေးဦးစွာ ဖျက်ရမည်။ အဝိဇ္ဇာစက်ပျက်လျှင် ပုထုဇဉ်ဘဝမှ လွတ်မြောက်၍ စူဠသောတာပန်၊ မဇ္ဈိမသောတာပန်၊ မဟာသောတာပန်ဘဝသို့ရောက်ရမည်။ ဒုတိယအကြိမ် တဏှာစက်ပျက်သွားလျှင်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဘဝသို့ရောက်ရမည်တည်း။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကပင် အဝိဇ္ဇာစက်ပဌမတဏှာစက်။ ဒုတိယ သတ်ရန်၊ မိန့်ခဲ့ပြီ။

### အဝိဇ္ဇာပဌမပျက်ရန် စက်ဘီးကြီး

| | | | | | | |
|---|---|---|---|---|---|---|
| အဝိဇ္ဇာ၊ | သင်္ခါ၊ | ဝိညာ၊ | နာမ်ရုပ်၊ | သဠာ၊ | ဖဿ၊ | ဝေဒနာ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |

အဲဒါကဒိဋ္ဌိသတ်၊ ဒိဋ္ဌိပယ်၊ စူဠ မဇ္ဈိမ၊ မဟာသောတာပန်ဖြစ်နိုင်၏။ ။

## တဏှာ ဒုတိယဖျက်ရန် စက်ဘီးကြီး

| တဏှာ၊ | ဥပါ၊ | ဘဝ၊ | ဇာတိ၊ | ဇရာ၊ | မရဏ၊ |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |

အဲဒါကတဏှာသတ်, တဏှာပယ်၊ သကဒါဂါမ်၊အနာဂါမ် ရဟန္တာဖြစ်၏။

ဒါ့ကြောင့် သဗ္ဗညု ဘုရားရှင်ကြီးကပင်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟု ပဋ္ဌမသတ်ရန် မိန့်ခဲ့ပါပြီ။

### သံသရာဖြတ်ပုံ–နည်းတဖုံ၊ ကျက်ထားရန်လင်္ကာ

| |
|---|
| အဝိဇ္ဇာကမ္ဘာမြေကြီး |
| တဏှာရေပြင် |
| ကံမျိုးစေ့ကျသန္ဓိရ |
| အဝိဇ္ဇာကမ္ဘာမြေကြီး |

အဝိဇ္ဇာမြေ၊တဏှာရေ၊ကံတွေ မျိုးကျ၊ သန္ဓိရ၏။

အဝိဇ္ဇာပျောက်၊ တဏှာခြောက် ကံပျောက်သန္ဓိပ ရ၏။

ဆိုလိုရင်းကားအဝိဇ္ဇာသည်၊ကမ္ဘာမြေကြီးနှင့်တူ၏။ တဏှာသည် ရေပြင်ကြီးနှင့်တူ။ ကုသိုလ်ကံ, အကုသိုလ် ကံ များသည်။ မျိုးစေ့များနှင့်တူ၏။ ပဋိသန္ဓေ တည်နေရခြင်းသည် အပင် ပေါက်ရောက်သည်နှင့်တူ၏။ ထို့ကြောင့်အဝိဇ္ဇာမြေကြီးရှိလို့သာ တဏှာရေပြင်ကြီး တည်တံ့နိုင်သည်။ အဝိဇ္ဇာမြေ မခံထားလျှင် တဏှာရေပြင်ကြီးနေစရာမရှိ။ တဏှာရေမတည်နိုင်လျှင်၊ ကံမျိုး စေ့ကျဘို့ရန်မရှိ စိုစွတ်, ပွရွဘို့မရချေ။ ကံမျိုးစေ့တွေကျဘို့ ရာမရှိ၊ ပွရွ,စိုစွတ်ဘို့ မရလျှင်၊ ပဋိသန္ဓေအပင် မပေါက်နိုင်ပါ၊ ပဋိသန္ဓေ အပင်မပေါက်ပါလျှင် သံသရာစက်ကြီး ရပ်စဲရပါ

တော့၏။ ဤကားသံသရာပြတ်ပုံပင်တည်း။ သံသရာစက်ကြီးရပ်ပုံကိုပြချက်တည်း။

## အတတ်ပညာနှင့် အလုပ်စည်းစိမ်ခွဲပြချက်

ဥပမာ လောကမျက်မြင်အားဖြင့် ပြရပါလျှင်၊ (က)ဟိုက်စကူးကျောင်း၊ ယူနီဘာစီတီတက္ကသိုလ်ကျောင်းသို့ သွားရောက်၍၊ အတတ်ပညာသင်ကြားရခြင်းသည်။ သုတမယဉာဏ် စခမ်းပင်တည်း။ အတတ်ပညာစခမ်းပင်တည်း။ ပရိယတ္တိသာသနာပင်တည်း။(ခ)အောင်မြင်၍ မြို့ပိုင်,ဝန်ထောက်,အရေးပိုင် စသောအလုပ်အကိုင်ကို တာဝန်ယူ၍ လုပ်ကိုင်နေခြင်းသည်၊ စိန္တာမယဉာဏ်စခမ်း, အလုပ်စခမ်း, ပဋိပတ္တိသာသနာပင်တည်း။ (ဂ)အလုပ် လုပ်၍ စည်းစိမ်ရ, ဂုဏ်ရှိ, ဂက်ရှိ ချမ်းသာပျော်ရွှင်စွာ နေရခြင်းသည်၊ဘာဝနာမယဉာဏ်စည်းစိမ်စခမ်း၊ပဋိဝေဓသာသနာပင်တည်းဟုခွဲ၍ သိကြပါကုန်။

## ဇယားပြ၍ ရှင်းလင်းချက်

| | | |
|---|---|---|
| ကျောင်းတက် ပညာသင်စဉ်။ | မြို့ပိုင်ဝန်ထောက် အရေးပိုင်လုပ်။ | စည်းစိမ်ရ ချမ်းသာပျော်ရွှင်။ |
| သုတမယ ဉာဏ်စခမ်း။ | စိန္တာမယ ဉာဏ်စခမ်း။ | ဘာဝနာမယ ဉာဏ်စခမ်း။ |
| အတတ်ပညာစခမ်း | အလုပ်စခမ်း။ | စည်းစိမ်ခံစားခမ်း။ |
| ပရိယတ္တိ သာသနာစခမ်း။ | ပဋိပတ္တိ သာသနာစခမ်း။ | ပဋိဝေဓ သာသနာစခမ်း။ |

ယခု အချိန်အခါ၌ ကကြီး, ခခွေးကိုမျှ မတတ်သေးသော

ပုဂ္ဂိုလ်များ တရားအားထုတ် နေတာကိုတွေ့ရ, မြင်ရပါသည်။ ထိုသူများသာသနာသုံးရပ်ဘယ်လိုပါရှိမည်နည်း။မေးပုံ-ဖြေအံ့ ခန္ဓာကိုယ်၌ ဒီပုံစိတ်ထား။ ဒီပုံဓါတ်ဘမ်းဟု နားလည်အောင် ဆရာကသင်ပေး၏။ သင်ပေးတိုင်း အားထုတ်ပုံ နားလည်၍ သဘောကျလျှင်အဲဒါဘဲ ပရိယတ္တိသာသနာပေါ့။နားလည်သည့် အတိုင်း၊ စိတ်ကိုချုပ်၍ ဓါတ်ရုပ်ကို ဘမ်းနေတော့၏။ အဲဒါက ပဋိပတ္တိသာသနာပေါ့။ ဘမ်းသည့်အတိုင်း ဖုံးလွှမ်းထားသော အဝိဇ္ဇာတိမ်တိုက်များပါးလွှာသွားသဖြင့်၊ ဓါတ်ကြီးလေးပါး နေ့,လ များတွေ့၏။ အဲဒါကတော့၊ ပဋိဝေဓ သာသနာပါဘဲ။ စာတလုံးမှ မတတ်ပေမဲ့ ကျင့်လျှင် သာသနာသုံးရပ် ပါဝင် တော့၏။

## ဒုတိယ ပဋိပတ္တိသာသနာပြခန်း

အဝိဇ္ဇာချုပ်ဒိဋ္ဌိပြုတ်အောင် အလုပ်လုပ်ကြစို့ရဲ့

(က) ကမ္မဋ္ဌာန်းအလုပ် အားထုတ်လိုသော ပုဂ္ဂိုလ်သည်။ ရှေးဦးစွာ ပဌမ, ဒုတိယ, တတိယ ၃-ကြိမ်စေ့အောင် ဓါတ် သွင်းအားထည့်ရမည်။ အမှာကား ဓါတ်သွင်းအားထည့်ပုံကို ဉာဏစာဂီ မဟာထေရ် ရေးသော၊ (သဘာဝဓမ္မမှန်ပြကျမ်း) ၌ ပါရှိလေပြီမချွဲလိုတော့ပါ။

(ခ) ဘုရားအရိယာ ပစ္စေကာတို့နှင့် ဓါတ်ချင်းဆက်၍၊ အရှိန်, အဟုန်ကို ယူရမည်။ အမှာကား ဓါတ်ဆက်ပုံကို ဉာဏစာဂီမဟာထေရ် ရေးသော၊(သဘာဝဓမ္မမှန်ပြကျမ်း) ၌ ပါရှိပြီးဖြစ်၍မချွဲလိုတော့ပါ။ စာအုပ်ကြီးမည်စိုးရိမ်ရပါသည်။

(၈) သဗ္ဗညုဘုရားရှင် စသော ၁၃-ဌာနတို့၏ ဂုဏ်ကို အာရုံပြု၍ သစ္စာဆိုရမည်။ အဓိဋ္ဌာန်ပြုရမည်။ မေတ္တာပွါးရမည်။

**သစ္စာပြုပုံကား။** ။မြတ်စွာဘုရား အစရှိသော ၁၃-ဌာန အားလုံးချည်းတို့သည်။ မကောင်းတာ မှန်သမျှ အနန္တတို့မှ လွှတ်မြောက်တော်မူကြကုန်ပြီ။ ကောင်းတာတွေမှန်သမျှ အနန္တ တို့ကို လက်ရှိရတော်မူကြကုန်ပြီ။ ဤသို့မှန်ကန်လေးနက်သော သစ္စာစကားကိုဆိုပါကုန်၏။ ဤအမှန်ဆုံးသော သစ္စာစကား ကြောင့် မကောင်းတာတွေ အားလုံးတို့မှ ဘုရားများလွှတ် မြောက်ကြသလို လွှတ်မြောက် ရပါစေသတည်း။ ကောင်း တာတွေမှန်သမျှအနန္တတို့ကိုဘုရားများ ရသလိုရပါစေသတည်း။ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတို့ကို ယခုပင် ရပါစေ သတည်း၊ အရှင်မြတ်ကြီးတို့ဘုရား။

**အဓိဋ္ဌာန်ပြုပုံကား။** ။မြတ်စွာဘုရား အစရှိသော၊ ၁၃-ဌာနအားလုံးချည်းတို့သည်၊ အရာရာ၌ပင် အဓိဋ္ဌာန် ပြုတော်မူ ကြကုန်၏။ အကျွန်ုပ်သည်လည်း၊ ၁၅-မိနစ်ခန့် အဓိဋ္ဌာန်ထား ၍၊ ပူဇော်သောအားဖြင့် အားထုတ်ပါ၏။ ဤအဓိဋ္ဌာန် ပါရမီ ကြောင့်၊ မကောင်းတာ အားလုံးမှ ဘုရားများ လွှတ်မြောက် ကြသလို လွှတ်မြောက်ရပါစေသတည်း။ ကောင်းတာတွေ မှန် သမျှအနန္တတို့ကို၊ ဘုရားများရသလို ရရှိပါစေသတည်း။ မဂ် တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတို့ကို ယခုပင် ရရှိပါစေ သတည်း။ အရှင်မြတ်ကြီးတို့ဘုရား။

**မေတ္တာပွါးများပုံကား။** ။မြတ်စွာဘုရား အစရှိသော

၁၃–ဋ္ဌာနအားလုံးချည်းတို့၏စိတ်ဆန္ဒတို့ကို ဖြည့်၍ အေးအောင် ငွေးအောင်, ပြုံးအောင်, နှစ်သက်အောင်, စိတ်ကြည်အောင် တရားကိုအားထုတ်ပါကုန်၏။ အားလုံးချည်းတို့အား၊ ဘေးမဲ့ ပေးလှူပါကုန်၏။ ဤမေတ္တာတို့ကြောင့်၊မကောင်းတာအားလုံး ချည်းတို့မှ ဘုရားများ လွတ်မြောက်ကြသလို လွတ်မြောက်ရပါ စေသတည်း။ ကောင်းတာတွေမှန်သမျှ အနန္တတို့ကို ဘုရားများ ရသလိုရရှိပါစေသတည်း။ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရား တို့ကိုယခုပင် ရရှိပါစေသတည်း။အရှင်မြတ်ကြီးတို့ဘုရား။

(ဃ) အဝိဇ္ဇာချုပ် ဒိဋ္ဌိပြုတ်ရန်၊ အလုပ်, လုပ်ပုံကား ကမ္မဋ္ဌာန်း ထိုင်နည်းအတိုင်းထိုင်၍ လက်နှစ်ဘက်ကို တင်ပလ္လင်ခွေပေါ်၌ထပ်ပြီးတင်လျက် ကိုယ်ကိုမကိုင်းမညွတ်စေဘဲ တည့်မတ်စွာချမ်းသာသလိုထားရမည်။ အသက်ရှုကြပ်အောင်အားစိုက်၍ မထားရ၊ ညွစ်၍မထားရ၊ အလိုက်သင့်ကလေး ထားရမည်။ ၁၅–မိနစ်ခန့်အဓိဋ္ဌာန်ထား၍ထိုင်ရမည်။ သတိကောင်းစွာထား နိုင်ပါလျှင်၊ရုပ်ခေါက်,နာမ်ခေါက်ကိုမုချတွေ့ရမည်ဟု၊ ယုံယုံ,ကြည်ကြည်၊ လိုလို,ချင်ချင်ဖြစ်စေ၍ မျက်စိကိုမှိတ်လျက် မိမိရင်ချိုင့်၌ စိတ်ကိုထား၍ရှုရမည်။ သို့မဟုတ်ငယ်ထိပ်၌ ဒင်္ဂါးတကွက်စာမျှ လောက်ရှိသောအရပ်၌ စိတ်ကိုထား၍ရှုရမည်။ သို့မဟုတ် ခန္ဓာကိုယ်တွင် မိမိကြိုက်နှစ်သက်ရာအရပ်၌ စိတ်ကိုထား၍ ရှုရမည်။ ဘာကိုမျှမတွေးနှင့်၊ မကြံစည်နှင့်၊ ရပြီးသားစာတွေကို ရွတ်၍ မနေနှင့်၊ အရင်ကကြားဘူးနားဝရှိတာတွေကို အကုန်ပယ်ထားပါ။ ခန္ဓာကိုယ်အသားထဲက ပူ၍ပေါ်,ချွေပေါ်သော တေဇော

ဓါတ်ကိုင်း။ စေးထန်း, စေးထန်းနှင့် ပေါ်သော အာပေါ ဓါတ်ကိုင်း၊လှုပ်ရှား ယိမ်းယိုင်လျက်ပေါ်သော ဝါယောဓါတ် ကိုင်း။ တောင့်ချည်-တင်းချည်၊ ထိုင်းမှိုင်း,လေးလံ ထူထဲလျက် ပေါ်သော ပထဝီဓါတ်ကိုင်း။ ပေါ်တိုင်းပေါ်တိုင်း စိတ်ဖြင့် သိသိနေရမည်။ရွရွဖြစ်စေ မွမွဖြစ်စေ ကြွကြွဖြစ်စေ ပွပွဖြစ်စေ ခေါင်းကြီးလျက်ဖြစ်စေ ရင်ထဲက ဒိတ်ဒိတ်ဖြစ်စေ၊ လှုပ်လှုပ် ဖြစ်စေ၊ တွေ့ရမည်။ တွေ့သမျှကား၊ ရုပ်ဓါတ်-ပရမတ်ချည်းဘဲ ဟုမှတ်၊ စိတ်က သိရသမျှကား၊ နာမ်ဓါတ်, ပရမတ်ချည်းဘဲ ဟုမှတ်။

## ဤ နေ ရာ ၌ စာ သား ကို ခေ တ္တ ရပ် တန့် ၍ ငါအရိယာဖြစ်ပြီလား ပဋ္ဌမစစ်တမ်း

ငါသည်အရိယာ ဖြစ်ပြီလားဟု စစ်တမ်းထုတ်၍ ကြည့်လို သော်၊ အောက်ပါစာသားအတိုင်း စစ်တမ်းထုတ်၍ ကြည့် ပါကုန်။ ဤစာသားကပင် စိတ်ကိုကြေနပ်ပါစေမည်၊ ဤလို ရုပ်နှင့်နာမ်ကွဲလျက် အလိုလိုပေါ်လာလိမ့်မည်။ အလိုလိုပေါ် တာကအနတ္တပါဘဲ။ ဥပမာလက်ဖျားက ရွရွ.မွမွ၊ တဒိတ်တ်ဒိနှင့် ဓါတ်ရုပ်ပေါ်နေ၏။ ဝမ်းထဲ၌ရှိသောစိတ်က သိသိနေ၏။ ထိုရွရွ နှင့်သိသိနေသော စိတ်နာမ်ကား၊ တတောင့်ထွာ နှစ်တောင် လောက်ဝေးကွာနေပေရာ၊ ရုပ်တခြား, နာမ်တခြား ကွဲသဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်စခမ်းသို့၊ တန်းတန်း,မတ်မတ်၊ ဆိုက် ရောက်တော့၏။သက္ကာယဒိဋ္ဌိကြီးကွာတော့၏၊နာမရူပပရိစ္ဆေဒ

**နှ** **သက္ကာယဒိဋ္ဌိယာပဟီနံဟောတိ**။ ဟူသောသံယုတ် ပါဠိတော်နှင့်အညီ၊ သက္ကာယဒိဋ္ဌိပြုတ်၍ စူဠသောတာပန်ဖြစ်၏။ အရိယာအငယ်စားဖြစ်တော့၏။ ပုထုဇဉ်ပျောက် အပါယ်တံခါး ပိတ်သဖြင့် ဆင်းရဲသံသရာကြီး ပြတ်တောက်ရှာတော့၏။ ဘုံစဉ်စံဘဝသို့ လှုလှုကြီး ဧမြေမြနှင့် ရောက်ရရှာတော့၏။ အားတက်စရာပင်၊ ဝမ်းမြောက်စရာပင်တည်း။

အတောက်ကား--

ဧဝံသန္တေ ဧဝံသန္တေ သလ္လက္ခေတွာ ဋ္ဌိတဿပန ဘိက္ခုနော ဒဿဗလဿ၊ သာသနေမူလံ ဩတိဏ္ဏ နာမဟောတိ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိကော စူဠသောတာပန္နော နာမ။ ။

ဟူသော ဝိဘင်းအဋ္ဌကထာ ဗျာဒိတ်ပေးထားခဲ့ပုံ အတိုင်းဝမ်းမြောက်စရာ ဘဝသို့ ဆိုက်ရောက်ချေပြီ။ လိုရင်းချုပ်ကား, မတ်ကြီးလေးပါးတွေ့လျှင် သင်္ခါရရုပ်နာမ်ကိုမြင်ပြီ။

(၁) ဘုရားသခင်၏ သာသနာတော်၌၊ သာသနာ ရေသောက်မြစ်ကြီး တွယ်၍နေပါပြီ။ ယနေ့ကစ၍ နိဗ္ဗာန်အထိသာသနာမကွယ်တော့ပြီ။ ဘုရားသစ်, တရားသစ်, သံဃာသစ်, ဆရာသစ်, ရှာစရာမလိုတော့ပြီ။

(၂) သိဒ္ဓိကြီး ၉-ပါးကိုလက်ကိုင်ရသဖြင့်၊ တသံသရာလုံးသက်သာရာကြီးရရှိခဲ့ပါပြီ။

(၃) ရုပ်စီး, နာမ်စီး၊ အနိစ္စယာဉ် ကြောစီးပြီးသား ဒုက္ခ

ယာဉ်စကြာကြီး စီးပြီးသား၊ အနုတ္တယာဉ်စကြာကြီး စီးပြီးသားဖြစ်ပြီမို့၊ တသံသရာလုံးဆောက်တည်ရာ ရရှိခဲ့ပါပြီ။

(၄) ဒုဂ္ဂတိလမ်းမှ လွှဲနိုင်သဖြင့် သုဂတိလမ်း ဘုံစဉ်စံ ဘဝလည်း၊ မြဲပါတော့ပြီ။

(၅) စူဠသောတာပန်အရိယာအငယ်စားဘဝသို့လှလှ ပပ ဧ့မြဲမြကြီးရောက်ရှိခဲ့ပါပြီ။ရင်းပါဋ္ဌိ၏လိုရင်းအဓိပ္ပါယ်တည်း။

ငါသည်၊ အရိယာဖြစ်ပြီလား ဟူသောယုံမှားချက်ကို ယခုရေး၍ ပြီးစဖြစ်သော အဆုံးနှင့်အစ၊ စာကြောင်း-၂၀ မျှကို ပြန်၍အထပ်ထပ် သုံးသပ်တတ်ရုံနှင့်ပင် ယုံမှားပျောက်၍အလင်းရောက်ပါလိမ့်မည်။ အခေါက်-၂၀၊ လောက်ပြန်၍ဘတ်ကြပါ။

## တတိယ ပဋ္ဌိဝေဓသောသနာပြခဏ်း

အဆင့်ဆင့်တက်တက်နေပုံ။ ။ပဋ္ဌိဝေဓ ဆိုတာ၊ ဥက္ကဋ္ဌ ပရိစ္ဆေဒအားဖြင့်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုဆိုပါသည်။ မဇ္ဈိမပရိစ္ဆေဒ အားဖြင့်၊ ဉာဏ်စဉ်ဆယ်ပါးကို ဆိုပါသည်။ ဟိန ပရိစ္ဆေဒ အားဖြင့်မူကား၊ ပထဝီဓါတ် ၁၃-မျိုးတို့ အသားထဲကအနုတ္တ အနေဖြင့်ပေါ်ပုံ။ ဝါယောဓါတ် ၁၁-မျိုးတို့ အသားထဲက အလိုလို အနုတ္တအနေဖြင့် ပေါ်ပုံ။ တေဇောဓါတ် ၆-မျိုးတို့ အသားထဲက အလိုလို အနုတ္တအနေဖြင့်ပေါ်ပုံ။ အာပေါဓါတ် ၂-မျိုးတို့ အသားထဲကအလိုလို အနုတ္တအနေဖြင့် ပေါ်ပုံ။ရုပ်ပေါ်, နာမ်ပေါ်, ပရမတ်ပေါ်, ပညတ်ပေါ်, ကလာပ်ပေါ် အာကာသပေါ်, အနိစ္စပေါ်, ဒုက္ခပေါ်, အနုတ္တပေါ် စသော

အဆင့်ဆင့် တက်တက် နေပုံတို့ကိုပါ။ ပဋိဝေဓ သာသနာဟု ၃-မျိုးခွဲခြား၍ ခေါ်ဆိုရပါသည်။ သတိရှိကြပါကုန်။

ပဋိဝေဓသာသနာ အငယ်စား အဆင့်ဆင့် မြင့်တက်မြင့်၍ တက်တက်နေပုံကား၊ ကမ္မဋ္ဌာန်းထိုင်ရင်းပင် တည်ကြည်နေလျှင် သမာဓိရပါလျှင်၊ သမထစခမ်းအောင်ပန်းရပါပြီ၊ တဆင့်တက်။

တည်ကြည်တာက ကုသိုလ်၊ တခြားသို့ စိတ်ရောက်သွားတာက၊ အကုသိုလ်ဟု ကုသိုလ်နှင့် အကုသိုလ်ခြားနေပုံ၊ ကွဲနေပုံ စစ်တိုက်နေပုံကိုတွေ့တော့၏။ ၂-ဆင့်တက်ပြီ။

ဤပုံဖြစ်နေတော့ကာ၊ ပုထုဇ္ဇနော ဥမ္မတ္တကော၊ ကို သဘော မိလိုက်တော့၏။ ၃-ဆင့်တက်ပြီ။

အသားထဲက သူ့ဖါသာသူ အလိုလိုပင် ဓါတ်ကြီး ၄-ပါး တခုခုတွေ့ရချက်က ဓါတ်ပရမတ် တွေ့ပါဘဲ။ အပြင်မှ အလင်းရောင်တို့ကို မြင်ရခြင်းက ပညတ်တွေ့ပါဘဲ။ ဤလိုပညတ်နှင့် ပရမတ်ခွဲ၍ ကိုယ်တွေ့သိရခြင်းက ၄-ဆင့်တက်ပါပြီ။

## လက်ဲ့ကျက်ရန်ကား

(မရှိဒါသိ၊ ရှိဒါသိ၊ ဒိဋ္ဌိပျောက်ကြောင်းသာ။)

ဍင်းလက်ဲ့နှင့် ညီညွတ်လှ၏။ ထိုနောက် တွေ့ခဲ့ရသော တွေ့နေပုံတုန်းဓါတ်ကြီး ၄-ပါးတို့ဟာ၊ ဖြစ်ပျက်၊ ဖြစ်ပျက်နှင့် နေတာကိုတွေ့ရ၏။ အနိစ္စဝိဇ္ဇာ ၅-ဆင့်တက်။

ဓါတ်ကြီး ၄-ပါးတို့ပျက်သော၊ပြုန်းသေး၊ဆုံးသော၊ ချုပ်သော ပျောက်သော၊ကုန်သောနှင့် တသေထဲသေလို့ချည်း နေသော ဓါတ်

မရဏာသေချင်းဆိုးဒုက္ခကြီးကို တွေ့ရ၏။ဒုက္ခဝိဇ္ဇာ ၆ ဆင့်တက်။

ဓါတ်ကြီး ၄-ပါးတို့မဖြစ်ချင်လဲမနေရ၊ မပျက်ချင်လဲမနေရ ဆဲ့မရ, တားမရ, ဆီးမရ, ယူမရ, သူ့သဘောအတိုင်း သူဖြစ် နေသော၊ အလိုမလိုက်ပုံ၊ အစိုးမရပုံကို တွေ့ရ၏။ အနတ္တဝိဇ္ဇာ ၇-ဆင့်တက်။

ဖြစ်ပျက်‚ဖြစ်ပျက်နှင့်တသဘောတည်း၊တွေ့ရသဖြင့် ဥစ္ဆေဒ ဒိဋ္ဌိကြီးပြုတ်၍ ကေတ္တနည်းသို့ ရောက်တော့၏။ ၈-ဆင့်တက်။

ဖြစ်ပျက်အစဉ်ကြီးကို တွေ့ရသဖြင့် ရှေးရှေးဖြစ်ပျက် ရုပ်နှင့် နောက်နောက် ဖြစ်ပျက်ရုပ်ကား၊ တခြားစီဘဲဟု မုချတွေ့မြင်ရာ သဿတဒိဋ္ဌိကြီးပြုတ်၍ နာနတ္တနည်းသို့ ဆိုက်ရောက် တော့၏။ ၉-ဆင့်တက်။

ဤဖြစ်ပျက် အစဉ်ကြီးသည်၊ လူ, နတ်, ဗြဟ္မာ, ဖန်ဆင်း၍ မဟုတ်၊ ကံ, စိတ်, ဥတု, အာဟာရကြောင့်သာ ဖြစ်နေတာဘဲဟု ကောန်သိရသဖြင့်၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိပြုတ်၍ အဗျာပါရ နည်းသို့ဆိုက်ရောက်တော့၏။ ၁၀-ဆင့်တက်။

ဖြစ်ပျက်အစဉ်ကြီးသည်၊သူ့သဘာဝ ဓမ္မတာအတိုင်းဖြစ်နေ တာကိုအဟုတ်တွေ့ရသဖြင့်၊ အကြိယဒိဋ္ဌိကြီးပြုတ်၍။ ဝေ်ဓမ္မတာ နည်းသို့ဆိုက်ရောက်တော့၏။ ၁၁-ဆင့်တက်။

ထို့နောက်မှာကား၊ မဇ္ဈိမ ပဋိပဒါသောသနာစခမ်းအတိုင်း ဉာဏ်စဉ် ၁၀-ပါးအတိုင်းတက်၍ အဆင့်ဆင့် တက်ရောက်နေ

တော့၏။ ထို့နောက် ဥက္ကဋ္ဌပဋိဝေဓသောသနာအတိုင်း၊ မဂ်ဖိုလ် နိဗ္ဗာန်အဆုံးတိုင်ခအောင် တက်ရောက် နိုင်တော့၏။ ဤကား နတ်လမ်းညွှန်ပင်တည်း။

## ဒုတိယစစ်တမ်း

ငါသည်၊ အရိယာဖြစ်ပြီလား ဟူသော အလုံး အခဲ ကို ဤလက်ဘဖြင့် ကြိတ်ချေလော့။

(က) ဓါတ်ကိုမိမိ၊ မြင်အောင်ကြည့်၊ ဒိဋ္ဌိကွာကုန်လတ်။
(ခ) ဓါတ်ကိုတွေ့ပြန် သောတာပန်၊ ခေါ်ရန်အစစ်မှတ်။
(ဂ) ဓါတ်ကို တွေ့ငြား၊ အပါယ် တံခါး၊ ပိတ် သွား ခဲ့ပြီမှတ်။
(ဃ) လူ့, နတ်, ပြဟ္မာ ဆက်ဆက်သာ ရောက်ရှာတော့ မည်မှတ်။
(င) မကောင်းမှန်က ခဝါချ၊ဘုန်းကတောက်မည်မှတ်။
(စ) တက် ချင် တိုင်း တက်၊ အဆက် ဆက်၊ ဘဝဂ် နိဗ္ဗာန်မှတ်။
(ဆ) အကျမရှိ၊ တိုးတက်ဘိ၊ ဓါတ်မိ တန်ခိုးမှတ်။
(ဇ) ပဋိစ္စသမုပ္ပါဒ်၊ ၁၂-ရပ်၊ ခွဲလတ်အကျင့်မှန်။
(ဈ) အဝိဇ္ဇာစက်၊ တဏှာစက်၊ ရှေးစက်ပြုတ်အောင်နှ ံ။
(ည) အဝိဇ္ဇာပြုတ်၊ ဒိဋ္ဌိပြုတ်၊ အဟုတ် ဓါတ်ပေါ်ပြန်။
(ဋ) ဓါတ်ပေါ်ပါမှ၊ သက္ကာယ၊ ပြုတ်ကျအစစ်မှန်။
(ဌ) ဉာဏ် တွေ့ လည်း ဟုတ်၊ ကိုယ်တွေ့ဟုတ် အချုပ် သောတာပန်။

အထောက်ပါဋ္ဌိကား၊ (ပဋ္ဌဝီဓါတ်ုခေါ်ရာဟူလာ၊ အနိစ္စတော၊ ဇာနတော၊ ပဲဿတော၊ သက္ကာယဒိဋ္ဌိယာ ဝိစိကိစ္ဆ ပဇဟာတိ။) သံယုတ်။ (ပထဝီဓါတုယာ၊ အာပေါဓါတုယာ၊ ဝါယောဓါတုယာ၊ တေဇောဓါတုယာ၊ ယောဇာနာတိ၊ ယော ပဿတိ၊ နတ္တေဝသောနိရယံဝါ၊ တိရစ္ဆာနယောနိယံဝါ၊ ပေတ္တိ ဝိသယံဝါအသုရကာယယောနိယံဝါဂစ္ဆတိ။)အင်္ဂုတ္တိုရ် (အပတိ ဌေ အနာလမ္ဘေ၊ သေခေါဂမ္ဘီရေ နသီဒတိ။) သံယုတ်။

ဤပါဋ္ဌိ ၃–ပုဒ်ကိုထောက်၍ စူဠသောတာပန် အရိယာ ဖြစ်ပုံ။ အပါယ်တံခါးပိတ်သွားပုံ။ ဆင်းရဲသံသရာကြီး ပြတ်စဲ သွားပုံ၊ ဘုံစဉ်စံ၍တက်တက်သွားပုံ၊ အကျမရှိပုံတို့ကို ယုံကြည် ကြပါကုန်။

(နာမရူပ ပရိစ္ဆေဒေန။) ပါဋ္ဌိထည့်လျှင် အထောက် ၄–ပုဒ် ရှိ၏။

## တတိယစစ်တမ်းကြီး

### ငါသည်အရိယာဖြစ်ပြီးလားဟု စစ်ဆေးကြည့်လျှင် ဖြစ်မှုန်း မဖြစ်မှုန်း သိနိုင်သောစစ်တမ်းကြီး

၁၁။ သုတမယအစွမ်းပြအစပဌမစူဠသောတာပန်ဖြစ်ပုံနှင့် အပါယ်တံခါးပိတ်သွားပုံ၊ ဆင်းရဲသံသရာပြတ်ပုံကို ပြဦးအံ့။

လင်္ကာ။ ။ခန္ဓ၊ဓါတ်၊အာ၊စ၊သဘောကျ၊ သောတာစူဠသာ သောတာစူဠ ဖြစ်လေက မကျအပါယ်ရွာ။

ယထာဘူတာ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပါဠိ။) ခန္ဓာ ၅-ပါး။ အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါး။ သစ္စာ-၄ ပါး ဤတရားအစုကို ကျက်မှတ် သင်အံသဖြင့်၊ သဘောကျကျ အဓိပ္ပါယ်ရရ စိတ်ချချနှင့်ယုံမှားကင်းနေသောသူသည်သုတမယ ဉာဏ်လောကနှင့်ပင်ကလျာဏပုထုဇဉ်ဘွဲ့ထူး၊ စူဠသောတာပန်ဘွဲ့ ထူး၊ အရိယာဘွဲ့ထူးကိုရရှိ၍ အပါယ်ကျ သက်သာပြီ၊ ဆင်းရဲ သံသရာပြတ်သင့်သမျှပြတ်စဲပြီ။

လင်္ကာ။ ။ခန်, ဓါ, အာ, ပစ်၊ သင်ဉာဏ်ဖြစ်၊ တားမြစ် ဒိဋ္ဌိသာ။

ခန္ဓာ ၅-ပါး၊ ဓါတ် ၁၈-ပါး၊ အာယတန ၁၂-ပါး၊ ပဋိစ္စသမုပ္ပါဒ်၁၂-ပါး၊ ဤတရားစုကို ကျက်မှတ် သင်အံ သဖြင့် သဘောကျကျ အဓိပ္ပါယ်ရရ စိတ်ချချနှင့်ယုံမှားကင်းနေသော သူသည်၊ သုတမယဉာဏ်လောကနှင့်ပင်၊ သက္ကာယဒိဋ္ဌိကိုတားမြစ် နိုင်ပြီဖြစ်၍ အရိယာဘွဲ့ထူးရရှိတော့၏။

ယဿဟိခန္ဓာဓါတု၊ အာယတနပစ္စယာကာရ သတိပဋ္ဌာ

နဒိသု ဥဂ္ဂဟပရိပုစ္ဆာ ဝိနိစ္ဆယရဟိ တတ္တာဒိဋ္ဌိပဋိသေဓ ကော၊ နေဝအာဂမော။ (အဋ္ဌသာလိနီအဋ္ဌကထာ။) ၃၅၉-၂၅ ကစ၍၊ ၃၆၇-၂၄ အထိ သက်သေပြခဲ့လေပြီ။ အနက်ကား၊ ဟိ မှန်လှ၏။ ယဿ၊ အကြင်သူအား။ ခန္ဓာဓါတုအာယတနပစ္စယာ ကာရ၊ သတိပဋ္ဌာနာဒိသု၊ ခန္ဓာ ၅-ပါး။ ဓါတ် ၁၈-ပါး။ အာယ တန ၁၂-ပါး။ ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး။ သတိပဋ္ဌာန် ၄-ပါး။ စသည်တို့၌၊ ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယရဟိတတ္တာ။ သင်ခြင်း, မေး

မြန်းခြင်း ဆုံးဖြတ်ခြင်းမှ ကင်းသည်၏ အဖြစ်ကြောင့်၊ ဒိဋ္ဌိပဒ္ဓိ သေဓကော၊ သက္ကာယဒိဋ္ဌိကို တားမြစ်နိုင်သော။ အာဂမော၊ အာဂုမ်ပါဋ္ဌိသည်။ နေအတ္တိ၊ မရှိချေ။ အဓိပ္ပါယ်ကို ရေးခဲ့ပြီး အတိုင်းယူပါကုန်။ ဤကား သုတမယဉာဏ်၊ သင်ကြားသိသမျှ စုဋ္ဌသောတာပန်ဖြစ်ပုံ၊ သက္ကာယဒိဋ္ဌိကိုတွန်းလှန် တားဆီးပိတ် ပင်ပုံကိုပြခဲ့သည်။

ရုပ်,နာမ်သံကြား မောင်ပုဏ္ဏား၊ ရောက်သွား နတ်တို့ပြည်။
နှစ်ဆူဘုရား ကပ်အများ၊ လွတ်သွားအပါယ်ပြည်။
နတ်ပြည်မှဆို၊ ရာဇဂြိုဟ်၊ သုံးဖိုလ်ရောက်ခဲ့သည်။

ကဿပဘုရားလက်ထက်တော်၌ လင်မယား ၂-ဦးတို့သည်။ သူတပါးပြောသော ရုပ်သံ,နာမ်သံကို မသဒ္ဓါရေစာ၊ ကြားရုံမျှ ဖြင့် အပါယ်မှလွတ်၍ နှစ်ဆူအကြား၊ အန္တရကပ်ကြီးကာလပတ် လုံးနတ်ပြည်၌သာစုန်ကာဆန်ကာနေ၍ဘုရားပွင့်လျှင် ရာဇဂြိုဟ် ပြည်၌၊ ပဥ္စဂ္ဂပုဏ္ဏားလင်မယားဖြစ်ကြ၍ဘုရားရှင်လာရောက်ပြီး ရုပ်နာမ်ကိုဟောလျှင် မကျင့်ရဘဲ၊ အနာဂါမိဖိုလ်အထိ ရောက် ကြလေသည်။

ဣမေဒွေဇနာကဿပ သမ္မာသမ္ဗုဒ္ဓကာလေ၊ နာမရူပန္တိ ဝဒန္တာနံ၊ကထံ သုဏိံသု။ (ဓမ္မပဒအဋ္ဌကထာ။) ဒုအုပ် ၃၆၈–၂၄။ ဣမေဒွေဇနာ'ရုပ်နာမ်သံကြားအထုံပွါးတဲ့ဤပုဏ္ဏားလင်မယား နှစ်ယောက်တို့သည်။ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ၊ ကဿပဘုရား ပွင့်လာငြားရ၍ တရားဟောသော လက်ထက်တော်၌၊ နာမရူပန္တိ

သိဒ္ဓါက နာမ်တရား၊ပူဒေါက ရုပ်တရားဟူ၍။ ဝဒန္တာနံ၊သာယာ
ငြိမ့်သဘောစိမ့်ခအောင်ဟောမိန့်ကြကုန်သော သူတော်ကောင်း
တို့၏။ ကထံ၊ ရုပ်နာမ်နှင့်စပ်အထက်ရုပ်သို့ ဆဲ့တက်သောပရမတ်
စကားကို။ သုဏိ သု၊ ဖါသာနေကာ သဘောခြားသော်လည်း။
မသဒ္ဒါရေစာ၊ ဇောတရားတို့ကို ဟောကြားတိုင်း ကြားကြလေ
ကုန်သတည်း။ ရုပ်နာမ်သံကြားရရုံနှင့် အပါယ်တံခါး ပိတ်ပုံ
ဆင်းရဲသံသရာပြတ်ပုံ, အနာဂါမ် တည်ကြပုံကို သိပါကုန်။

**စိန္တာမယအစွမ်းပြ။** ။စူဠပန်မထေရ် အလောင်း သည်။
ဗာရာဏသီမင်းဖြစ်စဉ်က၊ ပြည်ကိုလှည့်လည်သည်တွင်၊ နေပူရှိန်
ခ၍ချွေးကျ၏။ မျက်နှာကိုပုဝါဖြင့်သုတ်ရာ၊ ပုဝါ၌ချွေးညှော်
ကပ်သည်ကိုမြင်၍ မမြဲပါတကားဟု၊ အနိစ္စထင်ဘူး၏။ ဤအနိစ္စ
အဟုန်ကြောင့် နတ်ဘုံ၌ အကြိမ်ကြိမ်ဖြစ်၍ စူဠပန် သူငွေးဖြစ်
သောအခါ၊ပုဝါစုတ်ကလေးကို ပွတ်သပ်ရင်း(ရဇောဟရဏံ)ဟု
စီးဖြန်းစဉ် လေးမဂ်, လေးဖိုလ် ပဋိသမ္ဘိဒါကိုပါ ရတော့၏။
ကိုယ်ထဲက ရုပ်နာမ်ကိုမတွေ့ဘဲနှင့် အတွေးအနိစ္စတောင်မှ လွတ်
လပ်ရေးကြီးရရှိသွားလေပြီ။အားတက်စရာပင်တည်း။ကိုယ်တွေ့
တွေ့ပါလျှင်ဆိုဘွယ်မရှိ။

**လင်္ကာ။** ။စူဠပန်ပင် မင်းဖြစ်စဉ်၊ သုတ်လျှင်မြပုဝါ။
ချွေးညှော်တင်က အနိစ္စ၊ ထင်ရလေတော့သာ။
နတ်ပြည်,မင်္ဂဖိုလ်, ရက်တိုတို၊ ကြည်ညိုရောက်ရရှာ။

ဗာဝရီပုဏ္ဏားကျော် အလောင်းတော်၏တပည့်သားတို့သည်

ကဿပဘုရား ပွင့်သံကြား၍ အရောက်သွားကြရာ၊ ပရိနိဗ္ဗာန် စံပြီးမှရောက်သဖြင့်၊ မတွေ့ရကုန်။ ဩြော်....ဒါလောက်တောင် တန်ခိုးကြီးမားလှတဲ့ ဘုရားသော်မှ မမြဲပါတကားဟု စိန္တာမယ ဉာဏ်ဖြင့် အနိစ္စထင်ကြရာ ဤအနိစ္စက အပါယ် မကျစေဘဲ၊ နတ်ဘဝ၌အကြိမ်ကြိမ်ဖြစ်စေပြီးမှ၊ ဗာဝရီဆရာနှင့်တကွ၊ တပည့် ငါးသောင်းတို့ရဟန္တာ ဖြစ်ကြရလေသည်။ အားတက်စရာ။

(လင်္ကာ) ပုဏ္ဏားဗာဝရီ တပ်ဘော်ချီ၊ သွားပြီဘုရားထံ။
မတွေ့ပါမှ အနိစ္စ၊ စိတ်ကအမြဲကြံ။
လူပြည့်,နတ်ပြည် စုန်ဆန်လည် ရောက်ပြီ ဖိုလ်
၄–တန်။ ။

**ဘာဝနာမယအစွမ်းပြ။** ။သုတမယ, စိန္တာမယ,ရုပ်နာမ်မျှ ပင်၊ ဤမျှလောက် အစွမ်းပြနိုင်သေးလျှင် ဘာဝနာမယဖြင့်၊ အသားထဲက တွေ့ရသောရုပ်နာမ် အနိစ္စ,ဒုက္ခ, အနတ္တတို့ကားဆို ဘွယ်ရာမရှိ။ အစိန္တေယျ၊ အပ္ပမေယျ၊အသင်္ချေယျ၊အနန္တ၊အပရိ မာဏ၊ အပရိစ္ဆိန္န လောက် အကျိုး ရောက် ရတော့အံ့ဟု ဝမ်း မြောက်ကြပါကုန်၊ ဝမ်းသာကြပါကုန်၊ အားတက်ကြပါကုန်။

## သက္ကာယဒိဋ္ဌိကွာပုံ အလင်းပြ (ပဌမ)

သက္ကာယဒိဋ္ဌိ စွဲလန်းတယ်ဆိုတာ၊ ရုပ်ကို ငါမှတ်၊ သူမှတ်၊ လူမှတ်၊ ဗြဟ္မာမှတ်၊ ပုဂ္ဂိုလ်မှတ်၊ သတ္တဝါမှတ်၊ အတုံးမှတ်၊ အခဲ မှတ်၊ အစိုင်မှတ်၊ အဖြုံးမှတ်၊ အမှုန့်မှတ်၊ အမည်မှတ်၊ သဏ္ဌာန် မှတ်၊ အရိပ်မှတ် အရောင်မှတ်ထင်၍ ၁၆–ခုတွင် တခုခုဖြင့်အထင်

မှားအမြင်မှားခြင်းကိုသက္ကာယဒိဋ္ဌိစွဲတယ်၊သက္ကာယဒိဋ္ဌိဖြစ်တယ် မကွာဘူး, မပြုတ်ဘူးဟု ခေါ်ဝေါ်ကြရှိ၏။ ၎င်းနည်းအတူပင်၊ နာမ်ကိုလည်း ငါ, သူ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, တုံး, ခဲ, စိုင်, ဖြုံး, မှုန့်, အမည်, သဏ္ဌာန်, အရိပ်အရောင် ၁၆-ဖြင့် ထင်မှား၊ မြင်မှား၊ ယူမှားကြ၏။ အဲဒါလဲသက္ကာယဒိဋ္ဌိမကွာပုံတည်း။ ပရမတ်ကိုလည်း၊ ငါ, သူ, လူ, နတ်,ဗြဟ္မာ ပုဂ္ဂိုလ်, သတ္တဝါ, တုံး, ခဲ, စိုင်, ဖြုံး, မှုန့်, အမည်, သဏ္ဌာန် အရိပ်အရောင်, ၁၆-ဖြင့် ထင်မှား မြင်မှား အယူမှားကြ၏။ အဲဒါလဲ သက္ကာယဒိဋ္ဌိ မကွာပုံတည်း။ပညတ် ၅-ပါးကိုလည်း၊ ငါ၊ သူ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ တုံး၊ ခဲ၊စိုင် ဖြုံး၊မှုန့်၊ အမည်၊ သဏ္ဌာန်၊ အရိပ်အရောင်၊၁၆-ပါးဖြင့်၊ထင်မှား၊မြင်မှား အယူမှားကြ၏။အဲဒါလဲ သက္ကာယဒိဋ္ဌိမကွာပုံတည်း။

### သက္ကာယဒိဋ္ဌိပြုတ်ပုံ အလင်းပြ (ဒုတိယ)

ရုပ်ကိုရုပ်ဟု ကိုယ်တွေ့သိ ၁၆-ပါးမထင်၊ ဒိဋ္ဌိပြုတ်။
နာမ်ကိုနာမ်ဟု ကိုယ်တွေ့သိ ၁၆-ပါးမထင် ဒိဋ္ဌိပြုတ်။
ပရမတ်ကိုပရမတ်ဟု ကိုယ်တွေ့သိ ၁၆-ပါးမထင် ဒိဋ္ဌိပြုတ်။
ပညတ် ၅-ပါးကို ပညတ်ဟု ကိုယ်တွေ့သိ ၁၆-ပါး မထင် ဒိဋ္ဌိပြုတ်။

### ဒိဋ္ဌိကွာပုံ လင်္ကာစုံ ၁၃-အလင်းပြ (တတိယ)

၁။ မရှိဒါသိ၊ ရှိဒါသိ၍ ဒိဋ္ဌိ [illegible] ကြွင်းနေသာ။
၂။ ပညတ်ပရမတ် [illegible] တတ်ဒိဋ္ဌိကွာ။

ကမ္ဘာအေး၊ ရန်ကုန်
၁၀၆၅၃၂

၃။ အနတ္တပေါက်၊ ဒိဋ္ဌိပျောက်၊ ကျမ်းထောက်ပြနိုင်ပါ။
၄။ ယထာဘူတရောက်၊ ဒိဋ္ဌိပျောက်၊ ကျမ်းထောက်ပြနိုင်ပါ။
၅။ ရုပ်နာမ်ကိုမြင် ဒိဋ္ဌိစင်၊ ကျမ်းပင်ပြနိုင်ပါ။
၆။ ဝိပဿနာ၊ ဒိဋ္ဌိကွာ၊ ကျမ်းလာပြနိုင်ပါ။
၇။ ပဥ္စက္ခန္ဓာ၊ သခါရပုံ၊ ဒိဋ္ဌိကုန် ကျမ် စုံပြနိုင်ပါ။
၈။ ငါ့ကိုယ်ငါငါ၊ ငါ့ဥစ္စာဟု ထင်မပြု၊ လွတ်မှုဒိဋ္ဌိကွာ။
၉။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ နတ်ဗြဟ္မာဟုထင်မပြု၊လွတ်မှုဒိဋ္ဌိကွာ။
၁၀။ လက္ခဏာယာဉ်သုံး ထင်မြင်မှုန်း၊ ပျက်ပြုန်း ဒိဋ္ဌိကွာ။
၁၁။ အာကာသမှု အကြားရှု၊ လွတ်မှု ဒိဋ္ဌိကွာ။
၁၂။ ကြိယာခြားနား၊ မြင်လုံးထွား၊ ပျက်ပြားဒိဋ္ဌိကွာ။
၁၃။ သန္တတိပျက်၊ ရုပ်နာမ်ပျက် ဉာဏ်သက်ဒိဋ္ဌိကွာ။

## သက္ကာယဒိဋ္ဌိပြုတ်ပုံ အလင်းပြ(စတုတ္ထ)

ပရမတ်နှင့် နာမပညတ် ကွဲတွေ့လျှင် သက္ကာယဒိဋ္ဌိပြုတ်။
ပရမတ်နှင့် သမူဟပညတ် ကွဲတွေ့လျှင် သက္ကာယဒိဋ္ဌိပြုတ်။
ပရမတ်နှင့် ဃနပညတ်ကွဲတွေ့လျှင် သက္ကာယဒိဋ္ဌိပြုတ်။
ပရမတ်နှင့် သဏ္ဌာနပညတ် ကွဲတွေ့လျှင် သက္ကာယဒိဋ္ဌိပြုတ်။
ပရမတ်နှင့် သန္တတိပညတ် ကွဲတွေ့လျှင် သက္ကာယဒိဋ္ဌိပြုတ်။

## သက္ကာယဒိဋ္ဌိကွာပုံ အလင်းပြ (ပဉ္စမ)

ဓါတ်ကိုတွေ့၍ သက္ကာယဒိဋ္ဌိကွာ။
ပရမတ်ကိုတွေ့၍ သက္ကာယဒိဋ္ဌိကွာ။
အာကာသပေါက်၍ သက္ကာယဒိဋ္ဌိကွာ။
ပညတ်တွေ့၍ သက္ကာယဒိဋ္ဌိကွာ။

**ဝိသုဒ္ဓိ ၇-ပါးနှင့် သက္ကာယဒိဋ္ဌိခွါပုံ့ကွာပုံ(ဆဋ္ဌမ)**

သီလဝိသုဒ္ဓိ သုတမယ၊ စိန္တာမယနှင့်ဒိဋ္ဌိတား။
စိတ္တဝိသုဒ္ဓိ သုတမယ၊ စိန္တာမယနှင့်ဒိဋ္ဌိတား။
ဒိဋ္ဌိဝိသုဒ္ဓိ သက္ကာယဒိဋ္ဌိ၊ အကြွမ်းဆုံးကွာ။
ကင်္ခါဝိတရဏ အနည်းငယ်ကြွမ်း၊ သက္ကာယဒိဋ္ဌိကွာ။
မဂ္ဂါမဂ္ဂ အလတ် သက္ကာယဒိဋ္ဌိကွာ။
ပဋိပဒါ အနုသက္ကာယဒိဋ္ဌိကွာ။
ဉာဏဒဿန အိမ်နှင့်တကွ၊ သက္ကာယဒိဋ္ဌိကွာ။

**သက္ကာယဒိဋ္ဌိ တားဆီးနိုင်ပုံ(သတ္တမ)**

ခန်၊ ဓါ၊ အာ၊ စ၊ သဘောကျ၊ လျောကျဒိဋ္ဌိကွာ။ ။

ခန္ဓာငါးပါး၊ ဓါတ် ၁၈-ပါး၊ အာယတန ၁၂-ပါး၊ သစ္စာ ၄-ပါးတို့ကို သုတမယဉာဏ်ဖြင့်ယုံမှားကင်းနေအောင်သဘောကျနေပါမူ။ သက္ကာယဒိဋ္ဌိကို တားဆီးနိုင်တော့၏။

**သက္ကာယဒိဋ္ဌိတားဆီးနိုင်ပုံ (အဋ္ဌမ)**

ခန်၊ ဓါ၊ အာ၊ ပစ်၊ သင်ဉာဏ်ဖြစ်၊ တားမြစ်ဒိဋ္ဌိကွာ။ ။

ခန္ဓာ ၅-ပါး၊ ဓါတ် ၁၈-ပါး။အာယတန ၁၂-ပါး။ (ပစ်) ဟူသော ပစ္စယာကာရ ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး။ သတိပဋ္ဌာန် ၄-ပါးတို့ကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်ဖြင့် ယုံမှားကင်းနေအောင်၊ သဘောကျနေပါမူ၊ သက္ကာယဒိဋ္ဌိကို တားဆီးနိုင်တော့၏။

## သက္ကာယဒိဋ္ဌိကွာပုံ အလင်းပြ (နဝမ)

(ရုရှ)နှင့် ရုပ်ဓါတ်ပေါ်ရာ၌ ပဌမ (ရှ)က၊ ကလာပ်တခု။ ဒုတိယ(ရှ)က ကလာပ်တခုကဲ့လို ကလာပ်ချင်း ခြားနေသဖြင့် ကလာပ်ချင်း ခြားသော ရုရှနှစ်ခု၏အကြားကို အာကာသဓါတ် ပရိစ္ဆေဒရုပ်ဟုခေါ်သည်။ ဒါ့ကြောင့် ကလာပ်နှစ်ခု အကြား အာကာသတခု၊ ရှတခုနှင့် ရှတခုခြားနေဒါ၊ အာကာသတခု၊ ဤပုံအတိုင်း၊ အာကာသပေါက်လျှင် ဃနပညတ်ကြီး ပျောက် ပျက်သွားသောကြောင့်၊သက္ကာယဒိဋ္ဌိပြုတ်ကွာရတော့၏။ရှရှ-မှမှ နှင့် ရုပ်ဓါတ်ပေါ်ရာ၌ ရှကကြိယာတမျိုး။ မှကကြိယာတပါး ဤလိုအမူအရာ သဘောကြိယာ၊ ခြားနားခြင်းကို၊ အာကာသ ပေါက်ပြီဟုခေါ်ရ၏။ အာကာသပေါက်လျှင် ဃနပျောက်၍ သက္ကာယဒိဋ္ဌိကြီး ပြုတ်ကွာတော့၏။

## ယထာဘူတဉာဏ်လေးပါး ဒိဋ္ဌိကွာ (ဒသမ)

ရုပ်ကိုရုပ်ဟု ကိုယ်တွေ့တွေ့-ယထာဘူတဉာဏ်။
နာမ်ကိုနာမ်ဟု ကိုယ်တွေ့တွေ့-ယထာဘူတဉာဏ်။
ပရမတ်ကိုပရမတ်ဟု ကိုယ်တွေ့တွေ့-ယထာဘူတဉာဏ်။
ပညတ်ကို ပညတ်ဟု ကိုယ်တွေ့တွေ့-ယထာဘူတဉာဏ်။
ဤယထာဘူတ ဉာဏ်ဘပါးပါးတွေ့လျှင် တခုစီ ဒိဋ္ဌိကွာ၏။

## ဓါတ်၏ဇာတိ ဓါတ်၏မရဏအလင်းပြ (ကောဒသ)

ရုရှစသည်ဖြင့် ဓါတ်ပေါ်ရာဝယ်၊ (ရှ)တလုံးထဲ၌ပင် ဖြစ်စ ပျက်ဆုံးဟု အစအဆုံး ပါရှိလျက်နေပါပြီ။ ဖြစ်စကား ဓါတ်၏

ဇာတိပင်တည်း။ ပျက်ဆုံးကား ဓါတ်၏ မရဏပင်တည်း။ ဤလို တွေ့လျှင် ဒိဋ္ဌိကွာပြီ။

## ဓါတ်၏ဥပါဒ် ဓါတ်၏ဘင် (ဒွါဒသ)

(ရှု) တလုံးထဲ၌ပင် ဖြစ်စသည်၊ ဓါတ်၏ဥပါဒ် ပင်တည်း။ ပျက်ဆုံးသည်၊ ဓါတ်၏ဘင်ပင်တည်း။ ဤလိုတွေ့လျှင် ဒိဋ္ဌိကွာပြီ။

## အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာ (တေရသ)

(ရှု) တလုံးထဲ၌ပင် ဖြစ်စ-ပျက်ဆုံးတွေ့ရ၏။ နောက် (ရှု)၌ လည်း၊ ထို့ အတူတွေ့ရ၏။ ဤလိုအပြုံလိုက် အပြုံလိုက်၊ ဖြစ်ပျက် ဖြစ်ပျက်နေချခြင်းကား၊ အနိစ္စလက္ခဏာပင်တည်း။ (တွေ့)ဒိဋ္ဌိ ကွာပြီ။ ရှုတိုင်း-ရှုတိုင်း ဖြစ်ကုန်သေရ၊ ပျက်ကုန်သေရ၊ ပျောက် ကုန်သေရ၊ ချုပ်ကုန်သေရခြင်း၊ မရဏဒုက္ခကိုပါတွေ့ရ၏။ ဒုက္ခ လက္ခဏာပင်တည်း၊ (တွေ့) ဒိဋ္ဌိကွာ။ ရှုရှုတိုင်း-မှုမှုတိုင်းပင် မဖြစ် ချင်လဲမနေရ၊ မချုပ်ချင်လဲမနေရ၊ ကင်းချင်လဲ မကင်းရ၊ တား လို့လဲမရ၊ ဆီးလို့လဲမရ၊ အစိုးမရပုံ အလိုမလိုက်ပုံ၊ သူ့သဘာဝ အတိုင်းဖြစ်နေဒါကိုတွေ့ရ၏။ အဲဒါက အနတ္တ လက္ခဏာ(တွေ့) ဒိဋ္ဌိကွာပြီဟုမှတ်။

## သက္ကာယဒိဋ္ဌိကွာပုံ အလင်းပြ

| ပညတ်နယ်ကြီး | ပရမတ်နယ်ကြီး |
|---|---|
| ငါ,သူ,လူ,နတ်,ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ, အတုံး, အခဲ,အစိုင်, အဖြုံး, အမှုန့်, အမည်, သဏ္ဍာန်, အရိပ်, အရောင် စသော ၁၃ ပါးတို့ကား၊ပညတ် တရားအစုတို့ပင်တည်း။<br>ခန္ဓာကိုယ်ထဲ၌ဓါတ်အဟုတ် တွေ့လျှင် သက္ကာယဒိဋ္ဌိကွာပြီ။ ၁၆ ပါးပရမတ်မှားကွာပါပြီ၊ | ရုပ်နယ်<br>ပထဝီဓါတ်–၁၃၊ ဝါယောဓါတ်–၁၁၊တေဇောဓါတ်-၆၊အာပေါဓါတ်–၂။<br>စိတ်နယ်<br>မြင်,ကြား,နံ,လျက်,ထိသိ,ကြံသိ၊<br>စေတသိက်နယ်<br>လိုချင် စိတ်ဆိုး တွေဝေ မနာလို ပူပန် ကြောင့်ကြ၊ နှမြော။ |

ရုပ် ၂၈-ပါးထဲက တပါးပါးကိုဖြစ်စေ၊ စိတ် ၆-ပါးထဲက တပါးပါးကိုဖြစ်စေ။ စေတသိက် ၅၂-ပါးထဲက တပါးပါးကို ဖြစ်စေ သိလျှင်၊ ထိုအသိကို ၆-ပါးခွဲ၍ဝေဘန်ရမည်။

(၁)စာသင်လို့သိ။ (၂)မေးမြန်းလို့သိ။ (၃)နာလို့သိ။ (၄) ဆောင်လို့သိ။ (၅)ဆင်ခြင်လို့သိ။ ဤငါးပါးကို၊ အနုဗောဓသိ ၅-ပါး။ လောကီဉာဏ်သိ၅-ပါးဟုခေါ်သည်။ ကိုယ်တွေ့ဓါတ် ပေါ်သိတခုကို ပဋိဝေဓဉာဏ်, လောကုတ္တရာဉာဏ်ဟု ခေါ်သည်။ [(၁) သင်သိ၊ မေးသိ၊ နာသိ၊ ဆောင်သိ၊ ဤလေးပါးကား၊ လောကီ သုတမယဉာဏ်လေးပါးဟုခေါ်သည်။ (၂) ဆင်ခြင်သိ တပါးကား လောကီစိန္တာမယဉာဏ်ဟုခေါ်သည်။ (၃)ကိုယ်တွေ့ သိတပါးကား၊ လောကုတ္တရာ ဘာဝနာမယဉာဏ်ဟုခေါ်သည်။

**ဗောဓိကြီး** ငါးပါးဖြင့် ခွဲ၍ပြဦးမည်။ သုတမယဉာဏ်ဖြင့် **ဗောဓိ** ၅-ပါးစလုံး၊ မင်္ဂ-ဖိုလ်မရနိုင်ပါ။ စိန္တာမယဉာဏ်ဖြင့် **ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ** နှစ်ဆူသာမင်္ဂ,ဖိုလ်ရနိုင်ပါသည်။ ဘာဝနာမယဉာဏ်ဖြင့်မူကား၊ ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝက, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ ငါးဆူလုံး မင်္ဂဖိုလ် ရနိုင်ပါသည်။

သုတမယ စိန္တာမယဉာဏ်လောက်နှင့် တင်းတိမ်နေကြသော ယောဂီလူပြုတို့သတိပြုရန် သေရေး ရှင်ရေးကြီးလောက် အမိက ထားကြပါကုန်။ အထောက်အထားပါဠိတောင်းလျှင် လွယ်ကူစွာပေးပါမည်။ ။(သတိ)

**စိန္တာမယဉာဏ်သည် မိမိအရာလား၊ ဘုရားပစ္စေကတို့ အရာလား ခွဲခြားသိပါ၊ သမထနယ်ကြီး၌**

ကမ္မဋ္ဌာန်း ၄၀-ရှိသည်။ ၎င်းအထဲ၌ စတုဓါတုဝဝတ္ထာန်ပါ သည်။ဝိဇ္ဇာ-၃၊ အဘိညာဉ်-၆၊ သမာပတ်ဂ-ပါး၊စျာန်ကိုးစျာန် ပြဟ္မာ ၂၀-အထိပို့နိုင်သည်။ ပညတ်တရားစုပင်တည်း။

**ဝိပဿနာနယ်ကြီး၌**

ဝိသုဒ္ဓိ ၇-ပါး၊ ကမ္မဋ္ဌာန်းရှိသည်။ ၎င်း၌ စတုဓါတုဝဝတ္ထာန် တမျိုးပါသည်။ မင်္ဂ-၄၊ ဖိုလ်-၄၊ နိဗ္ဗာန်၊ ပဋိသမ္ဘိဒါ လူ၊ နတ်၊ ပြဟ္မာအထိပို့နိုင်သည်။ ပရမတ်တရားစုပင်တည်း။

**သုတ္တန်နည်း**

ပထဝီဓါတ်-၂၀၊ အာပေါဓါတ်-၁၂၊ ဝါယောဓါတ်-၆၊

ဘောဇော ဓါတ်-၄၊ ပထဝီဓါတ်-၂၀၊ ထဲက ဆံပင်တခုကိုစစ်တမ်း ထုတ်လျှင် ကိုင်လို့ရ၊ ယူလို့ရ၊ သမူဟ၊ ဃန၊ သဏ္ဍာန စသည်ဖြင့် ပညတ်သဘောတွေ့ရပါသည်။

**အဘိဓမ္မာနည်း**

ပထဝီဓါတ် နူ့မာ ၂-ပါး။ အာပေါဓါတ်ဖွဲ့စည်း ၂-ပါး။ ဝါယောဓါတ် ထောက်ကန့်လှုပ် ၂-ပါး။ တေဇောဓါတ် ပူအေး ၂-ပါး။ ၎င်းဓါတ်ထဲက ပူမှု၊ အေးမှုကို စစ်တမ်းထုတ်လျှင်၊ ကိုင်မရ၊ ယူမရ၊ မမြင်ရ၊ ပရမတ္ထသဘာဝကို မုချတွေ့ရပါသည်။

**ငါသည် ပရမတ်စစ်စစ်ကိုတွေ့ပြီလား**

**စစ်တမ်းဝယ်**

(၁) ရုပ်ဆိုတာဘာလဲ၊ ခန္ဓာကိုယ်ကြီးကို လက်ညှိုးထိုး ပြပြီး၊ ယခုမြင်ရတဲ့ ဒီကိုယ်ကြီးဟာရုပ်ပေါ့။ (၂)မယုံလျှင် ရုပ် သက်သက်ပြဦးမည်။ ဟောဟိုက သစ်ပင်တွေကို မြင်ရဲ့လား။ အဲဒီသစ်ပင်တွေဟာ နာမ်မဖက်တဲ ရုပ်သက်သက်ပါဘဲ၊ မသေ မခြင်းစာရင်းသွင်းပြီး အသဲစွဲမှတ်နော်။ ဤပြောလုံး၊ဟောလုံး ပြသလုံးတို့ကား၊ သုတ္တန်နည်းဖြင့် ဘုရားသခင် ဟောတော်မူခဲ့ သောပညတ်ရုပ် သမူဟ မပျောက်သောရုပ်၊ ဃနတို့၊ သဏ္ဍာနတို့ သန္တတိတို့၊ နာမတို့၊ သောကောရောကော ထွေးလုံးရစ်ပတ်ရော စပ် ဖွဲ့စည်းနေသော ရုပ်တု၊ ရုပ်ယောင်၊ ပညတ်ရုပ်သာတည်း။ အင်မတန်မှ ထူထူ၊ ပြိန်းပြိန်း၊ လူပြိန်း၊ လူအ၊ အတွက်ဘုရား ဟောခဲ့ပါသည်။ (၃) လာပြန်ပြီတမျိုး ဆရာရေ့၊ ရုပ်နှင့်နာမ် သေသေခြာခြာ ရှင်းလင်းအောင် ခွဲပြစမ်းပါ။ ကဲကဲ-ဒါဖြင့်

နားထောင် လူသေကောင်မြင်ရဲ့လား၊ မြင်ပါတယ်ဆရာ။ အဲဒီ လူသေကောင်မှာ ဘာသာရှိ၍ ဘာဘော့မရှိဘူးလဲ၊ စစ်တမ်း ထုတ်၍ကြည့်စမ်း။ လူသေကောင်မှာ မြင်သိ, ကြားသိ, နံသိ, လျက်သိ ထိသိ,ကြံသိ၊၆-ပါးစလုံးမရှိဘူးဆရာရေ့၊နာမ် ၆-ပါး မရှိဘူးလို့ပြောပါကွယ်။ သို့မဟုတ်ရင်လဲ စိတ် ၆-ပါး မရှိဘူးလို့ ပြောရမယ်။နို့-ဘာဘော့ကျန်ရှိနေသတုန်းကွဲ့။ ရုပ်အလောင်း ကောင်ချည်းတခုသာ ကျန်တော့တယ်ဆရာရယ်။ ကဲကဲ ဒါဖြင့် ကျန်ရှိတဲ့ ရုပ်အလောင်း ကောင်ချည်းကို ရုပ်တရားဟုမှတ်။ ချုပ်ကုန်တဲ့ မြင် ကြား နံလျက် ထိသိ ကြံသိ တွေက နာမ်တရား ဝါ၊ ဘုန်းကြီးသံပါပါနှင့် စိတ်တရားပေါ့ကွဲ့။ ရုပ်နာမ်ကွဲပြီ မဟုတ်လားဟု၊ အဖြေပေးကြ၏။ ဤရုပ်နာမ်လဲ ယခင်ကလို သမူဟ, ဃန, သဏ္ဍာန, သန္တတိ မပျောက်သဖြင့် ပညတ်ရုပ်ပင် တည်း။သုတ္တန်နည်းမျှဖြင့် ဘုရားဟောသေးသည်။

လာပြန်ပြီတဖုံ ဆရာရေ့ ပြောပြပါဥ်စေဦး။ သမထနယ် လဲဖြစ်၊ကမ္မဋ္ဌာန်း ၄၀-နယ်ထဲကလဲဖြစ်၊ သူ့သတ္တိကလဲ လောကီ ဝိဇ္ဇာ၃-ပါး၊အဘိညာဉ် ၆-ပါး၊သမာပတ်၈-ပါး၊စျာန်၉-စျာန် ဖြဟ္မာပြည် ၂၀-လောက်သာ ပို့နိုင်သော၊ စတုဓါတုဝဝတ္ထာန် နယ်ထဲက ၃၂-ကောဋ္ဌာသ၊ တနည်း ၄၂-ကောဋ္ဌာသ ထဲက ကေသာ၊ လောမ၊ အရ ဆံပင်မွေးညှင်းစသော ပထဝီဓါတ်ကို ရုပ်ဓါတ်ပါဘဲဟု၊ ပရမတ်ပါဘဲဟု ပြောကြတော့၊ ဆရာကပင် သုတ္တန်နည်းဖြင့် ရောတဲ့ပညတ်၊ ပရမတ်ရောနေတဲ့၊ ပညတ်ရုပ်မျှ သာဖြစ်သည်။ ပရမတ်ဘဝသို့ မရောက်နိုင်ဟု ပြောတယ်မဟုတ်

လားဆရာ။ ဤသို့ပြောလျှင် ဆံပင် မွေးညှင်းတို့ဟာ၊ ပထဝီဓါတ်လို့ ဓါတ်ဆိုတဲ့စကား ဟောထားတော့၊ ရုပ်စစ် ပရမတ်စစ်ဟုမဆိုနိုင်ဘူးလားဆရာ။ ကဲ-ကဲ နားထောင်စမ်း အဘိဓမ္မာနယ်ကျတော့၊ ဘုရားသခင်က ရုပ်ကလာပ်တခုကို ပရမာနုမြူထက်ပင် သေးသေးတယ်။ ငယ်သေးတယ်၊ ဒါ့ကြောင့် လူ့မျက်စိဖြင့် မမြင်နိုင်၊ ဒိဗ္ဗစက္ခုရသော နတ်မျက်စိဖြင့်လဲမမြင်နိုင်။ နတ်ထက်ပင် အားအောင်းလှသော ဗြဟ္မာစက္ခုဖြင့်လဲ မမြင်နိုင်၊ ဗြဟ္မာများတောင်မှ မမြင်နိုင်အောင် သေးငယ်လို့။

(ဗြဟ္မလောကောပိ၊ ခေါအာဝုသော၊ သက္ကာယပရိယာပန္နောနိစ္စော ဓုဝေါတိ ဂါဟတိ။)ဟူ၍ မဟာဝဂ္ဂ သံယုတ်ပါဠိတော်ကြီးနှင့် ဒသနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်ကြီးများ၌ ဘုရားသခင်ဟောခဲ့ပေသည်။ အဲသည်တော့ ပရမတ်ရုပ်ကလာပ်စစ်စစ်ဟာယူလို့လဲမရနိုင် ဆွဲလို့လဲမရနိုင်၊ ရွှေ့လို့လဲမရနိုင်ဘူးတပည့်ရဲ့ တပည့်ပြောတဲ့ ဆံပင်ဆိုတဲ့ ပထဝီဓါတ်ကတော့။

(၁)လူမျက်စိဖြင့်မြင်ရတယ်။ (၂)နတ်မျက်စိဖြင့် မြင်ရတယ်(၃)ဗြဟ္မာမျက်စိဖြင့်မြင်ရတယ်၊(၄)ပရမာ နုမြူပေါင်းကုဋေတရာမကစုနေတဲ့။(၅)သမူဟ (၆)ဃန။(၇)သဏ္ဌာန (၈) သန္တတိ ပညတ်တွေလဲတွေ့ရတယ်။(၉)ယူလို့လဲရတယ် (၁၀) ကိုင်လို့လဲရတယ်။ (၁၁) ရွှေ့လို့လဲရတယ်၊ အဲသည်တော့ ပုံစံကြည့်စမ်း ဘုရားဟောချင်း မည်မျှလောက် ကွာခြားနေပါသလဲ။

ရိပ်မိပါပြီ ဆရာ၊ ဒါဖြင့်ရှေ့တက်ပြီး မေးစမ်းပါရစေဦး။ ခွင့်ပြုပါ၊ ကမ္မဋ္ဌာန်းတခု ပေါ်နေပါတယ် ဆရာ။ အဲဒီကမ္မဋ္ဌာန်းနှင့် ဆရာ ပြောတဲ့ စစ်တမ်းနဲ့တော့ ကိုက်နေဒါပါဘဲဆရာရဲ့။ ဒီလိုပါဆရာ လက်မောင်းကိုတန်းပြီး၊ လက်တဖက်ဖြင့် အသာ့အသာ ထိစမ်းလိုက်တော့ နူတဲ့ပထဝီသဘော၊ အချို့နေရာ၌ မာတဲ့ ပထဝီသဘော၊ ပူ့ နွေးနေတဲ့ ဥဏှတေဇော သဘော တွေ့ရပါတယ်။ အဲဒီဓါတ်ကြီးတွေဟာ ဆရာပြောသည့်အတိုင်း မြင်လဲမမြင်ရ၊ ယူလို့လဲမရ၊ ရွှေ့လို့လဲ မရဖြစ်နေတော့ ပရမတ်ဓါတ်အစစ်၊ ရုပ်အစစ်ဟုမဆိုချင်ဘူးလားဆရာ။ တယ်ပြီးခက်ထာကို တပည့်ရာ (ငြီးတွားပုံ) ခေါင်းကို အသာကုပ်ပြီးတော့၊ အမေးရှိလျက်နဲ့ အဖြေမထွက်လဲတခက်ဘဲကွဲ။ မပြောလျှင်မပြီး မတီးလျှင်မမြည်၊ မချည်လျှင်မမြဲ၊ ဆိုတဲ့စကားပုံလိုဘဲ။ ပြောမှပြီးမှာမို့ ပြောပြရတော့မယ်။

| သုတ္တန်နည်း၊ | အဘိဓမ္မာနယ်၊ |
|---|---|
| ဆံပင်တခု | ကလာပ်တခု |
| ပထဝီဓါတ်တခု | ပထဝီဓါတ်တခု |

အတ္တာခွဲ အနတ္တာခွဲ အလင်းပြ ပရမတ္ထတရားများဟာ အတ္တာနှင့်ပေါ်သလား အနတ္တာနှင့်ပေါ်သလား အနတ္တာနှင့်ပေါ်ရမယ်ဆရာ၊ အနတ္တာနဲ့ပေါ်ဆိုဒါကတော့ ဗျာပါရမစိုက်ရဘူးကွဲ့၊ ကေတ္တာနည်း နာနတ္တနည်း၊ အဗျာပါရနည်း၊ ဝေ်ဓမ္မတာနည်းနဲ့ မစမ်းရဘဲ မထိရဘဲ၊ သူ့ဓမ္မတာ၊ သူ့ဖါသာ သူ့သဘော၊သူ့အလိုလိုသာ ပေါ်ရတယ်။

သက်သေပြမယ်၊ ငါတို့လူစုဟာ ၁၃၀၀၀၊ ကျော်နေပါပြီ။ စိတ်ကလေးကို တနေရာရာ၌ စိုက်ထားလိုက်ထားနှင့်ပင်(ယထာပုဗ္ဗုဋ္ဌကံပဿော၊ ယထာပဿောမရှိစိကံ။ ပါဠိတော်နှင့် ကိုက်ညီအောင် ဗျာပါရ စိုက်ပြီး၊ မထိရ မစမ်းရဘဲနှင့် ရေပွက်များလို တံလျှပ်များလို၊ ဟိုနေရာက အလိုလိုပေါ်နေ ဒီနေရာက အလိုလိုပေါ်နေနှင့် (အနတ္တ) အခြေကိုက်အောင် ရှုတိုင်းပေါ်၍နေပါတယ် ရင့်ရင့်လာတော့ ကိုယ်၌စိတ်တောင်မကူးရတော့ဘူး။ ထမင်းစားရင်းလဲ အလိုလိုပေါ်နေ၊ စကားပြောရင်းလဲ အလိုလိုပေါ်နေ၊ လမ်းသွားရင်းလဲ အလိုလို ပေါ်နေတော့ တပည့်ပြောတဲ့ ပထဝီ တေဇော ဓါတ်တွေဟာ ဗျာပါရစိုက်၍ ထိပေးရမှုစမ်းသပ်ပေးရမှုက သက်သေခံနေတယ်။ ထိမပေးစမ်းသပ်မပေးလျှင်ဓါတ်မပေါ်တော့ဘူးကွဲ့ဆရာပြောချင်တာတော့ တပည့်ပြောပြတဲ့၊ ပထဝီဓါတ် တေဇောဓါတ်တွေဟာ ထိပေးမှု၊ စမ်းသပ်ပေးမှု ဗျာပါရ စိုက်မှုပေါ်သဖြင့် (အတ္တကိလမထာနုယောဂ)ဆိုတဲ့ လမ်းဟု ပြောချင်တယ်။ ဘာ့ကြောင့်လဲ ထိမပေးတော့မပေါ်ဘဲကိုး။ ထိလို့ချည်း ဗျာပါရစိုက်လို့ နေရတယ် ဒါသက်သေဘဲ။

ဆရာတို့ ဓါတ်ပေါ်တာကတော့၊ နေရာတခု၌ စိတ်တည်ဒါနှင့်အလိုလို ဟိုကပွက်ပေါ်၊ ဒီကပွက်ပေါ်တွေ့ရတယ်။ ရင့်ရင့်လာတော့ လုပ်ချင်ရာလုပ်၊ စိတ်ကူးချင်ရာကူးစေတော့၊ ဒီဓါတ်ဟာမနေဘူး၊ အလိုလို(ဟေိပဿိကော။) ဂုဏ်နှင့်ပေါ်နေတယ်။ ဒါမှအနတ္တပေါ်လို့ဆိုချင်တယ်။ အတ္တခွဲ-အနတ္တခွဲဟာဒါပါဘဲ။

မှတ်လိုက်ဦး။ နို့ပြီးတပည့်ပြောပြခဲ့ပထဝီဓါတ်၊ တေဇောဓါတ်တွေဟာတွေ့ရတော့။ တပြင်လုံးလက်ဖြင့်ထိလျှင် လက်တရာစာတွေ့တယ်မဟုတ်လား၊ ဟုတ်ပါတယ်ဆရာ၊ ဒါဖြင့်မျက်စိတမှိတ်ခန့်ကာလအတွင်းမှာ ရုပ်ဓါတ်ကုဋေငါးထောင်ကျော်ပျက်တယ်ဆိုဒါအဖြစ်အပျက်ကို တွေ့ရဲ့လား၊ တရွရွ တမွမွနှင့် ကလာပ်ခြားဒါကိုတော့ တွေ့ရဲ့လား၊ လင်မနစ် ပုလင်းကို ဖွင့်တော့ဆူပွက်ဘာလို ဓါတ်တွေဆူပွက်ဒါကိုကော တွေ့ရဲ့လား၊ မတွေ့ရပါ၊မတွေ့လျှင် ပရမတ် မဟုတ်သေးလို့ပေါ့တပည့်ရဲ့။

## ရုပ်ဝါဒ နာမ်ဝါဒ ကိုးချက်ကို ရှင်းလင်းချက်

အပါယ်တံခါးပိတ် ဆင် ရဲသံသရာပြတ် ဘုံစဉ်စံ၊ သိဒ္ဓိကြီး ၉–တန်ရဘို့ရန် မူလအခြေခံမှာ ရုပ်နာမ်ကို မြင်မှသာလျှင် ထိုအကျိုးကိုရနိုင်မည်။ အနည်းငယ်မျှ ချဲ့၍ပြဦးအံ့၊ ရုပ်နာမ်ကိုတွေ့မြင်ပါမှ၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရမည်။ ၎င်းဉာဏ်ကိုရမှ ပစ္စယပရိဂ္ဂဟဉာဏ်ကိုရမည်။၎င်းကိုရမှ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်စသော၊ ဝိပဿနာဉာဏ်၁၀–ပါး၊ ၁၆–ပါးကိုရနိုင်ပေမည်။ ရုပ်နာမ်ကိုမြင်မှသာလျှင် (နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ဝိစိကိစ္ဆာ ပဇဟတိ။)ဟူသော သံယုတ်ကျမ်းဂန်အရ၊သက္ကာယဒိဋ္ဌိကြီးနှင့်တကွ ဝိစိကိစ္ဆာပါပြုတ်ကျသွားမည်။ ယင်းကိလေသာနှစ်ပါး ပြုတ်ကျသွားမှသာလျှင်၊ အပါယ်တံခါး ပိတ်ခြင်းဆင်းရဲသံသရာပြတ်ခြင်း၊ ဘုံစဉ်စံရခြင်း၊ သိဒ္ဓိကြီး ၉-တန်ကိုရ၍

နိဗ္ဗာန်အထိ အကျမရှိဘဲ၊ တက်နိုင်မည်ဖြစ်ပါ၍ အခြေခံရုပ်နာမ်ကို၊ ရှုလိုပါသည်။ ပြသတော်မူပါဟုမေးမြန်းသောအခါ၊ ဆရာအသီးသီးက ဝါဒအသီးသီးဖြင့်--

(၁)ကိုယ်ခန္ဓာကြီးဟာ ရုပ်ပါဘဲ။ (၂)သစ်ပင်တွေဟာရုပ်သက်သက်ပါဘဲ၊ (၃)လူသေကောင်ဟာ ရုပ်သက်သက်ပါဘဲ။ (၄)ဆံပင်စသော ၃၂-ကောဋ္ဌာသဟာရုပ်သက်သက်ပါဘဲ။ (၅)လက်ကိုစမ်းပြပြီး ပူပူ, နွေးနွေးက တေဇောဓါတ်ပါဘဲ။ ကေလေးက သီတတေဇောရုပ်ပါဘဲ။ နူးနူး, ညံ့ညံ့က နု့ပထဝီပါဘဲ။ မာမာက ကြမ်းပထဝီပါဘဲ။ (၆) ဘာကိုဘဲမြင်မြင်၊ အဲဒီမြင်အပ်တဲ့ ရူပါရုံ အဆင်းဟာ ရုပ်ပါဘဲ။ (၇) ဘာကိုပင်ကြားကြား၊ကြားအပ်တဲ့အသံဟာ သဒ္ဒရုပ်ပါဘဲ။ (၈) ရှရှ စသော ပထဝီဓါတ်-၁၃။ ပူစ စသော တေဇောဓါတ် ၆-မျိုး၊ စေးထန်းစသော အာပေါဓါတ် ၂-မျိုး၊ လှုပ်ရှား စသော ဝါယောဓါတ်-၁၁ မျိုးတို့ဟာ ရုပ်ပါဘဲ၊ အာနာပါနလဲ ရုပ်ပါဘဲဟု ဟောပြကြသည်။

ပရမတ်ရုပ် ပညတ်ရုပ်ကွဲအောင် ဒေသနာနှင့်ဝေဘန်ရမည်။ အင်္ဂုတ္တိုရ်အဋ္ဌကထာကြီး၌--

ဒုဝေသစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံဝရော။
သမုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။ ဟူ၍မိန့်အပ်ပြီ။

**အနက်ကား။** ။ဝဒတံဝရော၊ ပညတ်နှင့် ပရမတ်ကိုမရော

မစပ်ဘဲ ဟောတော်မူကုန်သော ပုဂ္ဂိုလ်ကျော်တို့ထက်မြတ်တော်မူသော။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သမုတိံ စ၊ ဝေါဟာရဒေသနာဟူသော ပညတ်တရားတို့ကိုရင်း။ ပရမတ္ထဉ္စ၊ အဘိဓမ္မာဒေသနာဟူသော ပရမတ်တရားကိုရင်း။ ဍ္ဍလတိ၊ ဤသို့။ (ဝါ) ဤလို။ ဒုဝေ၊ နှစ်ပါးကုန်သော။ သစ္စာနိ၊ ပညတ်အမှန်တို့ကို။ အက္ခာသိ မရောစပ်ဘဲ၊ ဟောအပ်ခဲ့လေပြီ။ တတိယံ၊ လူသုံး နတ်သုံး, ဗြဟ္မာသုံးမှ၊ အပိုဖြစ်သော တိတ္ထိတို့၏၊ အယူမှားတရားစုကို။ နုပလဗ္ဘတိ၊ မရအပ်ချေ။ (ဝါ) ဘုရားသာသနာ၌ ထည့်ရှုပ်ငင်အသုံးမပြုအပ်တော့ချေ။ ဤကား အနက်။

## ဘုရားဟောကို ဝေဘန်ချက် ပြပုံကား

ဝေါဟာရဒေသနာ၊ ပညတ်တင်၍ ဟောခြင်း။

ပရမတ္ထဒေသနာ၊ အဘိဓမ္မာသဘာဝဖြင့် ဟောခြင်း။

ဝေါဟာရဒေသနာဖြင့် ပညတ်တင်၍ဟောလျှင် ကျင့်လျှင် လူ,နတ်,ဗြဟ္မာလောကသာခံစားရမည်။ အဘိဓမ္မာဒေသနာဖြင့် ပရမတ်အစစ်အတိုင်း ဟောလျှင်, ကျင့်လျှင်, လူ, နတ်, ဗြဟ္မာ မဂ်, ဖိုလ်, နိဗ္ဗာန်အထိရောက်မည်။ ပိဋကတ် ၃-ပုံနှင့် ဝေဘန်၍ ဇယားအစုံ ပြမည်။

### သုတ္တန်, ပိဋကတ်, ဝေါဟာရ, ဒေသနာ, ပညတ်တင်၍ဟောသည် (ရုပ်နာမ်)

သကြွန်အမြောက်လို၊ ကေသာ ပထဝီဓါတ်-၂ဂ။ ပိတ္တံ၊ အာပေါဓါတ်-၁၂။ပါစက တေဇောဓါတ်-၄-၅-၆။ ဥဒ္ဓံဝါတ

ဝါယောဓါတ်-၆။ ပညတ်နှင့် ပရမတ်ရောစပ်၍။ သမူဟ, သန္တာန၊ သန္တတိ၊ နာမ၊ ပညတ် ၅-ပါးစုရုံးနေသည့်၊ ဓါတ် ၁၉-နှင့်စစ်ဆေး။ ကုဋေ ၅၀၀၀-ပျက်ရမည်။ ကိုင်မရဖြစ်ရမည်။ ယူမရဖြစ်ရမည်။ ရွှေ့မရဖြစ်ရမည်။ ပရမာနုမြူမျှ ဖြစ်ရမည်။ လူ့,နတ်,မမြင်ရ။

## ဝိနည်း,ပိဋကတ်,ဝေါဟာရ,ဒေသနာ (အာဏာ) ပညတ်တင်၍ ဟောသည်၊ (ရုပ်နာမ်)

သကြံန်အမြောက်လို၊ ခန္ဓာကိုယ်ပြ သစ်ပင်ပြ၊ လူသေပြ၊ လက်စမ်းပြ၊ မြင်သိ, ပျက်သိ၊ ကြားသိ ပျက်ပြ၊ အာနာပါနပြ ၇-ပါး၊ ပညတ် ပရမတ်စုရုံးသည့်ဓါတ်၊ ၁၉-နှင့် စစ်ဆေးကြည့်၊ ၎င်း ၆-မျိုးပင်။

## အဘိဓမ္မာ,ပိဋကတ်,ပရမတ္ထ,ဒေသနာ,ဓါတ်နှင့် ဟောသည်(ရုပ်နာမ်)

စစ်အမြောက်လို ရွှရွှာထဝီဓါတ် ၁၃-မျိုး၊ ပူတေဇောဓါတ် ၆-မျိုး၊ စီး-အာပေါဓါတ် ၂-မျိုး၊ လှုပ်-ဝါယောဓါတ် ၁၁-မျိုး ပရမတ်သက်သက် ပညတ်မဖက်။ ၁၉-ဖြင့် စစ်ဆေး ခံနိုင်၏။ ၁၉-နှင့်စစ်ဆေးကြည့်။ ၎င်း ၆-မျိုးပင်။

ခန္ဓာကိုယ်ကား ရုပ်ပါဘဲဟု ဆိုသောဝါဒ၌၊ ပရမတ်ရုပ်စစ် မှန်လျှင် တစက္ကန့်အတွင်း၌ ကုဋေငါးထောင်ကျော် ပျက်ထာ တွေ့ရမည်။ ဘုရားဟော၏။ မတွေ့ရ၊ ကိုင်မရဟုဆို၏။ ယခုကိုင်၍

ရနေပြီ ယူမရဟုဆို၏။ ယခုယူ၍ရနေပြီ။ ရွေ့ပြောင်းလို့မရဟု ဆို၏။ ယခုရွေ့ပြောင်းလို့ရနေပြီ။ လူ့နတ်ဗြဟ္မာ့မျက်စိနှင့်မမြင်ရဟုဆို၏။ ယခုမြင်နေရပြီ။ ပရမာနုမြူလောက်သေးငယ်ရမည်ဟု ဆို၏။ ယခုမူကား အလျားတလံ၊ အနံတထွာမျှ တွေ့ရပါသည်။ စစ်တမ်းကြီး ၁၉-ချက်ကိုထားဦးတော့။ ၆ ချက် စစ်ဆေးရုံနှင့် ပင် ပရမတ်မဟုတ်ကြောင်း ထင်ရှားတော့၏။ သစ်ပင်ရုပ်၊ လူသေရုပ်၊ ဆံပင်ရုပ်တို့ကိုလည်း ခန္ဓာကိုယ်ရုပ်နှင့်တူ၍ စစ်ဆေး လို့သာကြည့်ပါ။ လက်စမ်းပြ ပူပူ့ နွေးနွေးရုပ်ကား ကိုင်မရ ယူမရ ရွေ့မရ၊ မမြင်ရဟုဆိုရာ၌ မှန်ပါသေး၏။ သို့သော်လည်း တစက္ကန့်အတွင်း၌ ရုပ်ပေါင်းကုဋေ ငါးထောင်ကျော် ပျက်နေတာကိုတွေ့ရမည်ဟုဆိုထား၏။ ငါးထောင်ကျော်ပျက်ထာဘယ်မှာလဲပြစမ်းပါ၊ ပြီးတော့လဲ ပရမာနုမြူထက် သေးငယ်တာကို တွေ့ရမည်ဟုဆိုထား၏။ ယခုတော့လက်မနှင့် စမ်းလျှင် လက်မ တရာစာလောက် တပြင်လုံး ပူပူ့နွေးနွေး တွေ့ရ၏။

(ဓါတ်ကြီးလေးရုပ် ရောနှောစပ်၊ ပညတ် သမူဟာသီ။)

ဟူသောလင်္ကာအရ၊ သမူဟ ပညတ်ဖြစ်၍ နေပြီတကား၊ စစ်ဆေးခြင်း ၁၉-ပါးအနက် ၆-ချက်ထဲ စစ်ဆေးရုံကလေးနှင့် ပင်၊ ပညတ်ထဲက မလွတ်သေးပါတကား။ မြင့်သိ့ပျက်အနိစ္စ၌ ဥပမာ လျှပ်စစ်ပျက်သော အဆင်းပျက်အနိစ္စကို ရှုနေ၏။ အဲဒီ အဆင်းပျက်အနိစ္စ၌ လျှင်စစ်ပျက်သော အဝန်းကြီးသည်။ ပရမ နုမြူနှင့်စာလျှင် နှမ်းလုံးနှင့်မြင်းမိုရ် မကကွာ၏။ (လှဲပြန်ပြီ)

မျက်စိတမှိတ်ခန့်၌ ရုပ်ပေါင်းကုဋေငါးထောင်ကျော် ပျက်ရမည်ဆို၏။ တပျက်ထဲသာတွေ့ရ၏။ (လဲပြန်ပြီ) ဤမျှနှင့်ပင် ပညတ်နယ်ကမထွက်သေးကြောင်းသိသာပါပြီ။ ကြား့သိ့ပျက်အနိစ္စ၌ လူတဦး၏အသံကိုကြားရာဝယ်၊ အသံက သဒ္ဒရုပ်တခု၊ ထိုအသံထဲမှာတွဲ၍ ပါလာသော မိန်းမသံပါဘဲ၊ ယောကျ်ားသံပါဘဲဟု သိနိုင်သောဣတ္ထိဘာဝရုပ်တခု၊ တနည်း ပုမ္ဘာဝရုပ်တခု၊ အသံမာလျှင်မာသော ဝိကာရရုပ်ဘခု၊ အသံပြော့လျှင် ပျော့သော ဝိကာရရုပ်တခု၊ အသံဝါလျှင် ဝါသောဝိကာရရုပ်တခု၊ အသံချိုလျှင် ချိုသောဝိကာရရုပ်တခု၊ အသံကွဲလျှင် ကွဲသော ဝိကာရရုပ်တခု၊အသံပြာလျှင်ပြာသောဝိကာရရုပ်တခု၊ ပြီးတော့ဒီအသံကအရင်လိုတဲ့အသံဒီ အသံကအရင်မလိုတဲ့အသံ၊ဒီအသံကဒေါသကြီးတဲ့အသံ၊ဒီအသံကလောဘသံ စသည်ဖြင့် စိတ်ထားသဘောထားတွေပါ။ တစုတရုံးတည်း အသံ၌တွဲလျက် ပါလာတော့၏။ အဲဒီအသံ၌ ရုပ်ပေါင်းစုပြီး ကြားရပါလျက်နှင့် တရုပ်ထဲဘဲဟု ထင်ခြင်းသည်၊ မှားလွန်းအားကြီးစွတကား။ ကိုယ့်အကြားကိုပင် ပြန်၍ဆင်ချင်ပါဦး။ ပြီးတော့ ကုဋေ ငါးထောင်ကျော် အပျက်ကောဘယ်မှာလဲပြစမ်း၊ ဒါကြောင့် အသံသည်၊ ပညတ်နယ်ကမလွတ်ကြောင်း ထင်ရှား၏။ ဉာဏစာဂိ၏ ပထဝီပေါ်၊ တေဇောပေါ်၊ ဝါယောပေါ်တို့၌ကား ဤ ၁၉-ချက်ဖြင့် စစ်ဆေးပါက--

(၁) ပရမာနုမြူထက် သေးငယ်ထာ တွေ့ရမည်။ (၂) ကလာပ်ခြားရမည်။ (၃) လူမျက်စိ။ (၄) နတ်

မျက်စိ (၅) ပြဟ္မာမျက်စိဖြင့်မမြင်ရ။ (၆) ပြဟ္မာလောကောပိခေါ၊ ပါဠိနှင့်ညီရမည်။ (၇) တစက္ကန့်အတွင်း၊ ကုဋေငါးထောင်ကျော်ပျက်ရမည်၊ (၈) ဖြစ်ပျက်ပါဝင်ရမည်။ (၉) သမူဟာမခံရ။ (၁၀) ဃနမခံရ။ (၁၁) သဏ္ဌာန မခံရ။ (၁၂) သန္တတိမခံရ။ (၁၃) နာမနခံရ၊ (၁၄) ဆံတပင်လျှင် ကလာပ်ပေါင်း ၆၆-ကုဋေနှင့် ညီရမည်၊ (၁၅) အနတ္တအဓနေနှင့် ပေါ်ရမည်။ (၁၆) တရားဂုဏ်တော်နှင့်ညီစေရမည်။ (၁၇) ကိုင်မရ။ (၁၈) ယူမရ။ (၁၉) ရွေ့မရဖြစ်စေရမည်။ ဤစစ်ဆေးချက်ကြီး၊ (၁၉) ချက်နှင့် ကိုက်ညီပါလျှင် ပညတ်နယ်က လွတ်မြောက်သော ပရမတ်အစစ်ဟုယုံကြည်ကြပါကုန်။ ။ရုပ်ဝါဒကိုးချက် ရှင်းလင်းချက်ပြီး၏။

## ငါပရမတ်စစ်စစ်ကို တွေ့ပြီလား အခန်း၌
## အာနာပါန စစ်ဆေးချက်

ဆရာရယ် ကျွန်တော်သည်၊ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်၍နေပါတယ်။ အဲဒီ အာနာပါန ကမ္မဋ္ဌာန်းကိုပင် ဝိပဿနာမဟုတ်သေးဘူးတဲ့ ဆရာရဲ့၊ သမထကမ္မဋ္ဌာန်း ၄၀-၌ ပါဝင်သော အာနာပါနဖြစ်၍၊ သမထလောကီသာရှိသေးတယ် ဆရာရဲ့၊ အဲဒါဆရာက ဘာပြောချင်သေးသလဲ၊တပည့်ကကော ဘယ်လိုဆိုချင်ပါသလဲ၊ ဒီလိုပါ ဆရာရယ်–နှာခေါင်းထဲက ဝါယောဆိုတဲ့ လေဓါတ်ဟာ သူ့သဘာဝအတိုင်း ထွက်, ထွက်နေတယ်မဟုတ်ပါလွှားဆရာ။ အဲ့ဒီဝါယောဓါတ်က ရုပ်ပါဘဲ။

ပြီးတော့ နှာခေါင်းဝသို့ ဝါယောလေဓါတ် ထိခိုက်လာတိုင်း လာတိုင်း၊ အသိနာမ်ကသိ၍၊သိ၍နေပါတယ်။ အဲဒီအသိနာမ်က စိတ်နာမ်ပါဘဲ။ ထိုနောက်ဝါယောဆိုတဲ့ လေဓါတ်ဟာ ပျောက်ပျက် ကုန်ဆုံး၍သွားပေတယ်။ အဲဒါအနိစ္စပါဘဲ။ ထိုဝါယောဓါတ်ဟာမသေချင်လို့မနေရ၊ ပျက်ရ၊ ပျောက်ရပါတယ်။ ဒါ့ကြောင့်သေရခြင်းဒုက္ခပါဘဲ။ ထိုဝါယောဓါတ်ဟာ နှာခေါင်းဝသို့ မလာချင်မနေရ၊ မရောက်ချင် မနေရ၊ မပေါ်ချင် မနေရ၊ မပျောက်ချင်မနေရဘဲ၊ အစိုးမရ၊ အလိုမလိုက်၊ အကြိုက်မပေါ တော့အနတ္တဘဲ၊ အဲဒီလိုရုပ်ရော၊ နာမ်ရော၊ အနိစ္စရော၊ ဒုက္ခရော အနတ္တရော၊ ကိုယ်တွေ့ရှုလျှက် နေရပါသောကြောင့် ဝိပဿနာ အစစ်ဟု တထစ်ချ ပြောချင်ပါတယ်ဆရာ။

ဆရာ၏အလို ပြောပြပါဦးတော့။ ဝါယောဆိုတဲ့ လေဓါတ်ဟာနှာခေါင်းထဲသို့ တိုးဝင်လာတော့ နှာခေါင်းဝနှင့် အပြည့်ဘဲဝင်လာသလား၊ သို့မဟုတ် ပရမာအနုမြူထက် သေးငယ်ဒါကိုဘဲတွေ့ရသလား နှာခေါင်းဝနှင့်အပြည့်ပင် တွေ့ရပါတယ်ဆရာ။ ဒါဖြင့် ပရမတ်ရုပ်ကလာပ်တခုဟာပရမာနုမြူထက်ပင်သေးငယ်တယ်လို့မဟာဋီကာ၌ တိုက်ရိုက်ဆိုထားတော့ ရုပ်ကလာပ်တခုကိုတွေ့တယ်လို့ ဆိုမှာလား ရုပ်ကလာပ် တပြုံတခေါင်း အစုအရုံးကြီးကိုတွေ့တယ်လို့ ဆိုမှာလား၊ နှာခေါင်းဝနှင့်အပြည့်ပင် တွေ့ရပါသောကြောင့် ရုပ်ကလာပ်ပေါင်း ထောင်သောင်းမက စုဝေးနေဒါကို တွေ့ရပါတယ်လို့ အမှန်အတိုင်း ပြောရမှာပေါ့ဆရာ၊

ဒါဖြင့် ရုပ်ကလာပ် စုဝေးနေလျှင် ပရမတ် စစ်စစ်လား၊ ပညတ်လား ပြောစမ်း။

ပညတ်ဖြစ်နေပြီဆရာ။

ဘာပညတ်လဲ။

(ဓါတ်ကြီးလေးရပ်၊ ရောနှောစပ်၊ ပညတ်သမူဟသိ။)

ဆိုတဲ့လင်္ကာအတိုင်းသမူဟပညတ်ဖြစ်၍နေပါပြီ။ နှာခေါင်းဝနှင့်အပြည့်ထွက်နေသဖြင့် ထိုဝါယောဓါတ်ဟာ လုံးလုံး၊ ဝိုင်းဝိုင်း ဖြစ်၍မနေပေဘူးလား။ နေပါတယ်ဆရာ။ နေတော့၊ အဲဒီ လုံးလုံး၊ ဝိုင်းဝိုင်းဟာ သဏ္ဌာန ပညတ် မဖြစ်မနေဘူးလား။ ပြီးတော့လဲ ဝါယော ဓါတ်ဟာ နှာခေါင်းဝနှင့် အပြည့်ထွက်နေတုံးမှာ၊ တလုံးထဲ၊ တခဲထဲ မတွေ့ ရဘူးလား။ တွေ့ရပါတယ်ဆရာ။ အဲဒီ တလုံးထဲ၊ တခဲထဲ တပြင်ထဲ တွေ့ရသဖြင့် ရုပ်ဃန၊ ဓါတ်ဃနပညတ်ဖြစ်၍ နေပြန်ပြီကွဲ။ ပြီးတော့လဲ၊ ထို ဝါယောဓါတ်ဟာ ကလာပ်တခုစီနှင့် အာကာသ ခြားပြီး တွေ့ရမည်ကို မတွေ့သဖြင့် အာကာသလဲ မပေါက်၊ တစက္ကန့်အချိန်၌ ရုပ်ကလာပ်ပေါင်း ကုဋေငါးထောင်ကျော် ပျက်ရမည်ကို၊ လေလုံးကြီးတခုထဲသာ အပျက်တွေ့ရသဖြင့်၊ သန္တတိပညတ်လည်းမပျောက်၊ အဲဒီစစ်တမ်းကြီးနှင့် စစ်ဆေး၍ ကြည့် လိုက်တော့၊ တပည့်၏အာနာပါန ကမ္မဋ္ဌာန်းဟာ သမူဟပညတ်၊ ဃနပညတ်၊ သဏ္ဌာနပညတ်၊ သန္တတိပညတ်များ မပျောက်ဘဲ။ (တွေ့န္တရေဒအနေကာ နိကောဝိုဒ်သတသဟယာနိ၊ သင်္ခါရာဥပ္ပဇ္ဇန္တိ

ဝယန္တိစ။)ဟူသော ပရမတ်အစစ်၊ စစ်ဆေးချက်နှင့် ဝေးလွန်းလှချေသည်။

သမထနယ် ခလေးဆယ်ရှိသည့်အနက်၊ အနုဿတိ ဆယ်ပါးတွင် ယင်းအာနာပါန ကမ္မဋ္ဌာန်းလည်း ပါဝင်နေပြီ ဖြစ်ရကား သမထနယ်ထဲက လွတ်မြောက်နိုင်ဘို့လမ်းမမြင်ပါ။ ဘုရားရှင်၏ အလောင်းတော်ကြီးများ၊ ဥဒ္ဒါလ္ကိ တည္ကကြီးများ၊ ဝိပဿီ ဘည္ကကြီးများဘောင် အားထုတ်ကြရသော ကမ္မဋ္ဌာန်းဘဲဟု ငြင်းဆန်လိုလျှင်လည်း၊ မိမိ၏ပါရမီနှင့် ယခုခေတ် သာသနာတော် နှစ်သုံးထောင် အတွင်း တေဝိဇ္ဇာခေတ်၌ အလောင်းတော်လား ဥဒ္ဒါလ္ကိလား၊ ဝိပဿီလား၊ နေယျလား၊ သို့မဟုတ် အဂ္ဂမဟာ ပစ္စေကာနှင့်သမ္မာသမ္ဗောဓိဆုကြီးပန်လေးရပ်တွင်၊ယခုတေဝိဇ္ဇာ ခေတ်၌ ထိုလေးရပ်ရှိမည်လားဟု တွေးစေလိုပါသည်။ ပရမတ် စစ်တမ်းကို တပည့်စစ်တမ်း ထုတ်တတ်အောင်ပြခဲ့မည်။

## ပရမတ်အစစ်အမှန်၏ သဘာ၁၀-၁၆ ချက်

(၁) ရုပ်ကလာပ်တခုဟာ ပရမာနုမြူထက်ပင် သေးငယ်ရမည်။ ယခုပူနွေးဒါကလက်တရာစာတွေ့၏။ ကွာခြားလှချည့်ရဲ့။ (၂)လူတို့မျက်စိဖြင့်မမြင်နိုင် ညီသေး၏။ (၃)နတ်တို့ဒိဗ္ဗစက္ခုဖြင့် မမြင်နိုင် ညီသေး၏။ (၄) ဗြဟ္မာတို့ ဗြဟ္မာ့စက္ခုဖြင့် မမြင်နိုင် ညီသေး၏။ (၅)ဗြဟ္မလောကောပိခေါ် အာဝုသော။ ပါဠိနှင့် ညီညွတ်ရမည်။ (၆)တစက္ကန့် ကုဋေငါးထောင်ကျော်ပျက်ရမည်၊ ကွာခြားပြီ။ (၇)ဖြစ်ပျက်,ဖြစ်ပျက်နှင့်တွေ့ရမည်။ ကွာခြားပြီး၊

(၈)ကလာပ်ခြား အာကာသတွေ့ရမည်၊ကွာခြားပြီး(၉)သမ္မုဟ ပညတ်ခံ၍မနေရ ခံ၍နေသည်။ (၁၀)ဃနပညတ်ခံ၍မနေ ရခံ၍၊ နေသည်။ (၁၁) သဏ္ဍာနပညတ်ခံ၍မနေရ ခံ၍နေသည်။(၁၂) သန္တတိပညတ် ခံ၍မနေရ ခံ၍နေသည်။ (၁၃) နာမပညတ်မပေါ လာရ၊ မပေါ်ခိုပါ။ (၁၄)ဆံတပင် ကလာပ်ပေါင်း ၆၆–ကုဋေ နှင့်ယှဉ်ကြည့် လက်ဘာရာစာ။ (၁၅) အနတ္တအနေနှင့်သာပေါ်ရ မည်။ ထိမှပေါ်သည်။ (၁၆) ပေါ်ပသိကော ဂုဏ်နှင့်ညီရမည်၊ မညီသေးပါ။

အဲဒီပရမတ်စစ်တမ်းနှင့် စစ်ဆေးကြည့်တော့ လိုရင်းပညတ် မပျောက်၊ ကလာပ်လဲမခြားသဖြင့် သဘောမကျနိုင်ပါ။ အတ္တ ပေါ်–အနတ္တပေါ်နှင့် စစ်ဆေးတော့လဲ၊ ထိပေးမှ ပေါ်သဖြင့် စိတ်ချနိုင်သေးပါ။ ကြိုက်ရင်တော့ အားထုတ် ကြပါကုန်။

(ဝိသုတ်နည်း–အဘိဓမ္မာရုပ်တရားအဆက်)

ဒါယကာ, ဒါယကာမတို့ အသိဉာဏ်ရှင်းအောင် အလင်းပြ ဦးမည်ကြည့်စမ်းပါ။ ဥပမာက ဒီလိုတဲ့၊ အဝ ၃–ပေကျယ်၍ အစောက်ဘာပေနက်သော သံဒယ်အိုးကြီး ၃–ခု ရှာထားစမ်း။ သူ့ဖိုနှင့်သူ ၃–ခုတင်ထား၊ အစဒယ်အိုးနှင့်အလယ်ဒယ်အိုးထဲသို့ လက် ၃–သစ်ချန်၍ ရေထည့်ပြီးပလား။ (ပြီးပါပြီ။) ပြီးလျှင် အစဒယ်အိုး၌ နှမ်းတလုံးခန့်မျှဝက်သားထည့်၊အလယ်ဒယ်အိုး၌ သမ္ဘာရာ သီးလောက်ဝက်သားထည့်၊ အဆုံးဒယ်အိုး၌ရေတစက်မှ မထည့်ဘဲ ဝက်သားချည်း အပြည့်ထည့်၍ သူ့ဆီနှင့်သူထည့်ချက် ပြီးပလား၊(ပြီးပါပြီ။) (ဝိနည်း ဒယ်အိုး၊ ဝိနည်းရုပ်)

ရေအပြည့်ကား–ပညတ်၊ နှမ်းတလုံးခန့် ဝက်သား–
ပရမတ်၊ (သုတ္တန်ဒယ်အိုး–သုတ္တန်ရုပ်။)
ရေအပြည့်ကား–ပညတ်၊ သမ္ဘာရသီးလုံးမျှ ဝက်သား
ပရမတ်။ (အဘိဓမ္မာဒယ်အိုး၊ ပရမတ်ရုပ်)
ရေပညတ်လုံးလုံးမရှိ၊ ဝက်သားချည်း–ပရမတ်ချည်း။
(ပြီးပါလျှင်)အထက်ပါ အတိုင်းပေါ်၍ လာဒါပေါ့။

(က) ဝိနည်း ပိဋကတ်၌ ဟောထားသော ရုပ်တရားသည်၊ နှမ်းတလုံးခန့်မျှသာ ပရမတ်ပါ၍ ရေအပြည့်လောက် ပညတ်များဖုံးအုပ်၍နေပြီ။ ရေအပြည့်လောက် ပညတ်ကိုခွါနိုင်မှ နှမ်းတလုံးလောက် ပရမတ်ကိုတွေ့မည်။ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ခွါနိုင်မလဲ၊ ခွါလို့ရရင်ကော ပရမတ်ပါရုံဖြစ်၍ခွါနိုင် ကျိုးရှိမည်လား။ ယခုလူများ ပါရမီလောက်နှင့်ကော ခွါနိုင်ပါ့မလားတွေးကြည့်ကြပါကုန်။

(ခ) သုတ္တန်ပိဋကတ်၌ ဟောထားသော ရုပ်တရားသည်၊ သမ္ဘာရသီးတလုံးလောက်သာ ပရမတ်ပါ၍ ရေအပြည့်လောက် ပညတ်များဖုံးအုပ်၍ နေလေပြီ။ ရေအပြည့်လောက် ပညတ်ကို ခွါနိုင်မှ၊ သမ္ဘာရတလုံးလောက် ပရမတ်ကိုတွေ့မည်။ ဘယ်လို ပုဂ္ဂိုလ်မျိုးမှ ခွါနိုင်မလဲ၊ ခွါလို့ရရင်ကော ပရမတ်ပါရုံ ဖြစ်၍ ခွါနိုင်ကျိုးရှိမည်လား၊ ယခုပကတိသာဝကတန်းလောက်ရှိသော နေယျ တန်းလောက်သာရှိသာ ပါရမီလောက်နှင့်ကော ခွါနိုင် ပါ့မလား၊ တွေးကြည့်ပါကုန်။

(ဂ) အဘိဓမ္မာပိဋကတ်၌ ဟောထားသော ရုပ်တရားသာလျှင် ဒယ်နှင့်အပြည့် ပရမတ်ချည်းသာဖြစ်၍ ရေပညတ်ဆိုလို့တစက်မျှ မပါရှိလေသောကြောင့် ပုဂ္ဂိုလ်တိုင်း ပရမတ်ကိုတွေ့နိုင်မည်။ တွေ့လျှင်လည်း ပရမတ်ချည်းသာဖြစ်၍ တွေ့ကျိုးနပ်မည်။(ဗုဒ္ဓ၊ ပစ္စေက၊ အဂ္ဂ၊ မဟာ၊ ပကတိ၊)မရွေး၊ ဥဂ္ဃါဋိ၊ ဝိပစ္စိ နေယျမရွေးတွေ့နိုင်မည်၊(မေးလျှင်)ပဌမဒယ်အိုးကလဲဝက်သားဟင်းချက်ပါတယ်။ ဒုတိယဒယ်အိုးကလဲ ဝက်သားဟင်း ချက်ပါတယ်။ တတိယ ဒယ်အိုးကလဲ ဝက်သားဟင်းချက် ပါတယ်လို့အပြောချင်းတော့ တူမှာပါဘဲ၊ နှမ်းတလုံးလောက် သမ္ဘာရာတလုံးလောက်၊ ဒယ်အိုးအပြည့်လောက် ဝက်သား ပရမတ်ကျတော့ မတူဘဲဖြစ်မည်။ သို့ကြောင့်အဘိဓမ္မာရုပ်ကိုသာ အဟုတ်တကယ်ရှာ၍ရှုကြပါကုန်။ (အမှာတည်း။)

## ရုပ်တရားခွဲပြချက်

သုတ္တန်နည်း ဘုရားဟော (ပညတ်ရုပ်တရားစု)

ခန္ဓာကိုယ်ကြီး ရုပ်စုတည်း။ သစ်ပင်တွေ ရုပ်သက်သက်ပင်လူသေကောင် ရုပ်သက်သက်ပါ။ဆံပင်စသောကောဋ္ဌာသပထဝီ ၂၀-တို့ ရုပ်သက်သက်၊ လက်ထိကြည့်၊ ပူပူ, နွေးနွေး ရုပ်သက်သက်။

အဘိဓမ္မာနည်း ဘုရားဟော (ပရမတ် ရုပ်တရားစု)

ဓါတ်ပေါ်စာတမ်းအတိုင်း ပထဝီပေါ်-၁၃။ဝါယောပေါ် ၁၁၊ တေဇောပေါ်-၆၊ အာပေါပေါ်-၂၊တို့ဟာ စိတ်တည်မှုဖြင့်

အလိုလိုပေါ် ရင့်ရင့်လာလျှင် စားရင်း, ပြောရင်း, နေရင်း, သွားရင်း အလိုလိုပေါ် စစ်တမ်း ၁၆-ချက်နှင့် ကိုက်ညီ၏။

## နာမ်တရားခွဲပြချက်

### သုတ္တန်နည်းဘုရားဟော

ပညတ်နာမ်စု-လေးဝီထိ တစိတ်ထဲရှု။ (၁) သွားသိ။ (၂) စားသိ။ (၃) မြင်သိ။ (၄) ကြားသိ။ (၅) နံသိ။ (၆) လျှက်သိ။ (၇) ထိသိ ကြံသိ၊ လေးဝီထိ၊ ငါးဝီထိ၌ စိတ်ပေါင်း (၈၅) ကို၊ တစိတ်ထဲဘဲ တမြင်ထဲပါဘဲ။ ကြံသိတခုဘဲ၊ နာမ်သမ္မုဟ၊ နာမ်ဃန နာမ်သန္တတိ ပညတ်ကို နာမ်ဟု ထင်မှားကြသည်။ လူ, နတ်, ဗြဟ္မာအသိ တူတူပင်။

### အဘိဓမ္မာနည်း ဘုရားဟော

ပရမတ်နာမ်စု ကလာပ်တခု- အသိတခု၊ ကလာပ်တခုပေါ် အသိနာမ်တခု၊ ပရမတ်တခုပေါ် အသိနာမ်တခု၊ ပညတ်ပေါ် အသိနာမ်တခု ရုပ်ပေါ် အသိနာမ်တခု နာမ်ပေါ်အသိနာမ်တခု ဉာဏ်ပေါ် အသိနာမ်တခု၊ သညာပေါ် အသိနာမ်တခု၊ ဝိဉာဏ် ပေါ် အသိနာမ်တခု၊ မဂ်ပေါ် အသိနာမ်တခု၊ ဖိုလ်ပေါ်အသိ နာမ်တခု။

## ရုပ်တရားခွဲပြချက်

### သုတ္တန်နည်း ဘုရားဟော

လူ့သကောင်-ရုပ်သက်သက်ပင်၊ နာမ်ဆိုအလျဉ်းပင် မပါချေ။ သမ္မုဟ, ဃန, သဏ္ဌာန, နာမ, သန္တတိ, ပညတ်တွေရောနှော စုဝေးရောထွေးနေ၏။

အဘိဓမ္မာနည်း ဘုရားဟော

ရွှရွှ,မွှမွှ,ပွှပွှ,ကြွကြွ,ကလာပ်ရုပ်များ ကိုင်မရ၊ ရှေ့မရ၊ယူမရ မမြင်ရတွေ့သာတွေ့ရအလိုလိုပေါ်နေ၏။ဖြစ်ပျက်နှင့်ငါးထောင် ကျော်ပျက်၏၊ ၁၆–ချက်နှင့် စစ်ဆေးကိုက်ညီ၏။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

တို့သင်္ဂြိုဟ်ဆရာတော်ဘုရားကြီးက (လက္ခဏ ရသပစ္စုပဋ္ဌာန ၀သေနနာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။) ဟူ၍ သင်္ဂြိုဟ်ကျမ်း ကမ္ပဋ္ဌာန်းပိုင်း၌တိုတိ ကျကျ စီရင်ချက်ချ ဒီဂရီချခဲ့လေသည်။ လိုရင်းကား (၁) ရုပ်ကို လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ ဤ လေးတန်ဖြင့် စေဘန်ခွဲခြား၍ သိမှသာလျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၍ သက္ကာယဒိဋ္ဌိကွာမည်။ (၂) နာမ်ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဤလေးတန်ဖြင့် ဝေဘန်ခွဲခြား၍သိမှသာလျှင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၍ သက္ကာယဒိဋ္ဌိကွာမည်ဟု အချုပ်သဘော ပြခဲ့ပေသည်။

## ဒိဋ္ဌိပြုတ်အောင် နားလည်အောင် ပြသရတော့မည်

၁။ လက္ခဏဆိုဒါ သဘောသတ္တိကိုဆိုပါသည်။

၂။ ရသဆိုဒါ အလုပ်ကိစ္စကိုဆိုပါသည်။

၃။ ပစ္စုပဋ္ဌာန်ဆိုဒါ အကျိုးစည်းစိမ်ကိုဆိုပါသည်။

၄။ ပဒဋ္ဌာန်ဆိုဒါ အကြောင်းအခြေခံကိုဆိုပါသည်။

ဘာအလုပ်ကိုဘဲ လုပ်လုပ် လုပ်သူတိုင်း၌ ဤလေးပါး ပါရှိ လျက်နေသည်။ ထင်ရှားအောင် ဥပမာဆောင်၍ပြခဲ့ပေမည်။

သထုံမြို့၌ဖွါးမြင်၍ သရက်မြို့၌ ရာထူးဌာနန္တရ ရရှိသော ဦးသိန်းစံ သည်၊ (က) စာရေးကြီးလုပ်နိုင်သော အတတ်ပညာ သဘောသတ္တိ လက်ကိုင်ရှိနေပေ၏။ အဲဒါက လက္ခဏာပါဘဲ။ (ခ) ထိုအတတ်ပညာဖြင့်တလတိတိ စာရေးကြီး ကိစ္စအဝဝတို့ကို ပြုလုပ်၏။ အဲဒါကတော့ ရသပါ။ (ဂ) တလစေ့အောင်ပြုလုပ် ပါသောကြောင့် လခငွေတရာ့ငါးဆယ်ကျော်ရ၍ လှူရ၊ တန်းရ သုံးရ၊ စွဲရ၊ စည်းစိမ်ခံစားရ၊ ပျော်ပျော်ပါးပါးနေရ၏။ အဲဒါ ကတော့ပစ္စုပဋ္ဌာန်ပါဘဲ။ (ဃ) လှူရ၊ တန်းရ၊ ကမ္မဋ္ဌာန်းထိုင်ရ စာပေကြည့်ရပါသောကြောင့်၊ မဂ်ဗီဇ၊ ဖိုလ်ဗီဇ၊ နိဗ္ဗာန်ဗီဇ ပါရမီရပါရောတဲ့။ (အကြောင်းအခြေခံ ရှိသွားပါရောတဲ့။) အဲဒါကတော့ပဒဋ္ဌာန်ပါဒဘဲ။ အလုပ်လုပ်တိုင်း ၎င်းလေးမျိုး ပါဝင်ပြီးစီးရှိနေတော့၏။

## နာမ်၌လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် လေးတန်ပါပုံကား

၁။ စက္ခုဝိညာဏ် စိတ်မြင်သဘော–လက္ခဏာဟုမှတ်။

၂။ အာရုံကိုကြုံစိခြင်း၊ အလုပ်ကိစ္စ ရသဟုမှတ်။

၃။ အာရုံပြုတော့ ကုသိုလ်ရ အကုသိုလ်ရ၊ ပစ္စုပဋ္ဌာန်ဟု မှတ်။

၄။ ကုသိုလ်ရတော့ နတ်၊ ပြဟ္မာ၊ မဂ်–ဖိုလ်ဗီဇဖြစ်။ အကုသိုလ်ရတော့ အပါယ်ဗီဇဖြစ်၊ ပဒဋ္ဌာန်။

## ရုပ်၌ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် လေးတန်ပါပုံကား

၁။ ပဘာဝတီ၏ ရူပါရုံ-လှပခြင်းသဘော-လက္ခဏာ။
၂။ မြင်ရသူကုသမင်း၌ ကိလေသာထကြွစေ-ရသ။
၃။ ကိလေသာထတော့ သာဂလပြည် လိုက်ဆင်းရဲ ပစ္စုပဋ္ဌာန်။
၄။ ထိုကိလေသာကြောင့် ဘုရားဖြစ်နောက်ကျ-ပဒဋ္ဌာန်။

ဤပြသရသောအချက်စုတို့ကား သာမန်လူပြိန်းတို့ သိသာရုံပင်တည်း။ အဋ္ဌကထာနည်း။ ဋီကာနည်း၊ အနု၊ မဓု၊ ယောဇနာ ဂဏ္ဌိနည်းတို့ဖြင့် ပြသရပါလျှင် အမြင်ရှုပ် ဉာဏ်ရှုပ်မည်စိုး၍ ချွင်းလိုက်ရသည်။

## ဓါတ်ပေါ်ရာ၌ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, ပါပုံကား

၁။ ရွရွပထဝီ သဘောသတ္တိ လက္ခဏာ။
၂။ ဖြစ်ပျက်၊ အလုပ် ကိစ္စ ရသ။
၃။ ကလာပ်မီးဆွလို၊ အခြေခံပဒဋ္ဌာန်။
၄။ ရွရွပေါ် တပြိုင်နက် သိမှုပေါ် ပစ္စုပဋ္ဌာန်။

## ဓါတ်နှင့်ဓါတ်၏လက္ခဏာ ခွဲပြချက်

ဓါရေတီတိဓါတု။ ။ဓါရေတိ၊ ဘာကလေးတခု၊ ပင်မရှိရာမှ အရှိတခုပေါ်လျှင်အသိတခုပါ။တွဲပါလာအောင်ဆွဲဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့မှုရှိရာမှအရှိတခုပါအောင်ဆွဲဆောင်တတ်သောသတ္တိကြောင့်။ ဓါတု၊ ဓါတ်ဟု အမည် ဘွဲ့တံဆိပ်ရရှိ

ပါသတည်း။ ။ဓါတ်ဆိုဒါက ဘာကလေးတခုမျှ မရှိသေး သောနေရာမှ၊ အရှိတခုပေါ် အသိတခုပေါ်အောင် ဆွဲဆောင် တတ်၏။ အဲဒါကြောင့် ထိုအပေါ်ဓါတ်ကို ဓါတ်သဘောပါ ဘဲလို့ခေါ်ကြရသေးသည်။ ရှင်းလင်းအောင်ပြဦးမည်။

## ဓါတ်နှင့်ဓါတ်၏လက္ခဏာခြားနားပုံ

အရှိတခုပေါ်ကဓါတ်....ရွရွက ပထဝီလက္ခဏာ။
အရှိတခုပေါ်ကဓါတ်....ပူကေ တေဇောလက္ခဏာ။
အရှိတခုပေါ်ကဓါတ်....လှုပ်ရှားက ဝါယောလက္ခဏာ။
အရှိတခုပေါ်ကဓါတ်....ဖွဲ့စည်းက အာပေါလက္ခဏာ။

## အနိစ္စ ၃-ပါးနှင့်အနိစ္စ၏လက္ခဏာခွဲပြချက်

အနိစ္စ ၃-ပါး။ အနိစ္စလက္ခဏာ။

စိတ်- မြင်သဘော- အနိစ္စ....ဖြစ် ပျက်၊ အနိစ္စလက္ခဏာ။
စေတသိက်-လိုချင် သဘော အနိစ္စ.... ဖြစ် ပျက်၊ အနိစ္စ၊ လက္ခဏာ။
ရုပ်-ရွရွ-မွမွ-ပွပွ-အနိစ္စ....ဖြစ်၊ ပျက်၊ အနိစ္စလက္ခဏာ။

## ဒုက္ခ ၃-ပါးနှင့် ဒုက္ခလက္ခဏာခွဲပြချက်

စိတ်-မြင်သဘော ဒုက္ခ....ဖြစ်ပျက်၊ကုန်၊သေ၊ဒုက္ခလက္ခဏာ။
စေတသိက် လိုချင်သဘော ဒုက္ခ.... ပျက်- ကုန်- သေ ဒုက္ခလက္ခဏာ။
ရုပ်-ရွရွ-မွမွ-ပွပွ-ဒုက္ခ....ပျက်-ကုန်-သေ-ဒုက္ခလက္ခဏာ။

## အနတ္တ ၃-ပါးနှင့်အနတ္တလက္ခဏာခွဲပြချက်

စိတ်-မြင်သဘော-အနတ္တ....တားဆီးမရ၊ အနတ္တလက္ခဏာ။
စေတသိက် လိုချင်သဘော အနတ္တ....တားဆီးမရ၊ အနတ္တ
အနတ္တလက္ခဏာ။
ရုပ်-ရှရှ-မွမွ-ပွပွ-အနတ္တ....တားဆီးမရ၊ အနတ္တ လက္ခဏာ။

## ပရမတ်တရား ၄-ပါးခွဲပြချက်

(က) မြင်သိ, ကြားသိ, နံသိ, လျက်သိ, ထိသိ, ကြံသိ၊ယင်း ၆-ပါးကိုစိတ်ဟုခေါ်သည်။

(ခ) လိုချင်၊ စိတ်ဆိုး၊ တွေဝေစသော ၅၂-ပါးကို စေတသိက်ဟုခေါ်သည်။

(ဂ) ရှရှ မွမွ၊ ပွပွ၊ ကြွကြွ၊ ပူ၊ စီး၊ ယိုစသော ၂၈-ပါးကို ရုပ်ဟုခေါ်သည်။

(ဃ) စိတ်,စေတသိက်, ရုပ်တို့၏ ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဟုခေါ်သည်။

## ပရမတ္ထ ၄-ပါး၏၊ ဝိသေသ သာမညသဘောပြ

(က) စိတ်တခုခုဌ်လည်း၊ ဝိသေသ သဘော၊ သာမည သဘောခွဲသိ။

(ခ) စေတသိက်တခုခုဌ်လည်း၊ဝိသေသ သဘောသာမည သဘောခွဲသိ။

(ဂ) ရုပ်တခုခု၌လည်း၊ဝိသေသ သဘောသာမညသဘော ခွဲသိ။
(ဃ) နိဗ္ဗာန်၌ လည်း၊ ဝိသေသ သဘော၊ သာမည သဘောခွဲသိ။

ဝိသေသ သဘောထား သာမညသဘောကား။

## (စိတ်နယ်)

မြင်သိစိတ်သဘော....ဖြစ်ပျက် အနိစ္စလက္ခဏာ။
မြင်သိစိတ်သဘော... ပျက်ကုန်သေ ဒုက္ခလက္ခဏာ။
မြင်သိစိတ်သဘော....တားဆီးမရ၊ အနတ္တလက္ခဏာ။

## (စေတသိက်နယ်)

လိုချင်စေတသိက်သဘော.. ဖြစ်ပျက် အနိစ္စလက္ခဏာ။
လိုချင်စေတသိက်သဘော....ပျက်ကုန်သေ ဒုက္ခလက္ခဏာ။
လိုချင်စေတသိက်သဘော....တားဆီးမရ၊ အနတ္တလက္ခဏာ။

## (ရုပ်နယ်)

ရှရှ ရုပ်သဘော....ဖြစ်ပျက်အနိစ္စလက္ခဏာ။
ရှရှ ရုပ်သဘော....ပျက်ကုန်သေ ဒုက္ခလက္ခဏာ။
ရှရှ ရုပ်သဘော .... တားဆီးမရ အနတ္တလက္ခဏာ။

## (နိဗ္ဗာန်နယ်)

ရုပ်–နာမ်ချုပ်ငြိမ်းရာ...........အဖန်ဖန် ချုပ်စရာ မရှိ၍၊ နိဗ္ဗာန်၏
ဝိသေသ သဘော ထပ်မံမချုပ်ရ၊
အမြဲတည်မှု။

ဤလို စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပရမတ္ထ တရားစုတို့၌ တခု, တခုလျှင် ဝိသေသ သဘော၊ သာမညသဘော နှစ်မျိုးစီ ရှိကြပေရာ၊ တခု, တခုကို ထိမှ–မိမှ–သိမှ ပရမတ်လက္ခဏာပေါက် မည်။ ပရမတ်လက္ခဏာပေါက်သော်၊ ပြခဲ့ပြီးစစ်တမ်းထုတ်ချက် ကြီး၊ ၁၆ ချက်နှင့်ကိုက်ညီပါစေ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ပရမတ်တို့၏ ပရမတ်လက္ခဏာတွေ့လျှင် လက္ခဏာ ရသ၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ၄-ချက်ထည်းက (၁) အချက်ကိုယ်တွေ့ တွေ့ပြီးဖြစ်သော ကြောင့် ကျင်းကျန်သော ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ၃-ပါးတို့ လည်း ပါဝင်ပြီး ဖြစ်ပါတော့သည်။ တခုခုမိလျှင် ကိစ္စ ပြီး၏ဟူလို့။

သုတမယအနိစ္စ-ပဉ္စဝဂ္ဂ ပုဏ္ဏားဝတ္ထုကြည့်။
စိန္တာမယအနိစ္စ-ဗာဝရိဝတ္ထုကြည့်။
ဘာဝနာမယအနိစ္စ-ပဉ္စဝဂ္ဂီဝတ္ထုကြည့်။

သုတမယဒုက္ခ–ယခုလူနာများနှင့် ဆင်းရဲသူ အလို မပြည့်သူများကိုကြည့်ပါ။

စိန္တာမယ ဒုက္ခ–စူဠပန် အလောင်း ဗာရာဏသီမင်း ဝတ္ထုကြည့်ပါ။

ဘာဝနာမယဒုက္ခ–ဒါရုစီရိယဝတ္ထုကြည့်ပါ။

သုတမယ အနတ္တ-လူနာများ တားဆီးမရ၊ ဆရာ များတားဆီးမရ။

စိန္တာမယ အနတ္တ- သုမေဓါ ရှင်ရသေ့ အနတ္တ သဘောကြံစည်ပုံ။

ဘာဝနာမယ အနတ္တ-ခေမာမိဖုရား(စိတ်တခြား) ရူပနန္ဒာမင်းသမီး (ရုပ်တခြား။)

## သုတမယ စိန္တာမယ ဘာဝနာမယအနိစ္စ၃-မျိုး၌ သိရှိရန်ကား

ပဉ္စဂ္ဂပုဏ္ဏား လင်မယားဝတ္ထုကို ဤကျမ်း၏ တတိယစစ်တမ်းကြီးဝယ်၊ သုတမယအစွမ်းပြခန်း (၁၁)၌ ဝတ္ထုတိုပါဠိနှင့်ပြခဲ့ပြီးဖြစ်၍ မခဲ့လိုပါ။ပြန်၍ကြည့်ပါကုန်၊ လိုရင်းချုပ်ကား စာသင်လို့သိသော အနိစ္စမျိုး၊ မေးမြန်းလို့သိသော အနိစ္စမျိုး၊ တရားနာလို့သိသော အနိစ္စမျိုး၊ ပါဠိအနက် အဓိပ္ပါယ်ကိုပါ ကျက်မှတ်ဆောင်ထားလို့သိသော အနိစ္စမျိုး၊ ဤအနိစ္စလေးမျိုးကို သုတမယဉာဏ်စခန်း အနိစ္စဟုမှတ်ရမည်။

စိန္တာမယ အနိစ္စ၌........ဗာဝရီ ပုဏ္ဏားဝတ္ထုကို ဤကျမ်း၏၊ တတိယ စစ်တမ်းကြီးဝယ်၊ စိန္တာမယအစွမ်းပြ (၁၂) ခန်း၌ ဝတ္ထုတိုဖြင့်ပြခဲ့ပြီးဖြစ်၍ ပြန်ကြည့်ကြပါကုန်။ လိုရင်းချုပ်ကား တိမ်တိုက်ကြီးများ ပျက်စီးနေကြပုံ၊ မီးခိုးလုံးကြီးများ ပျက်စီးနေကြပုံ၊ ထမင်းခူးသောအခါ၊ လဘက်ရည်ငှဲ့သော အခါတို့၌ အငွေ့တေ့တထောင်း ထောင်းထလျက်ပျက်၍နေကြပုံ၊မီးခွက်မှ မီးခိုးများပျက်စီးနေကြပုံတို့ကို ကြည့်လျက်ဖြစ်စေ၊ မှန်းဆတွေး

တော၍ဖြစ်စေ၊ အနိစ္စသဘောတင်ပြီးမှ မှန်းမြော်၍ ဩော်....ငါ၏ကိုယ်မှာလဲဘဲ၊ ဒီပုံပျက်စီးနေတာဘဲ။ဖွါးစက စ၍ပျက်လာလိုက်ထာ၊ ယခု အိုရှုပ်,အိုနာမ်အထိ ပြောင်းလာပုံက သက်သေပါဘဲဟု တွေးတော ဆင်ခြင်၊ သမ္ပဇဉ်ဉာဏ်ဝင်၍ အမှန်ပင်မြင်နေရခြင်းသည်ကား၊ စိန္တာမယအနိစ္စ နယ်လောက်သာ ရှိပါသေးသည်။

ဘာဝနာမယ အနိစ္စ၌....ပစ္စဝဂ္ဂ ရဟန်းများကဲ့သို့ တဖြန်းဖြန်း,တဖိန်းဖိန်း၊ ကြက်သီးတွေ တရှိန်းရှိန်းနှင့် ကိုယ်တွေ့ပျက်နေကြပုံပင်း။ ယခုဉာဏစာဂိ ဝိပဿနာတရားပွဲ၌၊ မေါ်တ်ပေါ်ပြီးသူများသည်၊ တရားနာနေရင်း၊ ပေါ်ကြသော မေါ်တ်အနိစ္စ၊ ပရမတ်အနိစ္စတို့ကိုပင်း။ ဘာဝနာမယ အနိစ္စဟု ဆိုလိုပါသည်။

သုတမယဒုက္ခ၌.... ယခု လူနာများသည်၊ ငြီးတွားလျက် ဒုက္ခရောက်ကြပုံ၊ အလိုမပြည့်သူများ၊ စိတ်အိုက်၍ ဝေဒနာခံစားနေကြပုံ၊ သင်သိဒုက္ခ, မေးသိဒုက္ခ, နာသိဒုက္ခ,ဆောင်သိဒုက္ခများကိုဆိုလိုပါသည်။

စိန္တာမယဒုက္ခ၌.... စူဠပန် အလောင်း ဗာရာဏသီမင်းဝတ္ထုတို့ကိုအခဏ်း(၁၂)၌ပြခဲ့ပါပြီ။လိုရင်းကား၊ငရဲဒုက္ခ၊ ပြိတ္တာဒုက္ခ၊ အသုရကာယ်ဒုက္ခ၊ တိရစ္ဆာန်များဒုက္ခ၊ ကဲ့ဘေးဒုက္ခ၊မွဲဘေးဒုက္ခစသည်တို့ကို၊ တွေးတော ကြံစည်၍ ဆင်ခြင်ခြင်းကို စိန္တာမယဒုက္ခဟုဆိုလိုပါသည်။

ဘာဝနာမယဒုက္ခ၌....ဒါရုစီရိယမထေရ်၊ ကျားစား ခံရသောမထေရ်။ လည်ပင်းဒါးလှီးသော ဆန္နမထေရ်၊ ပုတိဂတ္တ

မထေရ်များကဲ့သို့ ကိုယ်တွေ့ဒုက္ခကို ဆိုလိုပါသည်။ ဂေါဓိတ မထေရ်သည်၊ အပြင်းအထန် ကျင့်ကြံလေရာ၊ ၆–ကြိမ်တိတိစျာန် လျှော၏။ ကျင့်တုံးကတော့ အသေအလဲဘဲ၊ လျှောကျတော့ မြင်ရုံနှင့်လန့်စရာပင်။ စျာန် ၇–ကြိမ်ကျတော့ စျာန်လျှောမှာ စိုးရိမ်လို့ လည်ပင်းဒါးနဲ့လှီးရာ၊ ဝေဒနာရှု၍ ရဟန္တာဖြစ်၏။ ဘာဝနာမယဒုက္ခပါဘဲ။

သုတမယအနတ္တ၌ ရောဂါသည်လူနာတို့စိတ်ကတော့ပျောက် ဘို့ဘက်က အတင်းရုန်းကန်ဆွဲနေ၏။ ဓါတ်ဝေဒနာဒုက္ခကတော့ အလိုမလိုက်ဘဲသေဘက်သို့ခေါ်သွား၏၊ အနတ္တပေါ့၊ ဆေးဆရာ ကလဲ မိမိ၏ဆေးတန်ခိုးဖြင့် သက်သာဘို့ ပျောက်ဘို့ အတင်း ရုန်းကန်၍ဆွဲ၏။ ရောဂါကတော့ သေဘက်သို့ ဆွဲဆောင်နေရာ အလိုမလိုက် အနတ္တပေါ့။ သင်သိ, မေးသိ, နာသိ, ဆောင်သိ အနတ္တသဘောတွေကို သုတမယအနတ္တဟု ခေါ်ရသည်။

စိန္တာမယအနတ္တ၌...သုမေဓါ ရှင်ရသေ့သည်။ ပစ္စည်းကို ၎င်း၊ခန္ဓာကိုယ်ကြီးကို၎င်း၊နာမ်ကို၎င်း၊ အလိုမလိုက်ပုံ ဆင်ခြင် နေခြင်းသည်။ စိန္တာမယအနတ္တပေါ့။

ဘာဝနာမယ အနတ္တ၌.... ခေမာမိဖုရားသည်၎င်း၊ ရူပနန္ဒာ မင်းသမီးသည်၎င်း၊ဘုရားသခင်က နိမ္မိတရုပ်၊အလှဆုံး၊ ဖန်ဆင်း ပြရာ၊ မြင်ရုံနှင့် မာန တရား အနတ္တအနေအားဖြင့် ကျသွား၍ ထိုနိမ္မိတ မိန်းမချပ် လှလှပပ၌ တရွေ့ရွေ့ အိုမင်းလာရာ၊

မြင်သူက အလှအပ မပျောက်စေလိုရုပ်ကလှပပျောက်၊ အဲဒါလို အလိုမပြီးအချည်းနှီးဟု အနတ္တသဘောပေါက်၍ မိမိခန္ဓာသို့ ဉာဏ်နှင့်ကောက်လိုက်ရာ၊ အသည်းတုန်တုန် ရင်ခုန်ခုန်နှင့် ဓါတ် စုံအနတ္တတို့ တဖြန်းဖြန်းထ၊ လျှမ်းလျှမ်းကြွလျက်၊ ခပ်ရမ်းရမ်း ပြဘော့ခါမှ ရဟန္တာထေရ်မဘဝ လှလှကြီး ရသွားလေသည်။ အဲဒါ ဘာဝနာမယအနတ္တပါဘဲ။

## တနည်း အနိစ္စလေးမျိုး

ဓါတ်အနိစ္စ-ပူပျက်၊ ပေေါ်-ပျောက်၊ ပူပေါ်-တွေ့ ရခြင်း။ ရုပ်အနိစ္စ-ရှုကလာပ်တခု ဖြစ်ပျက်-မှုကလာပ် တခု ဖြစ်ပျက်ခြင်း၊နာမ်အနိစ္စ-ရှုပေါ်-သိပျက်-မှုပေါ် သိပျက်(သိ သိပျက်ခြင်း)ပညတ် အနိစ္စ-ပိုးစုန်းပြုများ စုပျက် သကဲ့သို့ရင်း၊ မီးခိုးများစုပျက်သကဲ့သို့ရင်း။တိမ် တိုက်ကြီးများ ပျက်သကဲ့သို့ရင်း။ တိမ်တောင်ကြီးများ ပျက်သကဲ့သို့ရင်း။သဘာဝမတွေ့ရဘဲနှင့် စိတ်ထဲမှာ ထင်မြင်နေ တတ်၏။မျက်စိထဲမှာထင်မြင်နေတတ်၏။ ပညတ်အနိစ္စပင်တည်း။

## ပထဝီဓါတ်နှင့်အနိစ္စလက္ခဏာတွဲ၍ပေါ်ပုံကား

| | | | | |
|---|---|---|---|---|
| ၁။ | ရှရှ | ပထဝီဘဲ၊ | ဖြစ်ပျက်က | အနိစ္စလက္ခဏာ။ |
| ၂။ | မှုမှုက | ၎င်း | ၎င်း | ၎င်း |
| ၃။ | တောင့်တောင့်က | ။ | ။ | ။ |
| ၄။ | တင်းတင်းက | ။ | ။ | ။ |
| ၅။ | ထိုင်းထိုင်းက | ။ | ။ | ။ |
| ၆။ | မှိုင်းမှိုင်းက | ။ | ။ | ။ |
| ၇။ | အုံအုံက | ။ | ။ | ။ |
| ၈။ | ခေါင်းကြီးက | ။ | ။ | ။ |
| ၉။ | လေးလေးက | ။ | ။ | ။ |
| ၁၀။ | လံလံက | ။ | ။ | ။ |
| ၁၁။ | ကြပ်ကြပ်က | ။ | ။ | ။ |
| ၁၂။ | ထုန်ထုန်က | ။ | ။ | ။ |
| ၁၃။ | ကျင်ကျင်က | ၎င်း | ၎င်း | ၎င်း |
| ၁၄။ | စစ်စစ်က | ပထဝီဘဲ၊ | ဖြစ်ပျက်က | အနိစ္စလက္ခဏာ။ |

## ပထဝီဓါတ်နှင့်ဒုက္ခလက္ခဏာတွဲ၍ပေါ်ပုံကား

| | | | |
|---|---|---|---|
| ရှရှက | ပထဝီဘဲ၊ | ပျက်သေက | ဒုက္ခလက္ခဏာ။ |
| မှုမှုက | ၎င်း | ၎င်း | ၎င်း |
| တောင့်တောင့်က | ။ | ။ | ။ |
| တင်းတင်းက | ။ | ။ | ။ |
| ထိုင်းထိုင်းက | ။ | ။ | ။ |

| | | | |
|---|---|---|---|
| မှိုင်းမှိုင်း | ပထဝီဘဲ၊ | ပျက်သောက | ဒုက္ခလက္ခဏာ။ |
| အုံအုံက | ၎င်း | ၎င်း | ၎င်း |
| ခေါင်းကြီးက | ။ | ။ | ။ |
| လေးလေးက | ။ | ။ | ။ |
| လုံလုံက | ။ | ။ | ။ |
| ကြပ်ကြပ်က | ။ | ။ | ။ |
| ထုန်ထုန်က | ။ | ။ | ။ |
| ကျင်ကျင်က | ၎င်း | ၎င်း | ၎င်း |
| စစ်စစ်ကို | ပထဝီဘဲ၊ | ပျက်သောက | ဒုက္ခလက္ခဏာ။ |

## ပထဝီဓါတ်နှင့်အနတ္တလက္ခဏာတွဲ၍ပေါ်ပုံကား

| | | | |
|---|---|---|---|
| ရှရှက | ပထဝီဘဲ၊ | တားမရက | အနတ္တလက္ခဏာ။ |
| မှမှက | ၎င်း | ၎င်း | ၎င်း |
| တောင့်တောင့်က | ။ | ။ | ။ |
| တင်းတင်းက | ။ | ။ | ။ |
| ထိုင်းထိုင်းက | ။ | ။ | ။ |
| မှိုင်းမှိုင်းက | ။ | ။ | ။ |
| အုံအုံက | ။ | ။ | ။ |
| ခေါင်းကြီးက | ။ | ။ | ။ |
| လေးလေးက | ။ | ။ | ။ |
| လုံလုံက | ။ | ။ | ။ |
| ကြပ်ကြပ်က | ။ | ။ | ။ |

ထုန့်ထုန့်က ပထဝီဘဲ ပျက်သေက ဒုက္ခလက္ခဏာ။
ကျင်ကျင်က ၎င်း ၎င်း ၎င်း
စစ်စစ်က ပထဝီဘဲ၊ တားမရက အနတ္တလက္ခဏာ။

## ဝါယောဓါတ်နှင့်အနိစ္စလက္ခဏာတွဲ၍ပေါ်ပုံကား

ရှေ့ညွှတ်လှုပ်က ဝါယောဘဲ၊ ဖြစ်ပျက်က အနိစ္စလက္ခဏာ။
ဝဲယာညွှတ်လှုပ်က ၎င်း ၎င်း ၎င်း
ထက်ဝန်းကျင်လှုပ်က ။ ။ ။
တွန်းသလိုလှုပ်က ။ ။ ။
အသားလှုပ်က ။ ။ ။
ကြောက်သွေးတုန်လှုပ် ။ ။ ။
ယိမ်းယိုင်လှုပ်က ။ ။ ။
လျောင်ကဲ့သို့လှုပ်က ။ ။ ။
ခုန်၍လှုပ်က ။ ။ ။
လှုပ်လှုပ်လှုပ်တာ ။ ။ ။
ဒိတ်ဒိတ်လှုပ်က ဝါယောဘဲ၊ ဖြစ်ပျက်က အနိစ္စလက္ခဏာ။

## ဝါယောဓါတ်နှင့်ဒုက္ခလက္ခဏာတွဲ၍ပေါ်ပုံကား

ရှေ့ညွှတ်လှုပ်က ဝါယောဘဲ၊ ပျက်သေက ဒုက္ခလက္ခဏာ။
ဝဲယာလှုပ်က ၎င်း ၎င်း ၎င်း
ထက်ဝန်းကျင်လှုပ်က ။ ။ ။

| | | | |
|---|---|---|---|
| တွန်းသလိုလှုပ်က | ဝါယောဘာ၊ | ပျက်သေက | ဒုက္ခလက္ခဏာ။ |
| အသားလှုပ်က | ။ | ။ | ။ |
| ကြောက်သွေးတုန်လှုပ်က | ။ | ။ | ။ |
| ယိမ်းယိုင်လှုပ်က | ။ | ။ | ။ |
| ငလျင်ကဲ့သို့လှုပ်က | ။ | ။ | ။ |
| ခုန်၍လှုပ်က | ။ | ။ | ။ |
| လှုပ်လှုပ်လှုပ်က | ။ | ။ | ။ |
| ဒိတ်ဒိတ်လှုပ်က | ဝါယောဘာ၊ | ပျက်သေက | ဒုက္ခလက္ခဏာ။ |

## ဝါယောဓါတ်နှင့်အနတ္တလက္ခဏာတွဲ၍ပေါ်ပုံကား

| | | | |
|---|---|---|---|
| ရှေ့ညွှတ်လှုပ်က | ဝါယောဘာ၊ | တားမရက | အနတ္တလက္ခဏာ။ |
| ဝဲယာလှုပ်က | ၎င်း | ၎င်း | ၎င်း |
| ထက်ဝန်းကျင်လှုပ်က | ။ | ။ | ။ |
| တွန်းသလိုလှုပ်က | ။ | ။ | ။ |
| အသားလှုပ်က | ။ | ။ | ။ |
| ကြောက်သွေးတုန်လှုပ်က | ။ | ။ | ။ |
| ယိမ်းယိုင်လှုပ်က | ။ | ။ | ။ |
| ငလျင်ကဲ့သို့လှုပ်က | ။ | ။ | ။ |
| ခုန်၍လှုပ်က | ။ | ။ | ။ |
| လှုပ်လှုပ်လှုပ်က | ။ | ။ | ။ |
| ဒိတ်ဒိတ်လှုပ်က | ဝါယောဘာ၊ | တားမရက | အနတ္တလက္ခဏာ။ |

## တေဇောဓါတ်နှင့်အနိစ္စလက္ခဏာ တွဲ၍ပေါ်ပုံကား

| | | | |
|---|---|---|---|
| ပူပူက | တေဇောဘာ၊ | ဖြစ်ပျက်က | အနိစ္စလက္ခဏာ။ |
| အေးက | ၎င်း | ၎င်း | ၎င်း |
| နွေးနွေးက | ။ | ။ | ။ |
| ရှိန်ရှိန်က | ။ | ။ | ။ |
| အခိုးထွက်က | ။ | ။ | ။ |
| အပူထုတ်က | ။ | ။ | ။ |

## တေဇောဓါတ်နှင့်ဒုက္ခလက္ခဏာ တွဲ၍ပေါ်ပုံကား

| | | | |
|---|---|---|---|
| ပူပူက | တေဇောဘာ၊ | ပျက်သေက | ဒုက္ခလက္ခဏာ |
| အေးက | ၎င်း | ၎င်း | ၎င်း |
| နွေးနွေးက | ။ | ။ | ။ |
| ရှိန်ရှိန်က | ။ | ။ | ။ |
| အခိုးထွက်က | ။ | ။ | ။ |
| အပူထုတ်က | ။ | ။ | ။ |

## တေဇောဓါတ်နှင့်အနတ္တလက္ခဏာ တွဲ၍ပေါ်ပုံကား

| | | | |
|---|---|---|---|
| ပူပူက | တေဇောဘာ၊ | တားမရက | အနတ္တလက္ခဏာ။ |
| အေးက | ၎င်း | ၎င်း | ၎င်း |
| နွေးနွေးက | ။ | ။ | ။ |
| ရှိန်ရှိန်က | ။ | ။ | ။ |
| အခိုးထွက်က | ။ | ။ | ။ |
| အပူထုတ်က | ။ | ။ | ။ |

## အာပေါဓါတ်နှင့်အနိစ္စလက္ခဏာတွဲ၍ပေါ်ပုံကား

စေးထန်းက အာပေါဘဲ၊ ဖြစ်ပျက်က အနိစ္စလက္ခဏာ။
ချွေးယိုက ၎င်း ၎င်း ၎င်း

## အာပေါဓါတ်နှင့်ဒုက္ခလက္ခဏာတွဲ၍ပေါ်ပုံကား

စေးထန်းက အာပေါဘဲ၊ ပျက်သောက ဒုက္ခလက္ခဏာဘဲ။
ချွေးယိုက ၎င်း ၎င်း ၎င်း

## အာပေါဓါတ်နှင့်အနတ္တလက္ခဏာတွဲ၍ပေါ်ပုံကား

စေးထန်းက အာပေါဘဲ၊ ထားမရက အနတ္တလက္ခဏာ။
ချွေးယိုက ၎င်း ၎င်း ၎င်း

## ရုပ်နာမ်ခွဲပြပုံ သုတ္တန်နည်း

သွားက–ရုပ်သွားတယ်– စိတ်နာမ်၊ မှတ်–သတိနာမ်။
အဆင်း–ရုပ်၊ မြင်–စိတ်နာမ်၊ လိုချင်–စေတသိက်နာမ်။

## ရုပ်နာမ်ခွဲပြပုံ အဘိဓမ္မာနည်း

လက်ဖျား၌ပေါ်သော ရွရွ–မွမွက ရုပ်တရား။
ရင်တွင်းသိသိနေဒါက စိတ်–နာမ်တရား။

## နာမရူပ ပရိစ္ဆေဒအခန်း

## ပညတ်ပရမတ်ခွဲပုံ (သုတ္တန်နည်း)

| | | | |
|---|---|---|---|
| သွား | သွားတယ် | မှတ် | (ပရမတ်) |
| ရုပ် | စိတ်နာမ် | သတိနာမ်၊ | |
| ငါသွား | ငါသွားတယ် | ငါမှတ် | (ပညတ်) |

## ၅၂ဒိဋ္ဌိကွာပုံကား

(၁) သွားသည်၊ ရုပ်ပင်တည်း။ ထိုသွားရုပ်၌ ငါမပါ၊ (ဒိဋ္ဌိကွာပြီ) (၂)သွားတယ်သည် စိတ်နာမ်ပင်တည်း။ ထိုသွားတယ်၊ စိတ်နာမ်၌လည်း၊ ငါမပါ (ဒိဋ္ဌိကွာပြီ။) (၃) မှတ်သည် သတိ၊သမာဓိပညာပင်တည်း၊နာမ်ပင်တည်း။ထိုမှတ်နာမ်၌လည်း ငါမပါ၊ (ဒိဋ္ဌိကွာပြီ)ဟုမှတ်လေ။

လိုရင်းကား၊ ငါဟူသောပညတ်နှင့်သွားဟူသောရုပ်ပရမတ် သွားတယ်ဟူသော စိတ်ပရမတ်၊ မှတ်ဟူသောနာမ် ပရမတ်တို့ကို ခွဲခြားသိသဖြင့်၊ ဒိဋ္ဌိကွာ–ရုပ်နှင့်နာမ် ဘွဲ့သဖြင့် (ဒိဋ္ဌိကွာပြီ။) ဤကား အချို့ဆရာတို့နည်း။

## နာမရူပ ပရိစ္ဆေဒအခန်း

ပညတ်ပရမတ်ခွဲပုံ (အဘိဓမ္မာနည်း။)

အားထုတ်သောအခါ မျက်စိထဲ၌ လက်လက်တွေ၊ ပြောင် ပြောင်တွေ အခိုးတွေတွေ့ရ၊ ဘုရားတွေ ဗိမာန်တွေ၊ အရာရာ မြင်နေရ၏။ အဲဒါက ပညတ်တရားအစုပင်တည်း။ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ကိုထောက်လေ။

မျက်စိဖြင့်မမြင်ရဘဲ အသားထဲက ရွရွ၊ မွမွ၊ ပွပွ၊ ကြွကြွတွေ ရ၏။ အဲဒါက ရုပ်ပရမတ်အစုပင်တည်း။ ရွရွပေါ်လျှင်သိ၊ မွမွ ပေါ်လျှင်သိ၊ ပွပွပေါ်လျှင်သိ၊ ကြွကြွပေါ်လျှင်သိ အဲဒီ သိ သိ နေဒါကို နာမ် တရား ဟုမှတ်။ (၁) ပညတ် ပရမတ် ကွဲ၍

တကယ်တွေ့ရဒါက (ဒိဋ္ဌိကွာ။) (၂) ရုပ်နာမ်ကွဲ၍ ပေါ်ဒါ သိရဒါက (ဒိဋ္ဌိကွာ) ဤပရမတ်မှ သာလျှင် စစ်တမ်းကြီး ၁၆-ပါး၊ ၁၉-ပါးနှင့်စစ်ဆေးလျှင် ဟုတ်မှန်ကြောင်း၊ ပရမတ် စစ်ကြောင်းပညာရှိတို့ဝန်ခံကြလေသည်။ ။ဤကားဉာဏစာဂီ မဟာထေရ်နည်း။

**ပစ္စယပရိဂ္ဂဟအခဏ်း**

သုတ္တန်နည်း (ဆရာအချို့အယူ။)

**သွားချင်-သွား သွားတယ်-မှတ်၊ လေးချက်၌။**

၁ ၂ ၃ ၄

**နာမ် ရုပ် စိတ် နာမ်**

သွားချင်သောအကြောင်းကြောင့် သွား-ရုပ် အကျိုးပေါ် (ကြောင်းကျိုးတရပ်) သွားရုပ်ပေါ်သောကြောင့် သွားတယ် သိ။ (ကြောင်းကျိုးတရပ်) သွားတယ်သိလို့-သွားဒါမှတ်မိ။ (ကြောင်းကျိုးတရပ်) ဤလို အကြောင်းအကျိုးခွဲ၍ သိလျှင် ပစ္စယပရိဂ္ဂဟဉာဏ်ရောက်ပြီ။

**ပစ္စယပရိဂ္ဂဟ အခဏ်း**

အဘိဓမ္မာနည်း (ဉာဏစာဂီအယူ။)

ရှုရှုပေါ်လို့-သိရ၏။

ရှုရှု-ရုပ်ကားအကြောင်းတရားတည်း။သိနာမ်ကား အကျိုး တရားတည်း။ ဤလို ကြောင်းကျိုး ခွဲ၍သိလျှင်၊ ပစ္စယပရိဂ္ဂဟ ဉာဏ်သို့ရောက်ပါပြီ။ မွမွ,ပွပွ,ကြွကြွ,ပူပူ,ဧဧ စသည်တို့ပေါ်ရာ၌ ဤအတိုင်းသိပါ၊ ခွဲကြည့်ပါကုန်။

## သိပယ် ဆိုက်ပွါး၊ လေးပါးကိစ္စ အပိုင်ရ မုချပရမတ်

ဤလင်္ကာ တခုထဲကိုပင် သုတ္တန်နည်း အဘိဓမ္မာနည်းဖြင့် ခွဲပြဦးအံ့။

### သုတ္တန်နည်း

သိ ဒုက္ခသစ္စာ၊ ပယ် သမုဒယသစ္စာ၊ ဆိုက် နိရောဓ၊ ပွါး မဂ္ဂသစ္စာ၊ လေးပါးတည်း။

ဆရာအချို့ကား ရုပ်နာမ်ကိုရင်း၊ အောက်ပါ အချက်စုကိုရင်း၊ သိရုံသဘောကျရုံနှင့် ပယ်နိုင်၏ဟု ယူဆ ဟောပြောကြသည်။

### အဘိဓမ္မာနည်း

သိ–ဒုက္ခသစ္စာ၊ ပယ်–သမုဒယသစ္စာ၊ ဆိုက်–နိရောဓသစ္စာ၊ ပွါး–မဂ္ဂသစ္စာ လေးတည်း။

ဉာဏစာရိမှုကား–သင်သိ၊ မေးသိ၊ နာသိ၊ ဆောင်သိ၊ ဆင်ခြင်သိဟူသော အသိမျိုးဖြင့် ခရီးမရောက်သေး ကိုယ်တွေ့တွေ့ပါမှ သိပါမှ ပယ်နိုင်သည်။

### အချို့ဆရာများရေးပုံ

| | | |
|---|---|---|
| သိ–ဒုက္ခသစ္စာနယ် | | ပယ်–သမုဒယသစ္စာနယ် |
| အနိစ္စထင်တုံး | .... | နိစ္စပျောက် |
| ဒုက္ခထင်တုံး | .... | သုခပျောက် |
| အနတ္တာထင်တုံး | .... | အတ္တာပျောက်။ |
| ငြီးငွေ့ထင်တုံး | .... | နန္ဒီပျောက်။ |

တပ်မက်ကင်းတိုး .... ရာဂပျောက်၊
ချုပ်ထားမြင်တိုး .... ဖြစ်ထားပျောက်၊
စွန့်လွှတ်နေတိုး .... အားထုတ်ပျောက်။

## ဉာဏစာဂီရေးပုံ

| | | | |
|---|---|---|---|
| သိ-ဒုက္ခသစ္စာနယ် | | | ပယ်-သမုဒယသစ္စာနယ် |
| အနိစ္စတွေ့တိုး | .... | နိစ္စပျောက် | ကွာလှချည်လား။ |
| ဒုက္ခတွေ့တိုး | .... | သုခပျောက် | ရှင်း |
| အနတ္တတွေ့တိုး | .... | အတ္တပျောက် | ။ |
| ငြီးငွေ့တွေ့တိုး | .... | နန္ဒီပျောက် | ။ |
| တပ်မက်ချုပ်တိုး | .... | ရာဂပျောက် | ။ |
| ချုပ်ထားတွေ့တိုး | .... | ဖြစ်ထားပျောက် | ။ |
| စွန့်လွှတ်ရောက်တိုး | .... | အားထုတ်ပျောက် | ။ |
| ပရမတ်ပေါ်တိုး | .... | ပညတ်ပျောက် | ။ |
| ရုပ်နာမ်တွေ့တိုး | .... | ဒိဋ္ဌိပျောက် | ။ |
| ဓါတ်တွေ့ပေါ်တိုး | .... | မောဟပျောက် | ။ |
| ဉာဏ်မြင်ပေါ်တိုး | .... | ယုံမှားပျောက် | ။ |

**မှတ်ချက်။** ။ကုန်တယ်၊ ပျက်တယ်၊ ပြိုတယ်၊ ချုပ်တယ် ခမ်းတယ်၊ ပျောက်တယ်၊ ငြိမ်းတယ်၊ ကင်းတယ်၊ ဒီဟာများ အနိစ္စထင်တာ၊ အပျက်ထင်တာဘဲဟု၊ စွဲစွဲ မြဲမြဲ မှတ်လိုက်ကြ။

## သစ္စာလေးပါးတရားတော်လက်ာများ

၁။ ဒုက္ခ သမုဒယ၊ နိရောဓ၊ မဂ္ဂလေးသစ္စာ။

၂။ အိုင်းနှာ ညှော်သင်း၊ ရောဂါကင်း၊ ဆေးမင်း လေးသစ္စာ။
၃။ ဖြစ်ခြင်း ပျက်ခြင်း၊ ဖေါက်ပြန်ခြင်း၊ မယှဉ်း ဒုက္ခမှတ် (ဒု။)
၄။ ဖြစ်ချင် ပြန်က၊ သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။ (သ)
၅။ ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမြတ်။ (မဂ်)
၆။ မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။ (မဂ်)
၇။ မဖြစ်ပါမှ၊ နိရောဓ ဒုက္ခငြိမ်းမှတ်။ (နိ)
၈။ သစ္စာလေးပါး၊ မှန်တရား၊ ပိုင်းခြား သိအောင်မှတ်။
၉။ သံပေါက်လက်ာ၊ ဤကဗျာ၊ နှုတ်မှာ ဆောင်ရှိမှတ်။
၁၀။ ကြိမ်ဖန်များးစွာ၊ ကြံစည်ပါ၊ မှန်ရာ သိကြောင်းမှတ်။
၁၁။ အမှန်သိမှ၊ သည်ဒုက္ခ လွတ်ရလိမ့်မည်မှတ်။

## (တနည်း) သစ္စာလေးပါး တရားတော်ကာ

ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်မဖြစ်၊ သစ္စာလေးပါး တရားအစစ်။ သမု-ဒုက္ခ-မဂ္ဂ-နိရောဓ-စပ်ဟပ်၍ယူပါကုန်။

သစ္စာလေးပါး၏ အနက်အဓိပ္ပါယ်။ စတုသစ္စာနိ၊ ဤကား ဒုက္ခ၊ ဤကလက်သည်၊ ဤသည်ချမ်းသာ၊ ဤမှာလမ်းပေါက် ဟူသော သစ္စာလေးပါတို့ကို—

### သစ္စာအနက် ၁၆-ချက်လက်ာ

နှိပ်စက် ပူပြင်၊ ပူပင်ဖေါက်ပြန်၊ ဤလေးတန်၊ မှတ်ရန် ဒုက္ခနယ်။

ဆီးပွေး နှင်းဆောင်၊ ဖွဲ့နှောင် နှောက်ရှက်၊ ဤလေးချက် သက်သက်သမုနက်။
အားထုတ်ဆောင်တတ်၊ ယှဉ်စပ်ဆီးတား၊ ဤလေးပါး၊ မှတ်သားသမုနက်။
ကျွတ်လွတ်ဆိတ်ကွေ၊ မသေမပြု ဤလေးခုမှတ်ရှုနိရောနက်။
ထွက် မြောက်တည်ခိုင်၊ မြင်နိုင်ကြီးကဲ၊ ဤလေးတွဲ၊ မှတ်စွဲ မဂ္ဂနက်။

**လင်္ကာ။** ။ဘီလူးဂါမ၊ သိကာယထာ၊ ကြောက်ရွာ နိဗ္ဗာန်၊ ပြေးရှိန်မင်္ဂရ၊ လွတ်ကဖိုလ်မှန်၊ ပြန်ကြည့်ပစ္စဝက်၊ နိဗ္ဗာန် တက်သည်၊ငါးချက်ကျင့်စဉ် လမ်းရိုးတည်း။ (လောကုတ်နိဗ္ဗာန်)

**လင်္ကာ။** ။ဆန်ရွာ ပရိယတ်၊ ချက်အပ် ဝိပဿနာ စားဒါမင်္ဂရ၊ ဖလဝဖြိုး၊ အိပ်လုပ်မျိုးသည်။ ခေါ်ရိုး နိဗ္ဗာန် လောကီတည်း။

## အရိယာဆိုတာကဘာလဲ

(အရိ)က တပုဒ်၊ (ယာ)ကတပုဒ် ဤလိုပုဒ်ခွဲကြပါ။(အရိ) ဆိုတာ တိုက်ရိုက်အဓိပ္ပါယ်ကတော့ (ရန်သူအနန္တ)ကို ဆိုလိုပါ သည်။ (ယာ)ကတော့ လွတ်မြောက်ခြင်းကို ဆိုလိုပါသည်။ နှစ်ခုပေါင်းစပ်တော့ (အရိယာ) ရန်သူကြီးအနန္တ၊ ရန်သူ့နယ် အနန္တမှလွတ်မြောက်ရပါပြီဟုဆိုလို၏။ (၁)အပါယ်ရန်သူကြီး။ (၂)ဆင်းရဲရန်သူကြီး။ (၃) ဘုံစဉ်မစဲနိုင်သော ရန်သူကြီးတို့မှ

လွတ်မြောက်ပါပြီဟုဆိုလို၏။ ထို့ကြောင့် ဉာဏစာဂီဆရာတော် အနက်ပေးပုံမှာ အရိယာ–အပါယ်လည်းကင်း၊ ဆင်းရဲလည်း လွတ် ဒုက္ခမှကျွတ်သဖြင့် မုချပင် ကင်းလွတ်တော်မူကြကုန်သော အရိယာအရှင်မြတ်ကြီးတို့သည်––

ဤတရားတွေ့ပါလျှင် ငါအရိယာဖြစ်ပြီဟု သေသေချာချာ မှတ်ထော့။

## ကမ္မဋ္ဌာန်းထိုင်ရာ၌ ၃၇–ပါးဝိဇ္ဇာပေါ်ပုံ

၁ **သတိထား**–ကုသိုလ်၊သတိလွတ်လျှင် ဥဒ္ဒစ္စဖြစ်၍ ကုသိုတ် အကုသိုလ်၊ ဤနှစ်မျိုးစလုံးပင် ခန္ဓာကိုယ်ထဲသို့ သူဝင် ငါထွက် ဖြစ်ချက်ကို၊ သက်သက် သဘာဝအတိုင်း တွေ့ရ၊သိရသဖြင့် (ကမ္မဿကတာဝိဇ္ဇာမှိုရ်) ဘဝသို့ရောက် ရ၏။

၂။ ကုသိုလ်နှင့် အကုသိုလ်စစ်ပွဲ၊ ပယောဂ ဝိဇ္ဇာဟုဆိုရာ၌ ပြခဲ့ပြီးအတိုင်း အကုသိုလ် ဝင်နေလိုက်၊ ကုသိုလ်ဖြစ် အောင် အတင်းအဓိဋ္ဌာန်ထား၍ သတိထားလိုက်နှင့် ခန္ဓာကိုယ်စေတလင်း၌ အကုသိုလ်နှင့် ကုသိုလ် အပြင်း ချီ၍ စစ်ခင်းနေပေရာ၊ အကုသိုလ်ဘက်၌ ပြန့်လွင့်ရှိနှင့် အကုသိုလ်ဖြစ်၏၊ ကုသိုလ်ဘက်၌မူကား၊ အတင်းအား ထုတ်ပါမှ၊ ကုသိုလ်ဖြစ်ပုံကို ကိုယ်တွေ့သိရ၏။ သိသဖြင့် အလေ့ဝါသနာ အထုံပါအောင်အမျိုးမျိုး ကူညီပေးမှ ကုသိုလ်အဖြစ်ချည်း၊ တိုးတက်၍နေပေမည်၊ တကားဟု

အကူအညီပြုမှု ဟူသောပယောဂ ဝိဇ္ဇာဓိုရ်အသိဉာဏ်ပိုမို ရှိလာတတ်သည်။ ပယောဂဝိဇ္ဇာဓိုရ်ဘဝရောက်ပြန်၏။

၃။ ပုထုဇ္ဇနောကို သဘောမိ၊ သဘာဝဝိဇ္ဇာဆိုရာ၌၊ အရူး တယောက်သည်။ မိမိ၏စိတ်ကို မထိန်းနိုင်သဖြင့် ပြော လိုရာပြော၊ ပြုချင်ရာပြု၍နေတတ်၏။ ထို့ကြောင့်ပင် အရူးဟုခေါ်ရ၏။ ငါတို့ပုထုဇဉ်ပုဂ္ဂိုလ်ကား၊ ထို့အရူး ထက်ပင်စိတ်ကိုမထိန်းနိုင်ဘဲ။ ပြုချင်ရာပြု၊ ပြောချင်ရာ ပြောလျက်နေကြ၏။ ဥပမာ–စိတ်ကို ထိန်းလျက် ကမ္မ ဋ္ဌာန်းရှုရာ၊ စိတ်ကို ဘမ်းလေ– ပြေးလေ– ဘမ်းလေ– ပြေးလေနှင့် အ ရူး ထက်ပင် စိတ်မနိုင်ဘဲ ရှိတော့၏။ ဒါ့ကြောင့်ပင် ဘုရားသခင်က ငါတို့ကို (ပုထုဇ္ဇနော ဥမ္မတ္တကော )ဟု ဟောခဲ့ပေတာဘဲဟု၊ ဘုရားဟောနှင့် ကိုယ့်ဖြစ်ပုံ ကိုက်နေကြောင်း သိရသဖြင့်၊ ရယ်မိ၏။ ပြုံးမိ၏။ ကိုယ့်သဘာဝနှင့် ဘုရားဟော သဘာဝကို ရိပ်မိ၏။သဘာဝဝိဇ္ဇာ။

၄။ ကမ္မဋ္ဌာန်းထိုင်ရင်းပင် အလင်းမျိုးမျိုး နိမိတ် အမျိုး မျိုးထင်၏၊ အဲတာတွေပင် ပညတ်တရားဖြစ်ရာ ပညတ္တိ ဝိဇ္ဇာဓိုရ်ဘဝသို့ရောက်ပြန်၏။

၅။ ရှရှ,မှမှ စသည်ဖြင့်ပထဝီဓါတ် ၁၃–မျိုး၊ဝါယောဓါတ် ၁၁–မျိုး၊တေဇောဓါတ် ၆-မျိုး၊ အာပေါဓါတ် ၂–မျိုး တို့ထဲက တခုခုပေါ်သဖြင့် ပရမတ္ထ ဝိဇ္ဇာဓိုရ်ဘဝသို့ ရောက်ပြန်တော့၏။

၆။ တောင့်တင်း လေးလံခြင်း စသော ဓါတ်များတွေ့ရ၍၊ ပထဝီဝိဇ္ဇာခိုရ်ဖြစ်၏။

၇။ ဆေးထန်း, ဆေးထန်း စသော ဓါတ်များကို တွေ့ရ၍ အာပေါဝိဇ္ဇာခိုရ်ဖြစ်၏။

၈။ ပူပူ, ဧဧ နွေးနွေး ရှိန်ရှိန် စသော ဓါတ်များ တွေ့ရ၍ တေဇောဝိဇ္ဇာခိုရ်ဖြစ်၏။

၉။ လှုပ်ရှား, ယိမ်းယိုင်ခြင်း စသော ဓါတ်များ တွေ့ရ၍ ဝါယောဝိဇ္ဇာခိုရ်ဖြစ်၏။

၁၀။ ရှတခုပျက်မှ ရှတခုပေါ်၊ ပူဇွဲ့လည်း ဤနည်းတွေ့ရသဖြင့် မမြဲသောသဘောကို ကိုယ်တွေ့အမြဲ တွေ့ရခြင်းကြောင့် အနိစ္စဝိဇ္ဇာခိုရ်ဖြစ်၏။

၁၁။ ရှရှ, မှမှတွေ့ဟာလဲ တခုသေမှ တခုပေါ် နေသဖြင့် သေခြင်းဒုက္ခကို တွေ့ရသဖြင့် ဒုက္ခဝိဇ္ဇာခိုရ်ဖြစ်တော့၏။

၁၂။ ရှရှ, မှမှတို့ပင် တားမရ,ဆီးမရ စိတ်အလိုမလိုက်ကျဘဲ၊ သူ့သဘာဝအတိုင်း ဖြစ်ချင်သလိုဖြစ်နေဒါကိုမုချတွေ့ရ၍ အနတ္တဝိဇ္ဇာခိုရ်ဖြစ်တော့၏။

၁၃။ ရှရှတွေ့သောအခါ၊ ထိုရှရှတို့ပင် ဖြစ်ပျက်,ဖြစ်ပျက်နှင့် သဘောတူတွေ့ရ၏။ သဘောတူကို ကေတ္တာနည်းခေါ်၏။ ရှတခုသေလျှင် ရှတခုပေါ်ခြင်းကြောင့်သေလျှင်ပြတ်၏ နောက်ဆပ်မဖြစ်တော့ဘူးဟု ယူ၍ထားသော ဥစ္ဆေဒဒိဋ္ဌိကြီးပြုတ်ကွာတော့၏။ ကေတ္တာဝိဇ္ဇာခိုရ်လည်း ဖြစ်တော့၏။

၁၄။ ရုပ်ရုပ်တွေ့သောအခါ ဖြစ်ပျက်ခြင်းတော့တူပါ၏။ ရှေးရုပ်သည်၊ နောက်ရုပ်မဟုတ်၊ တခုစီဟုသိပြန်၏။ တခုစီဘဲဟု သိခြင်းက နာနတ္တဝိဇ္ဇာရောက်၏။ ရုပ်တခုသေမှ ရုပ်တခု ဖြစ်ခြင်းကြောင့် အမြဲထင်သော သဿတဒိဋ္ဌိပြုတ်၏။

၁၅။ ရုပ်ရုပ်,မှုမှုခါတ်များ ဖြစ်ရခြင်းသည်၊ တန်ခိုးကြီးသော လူ့,နတ်,ဗြဟ္မာ,နဂါး,ဂဠုန်, ထာဝစဉ်ဘုရားတို့ ဖန်ဆင်း၍ထားမှုမဟုတ်၊ စင်စစ်ကား ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား တို့ကြောင့်သာ လျှင်ဖြစ်ရ၏ဟုအဟုတ်အမှန်သိရ၏၊ ဖန်ဆင်းသူကြောင့် ဖြစ်သည်ဟုထင်လျှင် ဗျာပါရဒိဋ္ဌိ ကံ,စိတ်,ဥတု,အဟာရ ကြောင့်ထင်လျှင် အဗျာပါရနည်း၊ အတ္တဒိဋ္ဌိလည်းပြုတ် ကွာတော့၏။

၁၆။ ရုပ်ရုပ်, မှုမှု ဓါတ်များသည်၊ နိယာမတရားအတိုင်းသူ့ပင် ကိုယ် သဘာဝ အတိုင်းဖြစ်၏ဟု ကောန်သိလျှင်၊ ဧဝံ ဓမ္မတာဝိဇ္ဇာဝိုရ်ဖြစ်၏။ အကြိယဒိဋ္ဌိပြုတ်၏။ အကြိယဒိဋ္ဌိ ပြုတ်ခြင်းကား ပြုပြင်၍နေရသည်ကို အမှန်တွေ့သော ကြောင့်တည်း။

၁၇။ ရုပ်ရုပ်, မှုမှု၊ ပူပူစေ စသော ဓါတ်များ တွေ့သောအခါ ထိုဓါတ်တို့၌ ဓါတ်ပါဘဲ၊ သဘောမျှပါဘဲဟု၊ အမှန် အတိုင်းမြင်၍၊ရုပ်ရုပ် စသည်ကို ငါမထင် သူမထင်၊လူ့,နတ် ဗြဟ္မာမထင်၊ မိန်းမ, ယောကျ်ားမထင်၊ အမှုန်, အမွှား

အတုံး,အတစ်၊ အစိုင်,အခဲ စသော ပညတ်ထင် မထင်တော့ဘဲ၊ ပယ်ပြီး သတ်ပြီးဖြစ်သောကြောင့် ပညတ်ကို ပယ်နိုင်သော ပဟာနဝိဇ္ဇာမိုရ်ဖြစ်တော့၏။

၁၈။ ကမ္မဋ္ဌာန်း ထိုင်သောအခါ၊ လက်ဖျား၌ ရွရွ, မွမွနှင့် ရုပ်ဓါတ်ပေါ်၏။ ရင်ထဲ၌ရှိသော စိတ်နာမ်ကသိရ၏။ စိတ်နာမ်နှင့်ရုပ်ကို ထွာ၍ကြည့်သောအခါ လေးထွာမျှဝေးကွာလျှက်ပင်တွေ့ရ၏။ ဤလို ရုပ်တခြား, နာမ်တခြား မရောမနှောဘဲ တွေ့ရသဖြင့် နာမရူပ ပရိစ္ဆေဒဝိဇ္ဇာမိုရ်ဖြစ်ပြန်တော့၏။

၁၉။ လက်ဖျား ခေါင်းဖျားစသည်၌ ရွရွ, မွမွ ရုပ်ဓါတ်ပေါ်လျှင်၊ရင်တွင်း၌ ရှိသော စိတ်နာမ်ကထိလျက်ပေါ်ရ၏။ ရွရွရုပ်ကြောင့် အသိနာမ်ပေါ်ရ၏။ ပူစရာကို တွေးတောလျှင်၊ တနာရီမကာတရင်လုံးပူ၏၊ စိတ်ကြောင့်ရုပ်ဖြစ်ပုံတည်း။ ။နွေဥတုရောက်လျှင် ပူပူ, လောလော နှင့်ချွေးယို၏။ ဥတုကြောင့်ရုပ်ဖြစ်ပုံ။ ။အစပ်ကိုစားလျှင်၊ အဝင်,အထွက်ပူ၏။ အာဟာရကြောင့် ရုပ်ဖြစ်ပုံ။ ဉာဏ်ရှိတိုင်း ကိုယ်တွေ့ရှာကြည့်ပါကုန်။ ရုပ်,နာမ်ဟာ ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်ရတယ်ဟု အမှန်သိ၍ ပစ္စယ ပရိဂ္ဂဟ ဝိဇ္ဇာရောက်ရ၏။

၂၀။ ရွရွ, မွမွဓါတ်များသည်၊ ဖြစ်ပျက်,ဖြစ်ပျက်နှင့် မမြဲခြင်း အနိစ္စ၊ တခုသေမှ တခုပေါ်ရခြင်း၊ သေခြင်း ဒုက္ခ၊

အလိုလိုဖြစ်ခြင်း အနတ္တဟု အတွေ့ကိုသုံးသပ် နေသဖြင့် သမ္မသနဉာဏ် ဝိဇ္ဇာပေါက်ရောက်တော့၏။

၂၁။ ရှုတခုလျှင် အဖြစ်(ဥဒယ)အပျက်(ဝယ)နောက်နောက် ရှုရှု, မှုမှုတို့၌လည်း၊ ဤနည်းတူ တွေ့ရသဖြင့် အဖြစ်နှင့် အပျက်ဟူသော (ဥဒယဗ္ဗယ) ဝိဇ္ဇာခိုင်ရှိ ဖြစ်တော့၏။

၂၂။ ထို ရှုရှု, မှုမှုတို့သည် အပြုံလိုက်, အပြုံလိုက် အပျက်ကို သာတွေ့ရသဖြင့် ဘင်္ဂဝိဇ္ဇာရောက်၏။

၂၃။ ဤလို အပြုံလိုက်, အပြုံလိုက် ပျက်၍ နေရပါလျက် အကုသိုလ်အဖြစ်ခံ၍ ရှာဖွေရခြင်း, ပြုပြင် ပေးရခြင်း ကြောင့်ကြရခြင်း၊ တောင့်တ ပူပန်ရခြင်းများကို တွေး မိသောအခါ ဘင်္ဂနှင့် ဘယဉာဏ်ရောပြီး ဘယဝိဇ္ဇာခိုင်ရှိ ဖြစ်တော့၏။

၂၄။ ငါတို့ ရေးသားခဲ့ပြီးသော သဘာဝခမ္မ မှန်ပြကျမ်း အတိုင်း (က) (ခ) (ဂ) (ဃ) အမှတ်အသားဖြင့် အကု သိုလ်ဝင်ပုံ၊ ငရဲကြီး,ငရဲငယ်,အပါယ်လေးဘုံ၌ကြာရှည် ပုံများကို တွေးတော ဆင်ခြင် မိသောအခါ၊ ဘင်္ဂဉာဏ် စခမ်းနှင့်ချိန်လျှင်လည်း အားကိုးစရာမတွေ့၊ ဘယဉာဏ် စခမ်းနှင့် ချိန်လျှင်လည်း လာရောက်မည့်၊ ဒုက္ခကိုမုချ ပင်တွေ့ရတော့မည်။ အမှန်ကေန်ဖြစ်၍ ကြိုးဇဏ် သင့် သော ယောကျ်ားကဲ့သို့ ရုပ်အပြစ်၊ နာမ်အပြစ် ခန္ဓာ အပြစ်ကို နှစ်နှစ်, ကာကာ သိရသဖြင့် အာဒီနဝ ဝိဇ္ဇာ ခိုင်ရှိဖြစ်ရတော့၏။

၂၅။ အာဒိနဝ ဝိဇ္ဇာပေါ်လျှင် ငြီးငွေ့စိတ်ပျက်သဖြင့် နိဗ္ဗိန္ဒ ဝိဇ္ဇာဓိုရ်ဖြစ်တော့၏။

၂၆။ ငြီးငွေ့ရှိနေလျှင် ကျွတ်လွတ်ချင်သဖြင့် မုဥ္စိတုကမျတာ ဝိဇ္ဇာဓိုရ်ဖြစ်ရတော့၏။

၂၇။ ကျွတ်ချင်,လွတ်ချင်လျှင် ကမ္မဋ္ဌာန်းကိုသာ အားတိုက် ဖိသဖြင့် ပဋိသင်္ခါ ဝိဇ္ဇာဓိုရ်ဖြစ်၏။

၂၈။ အားတိုက်ဖိလျှင် ရှာဖွေမှုစသည်တို့၌ ဥပေက္ခာထားရာ ရောက်၍ စားမှု, သောက်မှုကို ဂရုမပြုသဖြင့်၊ သင်္ခါရုပေက္ခာ ဝိဇ္ဇာဓိုရ်ဖြစ်တော့၏။

၂၉။ သင်္ခါရုပေက္ခာ အားကြီးလျှင် ပြခဲ့ပြီးသော ဝိပဿနာ ဉာဏ်နှင့်ရင်း၊ ရောက်လတံ့သော မဂ်ဖိုလ်ဉာဏ်နှင့်ရင်း လျော်၍ အနုလောမဝိဇ္ဇာဓိုရ် ဖြစ်တော့၏။

၃၀။ ဂေါတြဘုဝိဇ္ဇာ၌ကား(ပဝတ္တံ သင်္ခါရံအပဝတ္တံ နိဗ္ဗာနံ) ဟူသော ပဋိသမ္ဘိဒါမဂ်၊ ပါဠိတော်နှင့်အညီ၊ ရှရှ,မှမှနှင့် ဖြစ်သော ရုပ်သင်္ခါရ၊ ၎င်းတို့ချုပ်လိုက်ပျောက်လိုက်နှင့် တွေ့ရသော၊ အသင်္ခတနိဗ္ဗာန်ကို ပက္ခန္ဒန သဘောဖြင့် တွေ့ရကား ဂေါတြဘုဉာဏ် စခမ်းသို့ ဖြောင့်တန်းစွာ ရောက်ရတော့၏။

၃၁။ ရှရှ,မှမှနှင့် ဖြစ်ပျက်နေသော ရုပ်အားလုံး ပျောက်ပြီး သတိလစ်သလို ရိပ်ခနဲဖြစ်ပြီးလျှင် ဘယ်အနှေင့်မှ မတူသော အခေါတ်ရောက်၏၊ မဂ္ဂဝိဇ္ဇာပေါ်ပုံတည်း။

၃၂။ ချက်ခြင်း သတိရပြီးလျှင် တကိုယ်လုံး ဟာတာတာ ကျန်ရစ်ခဲ့၏။ ဖလဝိဇ္ဇာ။

၃၃။ ထို့နောက် ကိုယ်ပျောက် ရုပ်ပျောက်ကို ဆင်ခြင်သော မဂ္ဂပစ္စဝေက္ခဏာဝိဇ္ဇာ။

၃၄။ ဟာတာတာကို ဆင်ခြင်သော ဖလပစ္စဝေက္ခဏာဝိဇ္ဇာ။

၃၅။ ပျောက်ခြင်း ငြိမ်းခြင်း၊ မြေခြင်းကို ဆင်ခြင် သော နိဗ္ဗာနပစ္စဝေက္ခဏာဝိဇ္ဇာ။

၃၆။ မိမိပယ်နိုင်သော ကိလေသာကို ဆင်ခြင်သော၊ ပဟာန ပစ္စဝေက္ခဏာဝိဇ္ဇာ။

၃၇။ မိမိမပယ်နိုင်သော ကိလေသာကိုဆင်ခြင်သော သေသ ပစ္စဝေက္ခဏာ ဝိဇ္ဇာအားဖြင့် ၃၇-ပါးသော ဝိဇ္ဇာမိုရ် ဘဝလှုလှုကြီးရောက်ရတော့၏။

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်။ (၂)ပစ္စယပရိဂ္ဂဟဉာဏ်။ (၃) အနိစ္စဝိဇ္ဇာဉာဏ်။ (၄) ဒုက္ခဝိဇ္ဇာဉာဏ်။ (၅) အနတ္တဝိဇ္ဇာဉာဏ် ပေါ်ပြချက်ကား။

| ရုပ် | .... စိတ် | .... စေတသိက် | .... ရုပ် |
|---|---|---|---|
| ဘုရားအဆင်း .... | မြင် | .... ကြည်ညို | .... ရှင်လန်း |
| ဘီလူးအဆင်း .... | မြင် | .... ကြောက်လန့် | ....တုန်လှုပ် |
| နတ်သမီးအဆင်း.... | မြင် | .... ကြည့်ချင် | ....ငေးမော |

ဘုရားအဆင်းက ရုပ်တရားတည်း။ မြင်က စိတ်နာမ်တရား ပင်တည်း။ကြည်ညိုက စေတသိက်နာမ်တရားပင်တည်း။ ရှင်လန်း

ကရုပ်တရားပင်တည်း။ ဤလို ရုပ်နာမ်ကိုခွဲ၍ သိပါလျှင် တွေ့ပါလျှင် နာမရူပ ပရိစ္ဆေဒစခမ်း အောင်မြင်ပါပြီ။ ဒုတိယအတန်း၌လည်း၊ ဘီလူးအဆင်းက ရုပ်တရားပင်တည်း။ မြင်က စိတ်နာမ်တရားပင်တည်း။ ကြောက်လန့်က စေတသိက် နာမ်တရားပင်တည်း။ တုန်လှုပ်က ရုပ်တရားပင်တည်း။ ဤလိုခွဲသိက နာမရူပ ပရိစ္ဆေဒအောင်ပြီ။

တတိယစခမ်း၌လည်း၊ နတ်သမီးအဆင်းကရုပ်တရား မြင်က စိတ်နာမ်တရား။ ကြည့်ချင်တာက စေတသိက်နာမ်တရား။ ငေးမောကရုပ်တရား၊ နာမရူပ ပရိစ္ဆေဒဉာဏ်။

## ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်အောင်ပြုအံ့

ဘုရားအဆင်းပေါ်လို့ မြင်ရသည်၊ အဆင်းက အကြောင်းတရား၊ မြင်ကအကျိုးတရား ခွဲ၍သိ။ မြင်လို့ကြည်ညိုရသည် မြင်က အကြောင်းတရား၊ ကြည်ညိုက အကျိုးတရားခွဲသိ။ ကြည်ညိုလို့ ရှင်လန်းရသည်၊ ကြည်ညိုက အကြောင်းတရား၊ ရှင်လန်းက အကျိုးတရားဟုခွဲသိ၊ ဤလိုအဆက်ဆက် အကြောင်း အကျိုး ပါသိလျှင်၊ ပစ္စယပရိဂ္ဂဟဉာဏ်အောင်မြင်ပါပြီ။ ဒုတိယအတန်း၌ရင်း၊ တတိယအတန်း၌ရင်း။ ဤလို ကြောင်း ကျိုးဖေါ်၍ သိပါလေ။

## အနိစ္စဝိဇ္ဇာဉာဏ်ဖေါ်ပုံ

ဘုရားအဆင်းရုပ်၌ ဖြစ်အစ ဇာတိ, ပျက်အဆုံး အနိစ္စတွေ့ရသည်။ မြင်၌ ဖြစ်အစဇာတိ, ပျက်အဆုံး အနိစ္စတွေ့ရသည်။

ကြည်ညို၌ ဖြစ်အစဇာတိ,ပျက်အဆုံးအနိစ္စတွေ့ရသည်။ ရှင်လန်း၌ဖြစ်အစ ဇာတိ,ပျက်အဆုံး အနိစ္စတွေ့ရသည်။ (ဒုတိယအတန်း၊ တတိယအတန်း၌ ဤပုံခွဲသိကြပါကုန်။)

## ဒုက္ခဝိပဿနာဉာဏ်ပေါ်ပြပုံ

ဘုရားအဆင်း၌ဖြစ်အစ ပျက်ပြုန်းပျောက်သေရခြင်း အဆုံး ဒုက္ခတွေ့ရသည်၊ မြင်၍ဖြစ်အစ ပျက်ပြုန်း ပျောက် သေရခြင်း အဆုံး၌ ဒုက္ခတွေ့ရသည်၊ ကြည်ညို၌ဖြစ်အစ ပျက်ပြုန်းပျောက် သေရခြင်းအဆုံး ဒုက္ခတွေ့ရသည်။ ရှင်လန်း၌ ဖြစ်အစ ပျက် ပြုန်းပျောက်သေရခြင်း၊ အဆုံးဒုက္ခတွေ့ရသည်။ (ဒုတိယအတန်း တတိယအတန်း၌၊ ဤပုံခွဲ၍သိကြပါကုန်။)

## အနတ္တဝိပဿနာဉာဏ်ပေါ်ပြပုံ

ဘုရားအဆင်း၌မဖြစ်ချင်မနေရ၊ မပျက်ချင်မနေရ၊ တစ်းဆီး မရ အနတ္တတွေ့ရသည်။ မြင်၌ မဖြစ်ချင်မနေရ၊ မပျက်ချင်မနေရ တားမရ ဆီးမရ အနတ္တတွေ့ရသည်။ ကြည်ညို၌ မဖြစ်ချင် မနေရ မပျက်ချင်မနေရ၊ တားမရ၊ ဆီးမရ၊ အနတ္တတွေ့ရသည်။ ရှင်လန်း၌မဖြစ်ချင်မနေရ၊ မပျက်ချင်မနေရ၊ တားမရ ဆီးမရ အနတ္တတွေ့ရသည်။ (ဒုတိယ တတိတန်း၌ ဤနည်းခွဲ၍ သိကြပါကုန်။)

## အားလုံးပါဝင်နေပုံ

ဘုရားအဆင်း ရုပ်မြင်စိတ်၊ ကြည်ညိုစေတသိက်၊ ရှင်လန်း ရုပ်၊ ဤတရား ၄-ပါး၌ပင် ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ဗောဓိပက္ခိယ ၃၇-ပါး၊ပဋ္ဌာန်း

၂၄-ပစ္စည်း။ ပဋ္ဌာန်းစသမုပ္ပါဒ် ၁၂-ပါး၊ ဝိနည်း ၅-ကျမ်း၊ သုတ် ၃-ကျမ်း၊ အဘိဓမ္မာ ၇-ကျမ်း၊ နိကာယ် ၅ ရပ်၊ အင်္ဂါ ၉-တန်၊ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-ပါဝင်နေပြီးသား ဖြစ်တော့သည်။ သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်း၊ အဘိဓါန်နည်း။ နေတ္တိနည်း၊ ဘေဒစိန္တာနည်း၊ ပါဠိတော်နည်း၊ အဋ္ဌကထာနည်း၊ ဋီကာနည်း၊ အနုနည်း၊ မဓုနည်း၊ ယောဇနာနည်း၊ ဂဏ္ဌိနည်း အမျိုးစုံ ပါဝင်ပြီးသား ဖြစ်တော့သည်။ ပါဝင်နေလျက် ဖေါ်ထုတ်၍ မသိခြင်းသည်၊ မသိသူ၏ အပြစ်မျှသာ ဖြစ်ပါသည်။ နည်းစုံထည့်၍ ဟောသောဘုရားရှင်၏ အပြစ်ဟူ၍ တစိုးတစိမျှ မရှိတော့ပါ။

## အရိယာဆိုတာဘာလဲ

၁။ အာရုံပြုလတ်၊ ပရမတ် ဆတ်ဆတ် အရိယာ။ (လင်္ကာ)

ပရမော ဥတ္တမော အဝိပရိတော အတ္တောပရမတ္ထော။ ပညတ်တရားကဲ့သို့ မဖေါက်ပြန်ဘဲ လမ်းမှန်အတိုင်း၊ တသဘောတည်း ဖြစ်နေခြင်းကို ပရမတ္ထတရားဟု ခေါ်ပါသည်။ ဥပမာ-ရွှေတုံး တခုကို ဇွန်းသဏ္ဌာန်လုပ်၊ ဇွန်းဟုပညတ်ပေါ်လာသည်။ ပြန်၍ ဖျက် ဇွန်းပညတ်ပျောက်၊ ခက်ရင်းလုပ်လျှင် ခက်ရင်းပညတ် ပေါ်လာသည်၊ ပြန်၍ဖျက် ခက်ရင်းပညတ်ပျောက်၊ နွားရုပ်လုပ် နွားပညတ်ပေါ်လာသည်၊ ပြန်၍ဖျက် နွားပညတ် ပျောက်သွားသည်။ ပညတ်တရားကား ဤသို့ ဖေါက်ပြန် တတ်ချေသည်။ ပရမတ္ထတရားကား (၁) ရွှေတုံးဘဝ။ (၂) ဇွန်းဘဝ။ (၃) ခက်

ရင်းဘဝ။ (၄) နွားဘဝ။ ဘဝတိုင်း ဘဝတိုင်း၌ပင် ဝါသော အဆင်းမပျက် ပထဝီ မပျက်၊ တေဇောမပျက်၊ တသဘောထဲ မဖေါက်ပြန်ဘဲ၊ တည်နေသည့်၊ ပညတ်တရားကား ပြောင်း၍ ထင်မြင်ရ၏။

| ပညတ်တန်း | ရွှေတုံး | ဇွန်း | ခက်ရင်း | နွား | ဖေါက်ပြန်သည် |
|---|---|---|---|---|---|
| ပရမတ်တန်း | အဆင်းဝါ မ၁-၈ | အဆင်းဝါ မ၁-၈ | အဆင်းဝါ မ၁-၈ | အဆင်းဝါ မ၁-၈ | မဖေါက်ပြန်ပါ။ |

ဖေါက်ပြန်တတ်သော ပညတ်ကို အာရုံပြုသူကား ပုထုဇဉ် တည်း။ မဖေါက်ပြန်သော ပရမတ်ကိုအာရုံပြုသူကား အရိယာ တည်း။

အရိယာကား–နူမာဖွဲ့စေး၊ ပူလှေ့ပ်ရှား။ ဤ ၄–ပါးနှင့် မြင်ကြားနံလျက်၊ တွေ့သိဖက်၍၊ ကိုးချက်ရုပ်နာမ်၊ သိသော ဉာဏ် ကောန်ဒိဋ္ဌိကွာ–ဟူသော လင်္ကာအတိုင်း၊ ရုပ်ပရမတ် ဖြစ်သော ဓါတ်ကြီး ၄–ပါးနှင့်နာမ်ပရမတ်ဖြစ်သော နာမ်တရား ၅–ပါး၊ ၆–ပါးကိုသာ ဂရုပြု၍အာရုံပြုသည်။ ပုထုဇဉ်ကား လှသည်၊ချော သည်၊အမျိုး၊အရိုးကောင်းသည်ဟု၊မိန်းမသဏ္ဍာန်၊ ယောကျ်ား သဏ္ဍာန်တည်းဟူသော (နိမိတ္တဂ္ဂါဟီ)လက်ခြေ သဏ္ဍာန်, ကြန် အင်္ဂါသဏ္ဌာန်တည်းဟူသော (အနုဗျဉ္ဇနဂ္ဂါဟီ)ရောက်အောင် အာရုံပြုကြလေသည်။ ကုသမင်းဝတ္ထုကို ထောက်၍ ပရမတ် တည်းဟူသော ရုပ်တန်းတွင် မရပ်ဘဲ၊ ဘိနပ်တန်းအထိ သွားမိ

သောကြောင့် ကိလေသာ ရန်သူများ အနှင်းခံရ၊ အခိုင်းခံရ အပါယ်ချခံရလေသည်။

ပရမဿသဗ္ဗညုတဉာဏသဂေါစရော အတ္တောဘတိ ပရမတ္ထော မဖေါက်မပြန် မြတ်လှစွာသော သဗ္ဗညုတဉာဏ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဝိပဿနာဉာဏ်တို့ အာရုံဖြစ်သော ဓါတ်ကြီး ၄-ပါး၊ နာမ် ၅-ပါး၊ ၆-ပါးစသော တရားအစုအဝေးသည်၊ ပရမတ် တရားပင်တည်း။ ဥပမာပြရပါလျှင် သဲတလုံးကို ကလာပ်တခုထား၊ ယင်းသဲတလုံးမှုကား၊ ပထဝီ တေဇော၊အာပေါ၊ဝါယော ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော အဋ္ဌကလာပ် ရုပ်ဓါတ် ရှစ်ခုသာ ရှိနေသည်။ ဤကား ကလာပ်တခုထဲ၌ ပထဝီချင်း မရောမစပ် တေဇောချင်း မရောမစပ်၊ အာပေါချင်း မရောမစပ်၊ ကျန်သော ရုပ်ချင်းမရောမစပ်ဘဲ၊ ရုပ်ဓါတ် ၈-ပါး သက်သက် သာလျှင် မူလ ဘာဘာဝ အတိုင်း ရှိနေတာကို ပရမတ်တရား၊ ကလာပ် တခုဟုဆိုရသည်၊ဥပမာ သဲ ၂-လုံး၊၃-လုံးရောစပ်လျှင်အကြားက အာကာသခြား၍နေရကား၊ သမူဟပညတ် ဖြစ်ရပြန်တော့၏။ ကလာပ် ၂-ခု၊ ၃-ခု ရောစပ်လျှင် အာကာသခြားလျက် တည် နေရကား၊သမူဟပညတ်ဖြစ်ရတော့၏။ပရမတ် ကလာပ်ရောစပ်မှ သမူဟပညတ်ဖြစ်သည်။ အနည်းငယ်ခွဲ၍ ပြဦးအံ့။ ရထရေနုမြူ တလုံး၌ ပရမာနုမြူပေါင်း (၄၆၆၅၆)စုဝေး ရောစပ် နေရကား သမူဟ ပညတ်ဖြစ်၏။ တခဲထဲ တသားထဲ တပြင်ထဲ ထင်ခြင်း ကား၊ ဃနပညတ်တည်း။ ပုံသဏ္ဌာန် ထင်ခြင်းကား သဏ္ဌာန ပညတ်တည်း။ အဖြစ် အပျက်၊ မမြင်ခြင်းကား သန္တတိပညတ်

တည်း။ ရသရေနုမြူဟု ခေါ်ဝေါ်ပြောဆို ရခြင်းကား၊ နာမပညတ်တည်း။ ဤလို ကလာပ်တခု၊ ပရမတ်ကွင်းမနေဘဲ၊ ပညတ်ငါးပါးအထိ အာရုံပြုနေကြသူတို့ကား ပုထုဇဉ်ပင်တည်း။ ရှေ့ကလာပ်တခု၊ နောက်ရှိက ကလာပ်တခုဟု မရောစပ်ဘဲ၊ ပေါ်၍နေသည့်၊ အတိုင်း၊ တွေ့လျက် အာရုံပြုသူတို့ကား၊ အရိယာပင်တည်း။

## ၂။ ရန်သူကိုသတ် ဓါတ်ပေါ်လတ် ခေါ်မှတ်အရိယာ။

အရိံ ယာတိ ဇဟာဟီတိ အရိယာ။ ။အရိံ၊ အဝိဇ္ဇာနှင့်ဒိဋ္ဌိဝိစိတည်းဟူသော မူလရန်သူကို။ ယာတိဇဟာတိ၊ သတ်ဖြတ်စွန့်ပစ်တတ်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ အရိယာ၊ အရိယာပုဂ္ဂိုလ်မည်ပါပေသတည်း။ အဝိဇ္ဇာ ဖုံး ကွယ်၍ထားသောကြောင့်။ ရုပ်ကလာပ်ဓါတ်သား ပရမတ်သားကိုမမြင်ရ မမြင်ရသောကြောင့်ငါသူတပါးဟု၊ သက္ကာယဒိဋ္ဌိစွဲလမ်းသည်။ စွဲလမ်းသောကြောင့်ငါဟိုဘဝ၌ ဖြစ်မည်လား- မဖြစ်မည်လားဟု ဆင့်၍ ယုံမှားခြင်းဖြစ်ရသည်။ အဲဒီမူလရန်သူကြီးတို့ကြောင့်၊ အကုသိုလ်များကိလေသာများ ပေါက်ပွါး တိုးပွါး လာရသည်၊ ပွါးသောကြောင့် သံသရာက မလွှတ်မြောက်ဘဲ၊ ကျင်လည်၍နေရသည်။ ယခု ဝိပဿနာတရားကို အားထုတ်လိုက်သော ဝိဇ္ဇာတည်းဟူသော လေမုန်တိုင်းကြီးက အဝိဇ္ဇာတည်းဟူသော တိမ်တိုက်ကြီးများကို မဖုံးနိုင်အောင် မလွှမ်းနိုင်အောင် တိုက်ခိုက်လွှင့်ပစ်လိုက်သဖြင့် လ-ဟူသော ကလာပ်ပေါ် ဓါတ်ပေါ်-ပရမတ်

ခြားပေါ်လာရသည်။ ပေါ်လာသဖြင့်လည်း၊ ရွရွ မွမွ ပွပွ ကြွကြွ ဓါတ်ကလာပ်တွေဟာ ငါမဟုတ် သူမဟုတ်ဟု သက္ကာယဒိဋ္ဌိ အစွဲကြီးပြုတ်ကွာ ကျရရှာတော့သည်။ ငါမဟုတ်သဖြင့်လည်း ငါသည် ဟိုဘဝ၌ဖြစ်မည် လား–မဖြစ်မည်လားဟု၊ မှားနေစရာမလို။ ဒိဋ္ဌိနှင့် တပြိုင်နက် အသက်ထွက်ရရှာသည်။ ဤလို ဖုံးလွှမ်းထားသော အဝိဇ္ဇာနှင့် ဒိဋ္ဌိဝိစိရန်သူများကို သတ်နိုင်၍ ကလာပ်ဓါတ်သား၊ ပရမတ်သားကို မြင်လုံးထွားထွားနှင့် အာရုံ ထားနိုင်သူများသည်။ ပုထုဇဉ်မဟုတ်တော့ဘဲ၊ အရိယာဘသို့ မှချရောက်၍နေပါပြီ။

(က) ကိလေသာ၏ အာရုံကား ပုဂ္ဂိုလ် သတ္တဝါ ငါသူ ပညတ်တရားတည်း။

(ခ) ဝိပဿနာ၏ အာရုံကား ဓါတ်–၄၊ နာမ်–၅၊ ရုပ်နာမ် ပရမတ်တည်း။

(ဂ) မဂ်ဖိုလ်၏အာရုံကား နိဗ္ဗာန်တရားပင်တည်း။

(ကျက်ဆောင်ထားရန်)။ ။ကိလေသာ ပညတ္တိ၊မြတ်ဝိက ရုပ်နာမ်၊ ဓါတ်သိမှ ထုတ်ကြံသည်၊ နိဗ္ဗာန်ကိုမဂ်ထား၊ ကံသာရ ဝဋ္ဋနယ်ကို၊ လွတ်လွယ်ရန် ဝိနှင့်ရှောင်ရှား....ဟူသော ကဗျာ အစဗင်တည်း။

(က) ကိလေသာ၏ အာရုံဖြစ်သော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါးစသော ပညတ် ၁၆–ပါးကို အာရုံပြု၍နေပါလျှင် ကိလေသာပွါး၍သာနေမည်။ (ခ) ဝိပဿနာ၏ အာရုံဖြစ်သော

ဓါတ်ရုပ် ဓါတ်နာမ်ကို အာရုံပြု၍နေပါလျှင် တစက္ကန့်၌ နှင်း တကြိမ်ကျမျှပင် အကုသိုလ်စျာပနပြာကျ၍၊နှင်းတကြိမ်ကျမျှပင် ဂရုကံ ကုသိုလ်ကြီးများ စုဆောင်းမိမည်။ မဂ်ဗီဇ၊ ဖိုလ်ဗီဇများ လည်း၊ နှင်းတကြိမ်ကျမျှ တိုးပွါး၍နေမည်။ (၈) မဂ်၊ဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်ကိုသာ စိတ်ညွတ်၍နေပါလျှင်၊ တစက္ကန့် လျှင် ကုဋေတသိန်းခန့် နိဗ္ဗာန်ဆီသို့ ခြေအလှမ်းရနိုးနိုး နေပါ လိမ့်မည်၊ သို့ဖြစ်၍ ကမ္မဋ္ဌာန်းထိုင်သော အချိန်၌ ဝိပဿနာ၏ အာရုံဖြစ်သော ရုပ်နာမ်ကိုသာ ဘမ်းလျက်၊ပစ္စဝေက္ခဏာအချိန် ၌မူကား နိဗ္ဗာန်သို့ စိတ်ကိုစေလွှတ်၍၊ စိတ်ကိုညွတ်၍ နိဗ္ဗာန်ကို အာရုံပြု၍နေကြဘို့ရန် အထူးပင် တိုက်တွန်း နှိုးဆော် လိုက်ပါ သတည်း။

## ၃။ ရန်သူနယ်မှ လွတ်မြောက်ကြ ခေါ်ကြအရိယာ။

အရိဋ္ဌာနတောယာတိ အတိက္ကမတီတိ အရိယာ။ ။

အရိဋ္ဌာနတော၊ အပါယ် လေးဘုံ ကွဲဘေး၊မွဲဘေးအောက် ကျဘေး၊ နောက်ကျဘေး၊ ကြောက်စရာဘေး အသင်္ချေရှိသော ရန်သူ၏နယ်ကြီးထဲမှ။ ယာတိအတိက္ကမတိ လွန်မြောက်တတ်၏။ ဣတိ၊တသ္မာ ထို့ကြောင့်။ သော၊ ထိုသူသည်။ အရိယာ အရိယာ ပုဂ္ဂိုလ်မည်ပါတော့၏။ လိုရင်းချုပ်ကား၊ ဓါတ်လေးပါး တွေ့ရ၊ နာမ်တရားတွေ့ရသော သူများသည်။ ရုပ်နာမ်သင်္ခါရကိုသုံးသပ် သူများရှုသူများဖြစ်ကြပါ၍။ (ဝေဝံသင်္ခါရေ ဝိပဿန္တဿဘိက္ခု နော သာသနေ မူလံဩတိဏ္ဏ နာမဟောတိ၊လဒ္ဓသာသော၊လဒ္ဓ

ပတိင္ဆော၊နိယတဂတိကော၊ စူဠသောတာပန္နောနာမ။)ဟူသော ဗျာဒိတ်တော် မြွက်ကြီးအတိုင်း (၁)ဘုရားရှင်တို့၏ သာသနာ တော်ကြီး၌ အမြစ်တွယ်ပါပြီ။ ဘုရားသစ်ရှာစရာ, တရားသစ် ရှာစရာ,သံဃာသစ်ရှာစရာမလိုတော့ပြီ။ သာသနာတော်မကွယ် တော့ပြီ။(၂)သိဒ္ဓိကြီး ၉-ပါးလက်ကိုင်ရရှိနေသဖြင့် တသံသရာ လုံးသက်သာရာကြီး ရရှိ၍နေပါပြီ။ (၃)ရုပ်ယာဉ်စီးနင်း, နာမ် ယာဉ်စီးနင်း, အနိစ္စစကြာယာဉ်စီး, ဒုက္ခစကြာယာဉ်စီး,အနတ္တ စကြာယာဉ်စီးနင်း၍သာနေရသဖြင့်၊ တသံသရာလုံး ထောက် တည်ရာရရှိပါတော့သည်။ စကြာရသော စကြာမင်းများကဲ့သို့ ထောက်တည်ရာရ၍ နေပါတော့သည်။ (၄)ဒုဂ္ဂတိအပါယ်လမ်း ကြီးပိတ်သွားသဖြင့် သုဂတိဘုံတို့သာလျှင်၊ ဘုံစဉ်စံဘဝနှင့် ဂတိ မြဲပါတော့သည်။ (၅)စူဠသောတာပန် (အရိယာအငယ်စား)) ဘဝသို့ လှလှပပ, မြေမြကြီး ရောက်နေသဖြင့်၊ ပုထုဇဉ်ဘဝမှ လွတ်မြောက် ရပါတော့သည်။ ဤကား ယခင် ဗျာဒိတ်တော် ပါဠိ၏ အကျဉ်းချုပ်အဓိပ္ပါယ်ပင်တည်း။ဤလိုရန်သူ၏နယ်ထဲမှ လွတ်မြောက်ပြီးတော့၊ အရိယာနယ်ထဲသို့ ရောက်လျက်နေရ ကား အရိယာပုဂ္ဂိုလ်ဟု ဘုရားပစ္စေကာ အရိယာ ရဟန္တာကြီး များက ဘွဲ့တံဆိပ်ပေးခဲ့ပါသည်။

၄။ ပုထုငါပျောက် ရိငါရောက်၊ ခေါ်မြောက် အရိယာ။

၅။ ဒိဋ္ဌိငါပျောက် တငါရောက် ခေါ်လောက် အရိယာ။

ပုထုဇဉ် ငါအစွဲနှင့် ဒိဋ္ဌိ ငါအစွဲကား၊ အတူတူပင်တည်း။ အနာဂါမ်ရောက် ကာမ ရာဂ၊ ဗျာပါဒ ကုန်ခမ်းမည် ဖြစ်ရကား

**သောတာပတ္တိမဂ်**လည်း၊ တဏှာမကုန်သေး၊ **သောတာပတ္တိဖိုလ်**လည်း၊ တဏှာမကုန်သေး၊ သကဒါဂါမိ မဂ်ဖိုလ်နှစ်မျိုးစလုံး တဏှာမကုန်သေးသဖြင့်၊ ထိုအရိယာ လေးယောက်တို့ စွဲသော ငါကို တဏှာငါ အရိယာငါဟု ဆိုအပ်ပါသည်။ အတူတူပင် တည်း။ ပုထုဇဉ်ငါစွဲပုံနှင့် ဒိဋ္ဌိငါစွဲပုံကို ထင်ရှားအောင် ပြဦးအံ့။ ဥပမာ ယောကျ်ားတဦးပွဲသဘင်၌မင်းသားလုပ်၍က,၏။ကလျှင် ပွဲကြည့်သူမိန်းမများစိတ်၌ (၁) အက,ကောင်းသည်ဟုစွဲလမ်း ကြ၏။ (၂) အဆိုကောင်းသည်ဟု စွဲလမ်းကြ၏။ (၃)အမူအရာ ကောင်းသည်ဟု စွဲလမ်းကြ၏။ (၄) ယောကျ်ားသံ ပါသဖြင့် ယောကျ်ားအစစ်ပါဘဲဟု စွဲလမ်းကြ၏။ (၅) အိမ်ထောင်ဘက် ရန်၊ စိတ်ကူးရောက်တတ်ကြ၏။ ဤကား ပုထုဇဉ်ငါစွဲပုံ၊ ဒိဋ္ဌိငါ စွဲပုံကိုပြသော ဥပမာမျှသာတည်း။

အရိယာငါစွဲပုံ၊ တဏှာငါစွဲပုံ ဥပမာကား-ပွဲသဘင် တခု၌ မိန်းမတဦး မင်းသားလုပ်၍ က,ပြ၏။ က,ပြလျှင် မိန်းမတိုင်း (၁)အက,ကောင်း၏ဟု စွဲလမ်းကြ၏။ (၂) အဆိုကောင်း၏ဟု စွဲလမ်းကြ၏။ (၃) အမူအရာကောင်း၏ဟု၊ စွဲလမ်းကြ၏။ ဤမျှ သာ စွဲလမ်းကြ၏။ ဤမျှသာ စွဲလမ်းနိုင်ကြသည်။ ရပ်တန်းက ရပ်ကြသည်။ထိုထက်ကူး၍ ကွန့်၍(၄)ဒီသူဟာ ယောကျ်ားဘဲဟု မစွဲလမ်းနိုင်။ အဘယ့်ကြောင့်နည်း။ မိန်းမသံ မပျောက်ဘဲ ပေါ်လွင်ထင်ရှားနေသောကြောင့်တည်း။ (၅)အိမ်ထောင်ဘက် ပြုရန် စိတ်မကူးကြကုန်။ အဘယ့်ကြောင့်နည်း၊မိန်းမချင်းချင်း

ဖြစ်ထသောသိ၍နေသောကြောင့်တည်း။ ဤကား အရိယာ ငါစွဲပုံ
တကျောင်ငါစွဲပုံကို ပြသော ဥပမာမျှတည်း။ အရိယာဖြစ်ကြကုန်
သော ဘုရားများ၊ ရဟန္တာများသော်လည်း၊ ငါ-ငါဟု၊ အသုံး
ပြုကြသေးသည်။ချစ်သားအာနန္ဒာ ငါဘုရားသည်၊သာဝတ္ထိပြည်
၌ဝါဆိုမည်။ ငါ့သပိတ်တော်ဖြင့်ရေဆောင်ခဲ့ပါလော့စသည်ဖြင့်
ဝေါဟာရဖြစ်ရုံပြောဆိုကြကုန်သေး၏။ငါအစွဲမနာလှ၊အဘယ့်
ကြောင့်နည်း။ မျက်စိ, တမှိတ်ခန့်ကလေးအတွင်း၌ စိတ်ပေါင်း
ကုဋေတသိန်းချုပ်၍နေပေရာ၊ ဘယ်စိတ်ကိုရော်ရမ်း,မျှော်မှန်း၍
ငါဟုစွဲလမ်းရမည်နည်း။ ရုပ်ကလည်း၊ မျက်စိတမှိတ်ခန့်၌၊ ကုဋေ
ငါးထောင်ကျော် ချုပ်နေရာ ဘယ်ရုပ်ကို ငါဟုစွဲလမ်း ရမည်
နည်း။ ထမင်းအိုးမှ အငွေ့များကဲ့သို့ ပျက်ချင်တိုင်း ပျက်လျက်
တွေ့နေပေရာ၊ ဘယ်ဟာကိုစွဲလမ်းပြီး၊ ငါဘဲဟု ဆိုရမည်နည်း။
ငါတခွန်းအဆိုတွင် ရုပ်ပေါင်းကုဋေငါးထောင်ကျော် ပျက်ချင်
တိုင်းပျက်နေ၏။ အဘယ်အပျက်ကို ငါဘဲဟု စွဲလမ်းနိုင်တော့အံ့
နည်း။စွဲလမ်းရာပင်ရှာ၍မတွေ့တော့ပါ။ပုထုဇဉ်များ နားလည်
ရုံ၊ ငါဘဲ-သူဘဲဟု ပါးစပ်ပြောသာရှိတော့သည်။ဥပမာ မိခင်က
သားကို ဆိုဆုံးမလို့မရသဖြင့် တောထဲသွားလျှင် နင့်ကို ကျား
ကိုက်ပါစေ၊ ဆင်နင်းပါစေဟု ပါးစပ်ကတော့ ကြမ်းကြမ်း
ပြောလိုက်၏၊ စိတ်မနောကတော့ သားကို ဆူးကလေးမှအခြစ်
မခံလို၊ နေမှမပူစေလို၊ ရေမှမစွပ်စေလို။ ဤဥပမာ အတိုင်းပင်
စပ်ဟပ်၍ယူကြပါကုန်။ဤလိုအစွဲအလမ်းပြုတ်သူများကိုအရိယာ
ဟူ၍ခေါ်ဆိုအပ်၏။ တရားတွေ့ပြီး သူများသည်။ မိမိကိုယ်ကိုမြဲ

သေးဘယ်, အလိုလိုက်သေးတယ်ဟုထင်သေးရဲ့လားစဉ်းစားပါ မထင်လျှင် အရိယာမှ စစ်စစ်ပါဘဲမှတ်။

## ၆။ ပုထုအရိ အကုဖိ၊ အငြိမတူပါ။

## ၇။ အရိအကု ရောက်လာမှု ခေါ်ပြုအရိယာ။

ပုထုဇဉ်များ အကုသိုလ်ဝင်ပုံ၊ အကုသိုလ်ပြုပုံကတော့၊တအိမ်ဆင်း တအိမ်တက်နှင့် ပွါးလျက်သာ နေ၏။ ပြုစဉ်ကလည်း ဝမ်းမြောက်,ဝမ်းသာ သဲသဲ,မဲမဲ အစွဲအလန်းကြီးလှ၏။ အရိယာများ အကုသိုလ် ဝင်ပုံကတော့ အကုသိုလ်မှုကို ပြုရစေကာမူ၊ ရွန့်တွန့်တွန့် ကြောက်တောက်တောက်, လန့်တန့်တန့်ပါဘဲ။ ပြု၍ပြီးတော့လဲ မှားလေစွတကား စသည်ဖြင့်၊ နှလုံးမသာဘဲ အပြစ်မြင်ပြီးတော့ တော်ပါပေါ့ဟု တွန့်ဆုတ်,ကောက်ကွေ့ပြီး မှားမှန်းသိလျက် ပျောက်ဘို့သာ စိတ်ကူးလျက် နေတော့၏။ အရိယာအကုသိုလ်ကား ပြုသမျှနှင့်ရပ်တန့်၏။အပွါးမခံမိမိကိုယ်ကို စစ်ဆေးကြည့်ပါ။ ယခုပြသော သဘောအတိုင်း ညီညွတ်နေပါလျှင်၊ ငါအရိယာ ဖြစ်ပြီဟု ဝမ်းမြောက်တော့- ဝမ်းသာတော့။

ပုထုဇဉ်များ၏အကုသိုလ်မှုကား အရပ်မခံ၊ဟိုလူ့ထံသွားပြီး ပွါးစေ၏။ ဒီလူ့ထံသွားပြီး ပွါးစေ၏။ ဟိုအိမ်တက်ပြီးပွါး၊ ဒီအိမ်တက်ပြီးပွါးစေ၏။တတိုးထဲတိုး၍နေရမှုစိတ်ကျေနပ်သည်။ မိမိကိုယ်ကို ဤပုထုဇဉ်၏အကုသိုလ်ဝင်ပုံနှင့် စိစစ်ကြည့်ပါ။ ဤ

စိတ်ထားမျိုး ရှိသေးရဲ့လား၊ ကျန်သေးရဲ့လားလို့ စီစစ်၍ မတွေ့လျှင် အရိယာဘာဝ ရောက်ပြီဟုမှတ်လေ။

## ၈။ အားထုတ်ကျင့်က အာစာရ ခေါ်ကြအရိယာ။

စတ္တာရောဟိ အရိယာ၊ အာစာရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။ (ဒုကနိပါတ် တိလမုဋ္ဌိဇာတ်အဋ္ဌကထာပါဠိ)၌ ဗျာဒိတ်ပေးပုံ၊ အရိယာ အပါယ်လည်းကင်း၊ ဆင်းရဲလည်းလွတ်၊ ဒုက္ခမှကျွတ်သဖြင့် မုချဧင်ကင်းလွတ်ကြကုန်သော အရိယာ ပုဂ္ဂိုလ်ကြီးတို့သည်။ ဣမေစတ္တာရော၊ ရေတွက်စစ်ပွါး အတွေး မမှားရအောင် ဤလေးပါးသာလျှင် ရှိကြပေကုန်၏၊ (က) အာစာရ အရိယော ရုပ်ယာဉ်နှင့် နာမ်ယာဉ်ကိုအမှန်ပင် စီးတော့မည်ဟု တွင်တွင်ကြီးအားထုတ်သော အာစာရ အရိယာသည်ရင်း။ ။(ဤအနက်ကာဒ) အချုပ်မှာ ရုပ်တရား တည်းဟူသော စကြာယာဉ်ကြီးကို စီးတော့မယ်။ နာမ်တရားတည်းဟူသော စကြာယာဉ်ကြီးကို စီးတော့မယ်ဟု ရုပ်နာမ်တွေ့အောင် ရှာဖွေအားထုတ် ကျင့်ကြံသော သူကား မတွေ့ရသေးပေမဲ့ အာစာရ အရိယာဖြစ်၍နေပါပြီ။ မျက်စိတ္တာ မှိတ်ခန့်၌ ကုဋေတသိန်းလောက် မဂ်ဗီဇအမွေ့၊ ဖိုလ်ဗီဇအမွေ့၊ နိဗ္ဗာန်ဗီဇ ဘုရားအမွေတော်ကြီးများကို အမွေရရှိ နေသောကြောင့်၊ အာစာရအရိယာဟု ဘုရားရှင်ကြီးများက ဘွဲ့တံဆိပ် ရာထူးဌာနန္တရ ပေးအပ်ခဲ့ပါသည်။ ဝမ်းမြောက်စရာ၊ ဝမ်းသာစရာပဲါဘဲ။

## ၉။ ရုပ်နာမ်တွေက ဒဿန၊ ခေါ်ကြအရိယာ။

ကမ္မဋ္ဌာန်းအားထုတ်ရိုကလေးနှင့်ပင် (က)အာစာရအရိယာဖြစ်ပြီးနောက် အားထုတ်ဖန်များတော့ ပထဝီဓါတ်ရုပ် ၁၃-မျိုး ဝါယောဓါတ်ရုပ် ၁၁-မျိုး၊ တေဇောဓါတ်ရုပ် ၆-မျိုး၊ အာပေါဓါတ်ရုပ် ၂-မျိုးတို့ကိုတွေ့ပါရော၊ တွေ့လျှင် ရုပ်ကိုတွေ့ပြီး ရုပ်ကိုစီးပြီဟု ဝမ်းမြောက်ပါလေ၊ပေါ်တိုင်း ပေါ်တိုင်းသိသိနေဒါက (နာမ်တရား) (စိတ်တရား)တွေ့ပြန်ပြီ၊ ဤလိုရုပ်ကိုရော၊ နာမ်ကိုပါ၊ နှစ်မျိုးစလုံးကိုတွေ့၍ နေပါလျှင် ဒဿန အရိယာဘဝသို့ ဆိုက်ရောက်တော့၏။ ဒါ့ကြောင့်(ခ) ဒဿနအရိယာ အဝိဇ္ဇာပျောက် အလင်းရောက်သဖြင့် ဓါတ်ပေါက် ရုပ်မြင်နာမ်အစဉ်ပါ။ အမှန်ပင်မြင်ရသော၊ ဒဿနအရိယာဒင်းဟု အနက်ပေးခဲ့ဒါပေါ့။

## မြဝတီဆရာတော် ရေးသော(လင်္ကာ)များ

ရုပ်နာမ်မြင်က၊ ကျိုးဖလ၊ မိုဃ်းမျှမကပါ။
ရုပ်နာမ်ကိုစီး၊ မဂ်ခရီး၊ ပြည်ကြီးနိဗ္ဗာန်သာ။
ဓါတ်အားကြီးသလောက်၊ ဆောင်ယူမြှောက် ဘုန်းတောက်ဘဝပါ။
ကာမဂုဏ်ငါး၊ တွေ့ကြုံငြား ပျက်ပြားမရှိပါ။
ဝိသာခါနှင့်၊ သက္ကသိကြား၊ ထိုသူများ၊ ဉာဏ်အားထင်စေပါ။

## မိုးညှင်းဆရာတော် ရေးသော (လင်္ကာ) များ

ရုပ်နာမ်နှစ်ဝ၊ အနိစ္စကို၊ ဒိဋ္ဌပိုင်ပိုင် မြင်စွမ်းနိုင်က
အနတ္တမြင်ရ လင်းအထင်။
ငါသည်းမဟူ သူလည်းမစပ်၊ ရုပ်နာမ်ဓါတ် ပရမတ်
အစစ်မြင်။
ဤသို့မြင်က သက္ကာယ၊ ဒိဋ္ဌကွာ ကင်းစင်။
ဒိဋ္ဌိကာကွယ် လေးအပါယ်၊ တကယ်မကျပင်။

လင်္ကာ၏၊ အဓိပ္ပါယ်တို့ကို သိပြီးသားဖြစ်၍ မရေးတော့ပြီ။

ဤဒဿနအရိယာစခန်း၌ ဉာဏ်ကတော့ နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘဲ၊ ဝိသုဒ္ဓိကတော့ ဒိဋ္ဌိဝိသုဒ္ဓိပါဘဲ၊ ရုပ်နာမ်တွေလို့ သက္ကာယဒိဋ္ဌိပြုတ်ပြီ၊ နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ဝိစိကိစ္ဆံ ပဇဟတိ။ (အင်္ဂုတ္တိုရ်။) နာမရူပ ပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိယာ ဝိစိကိစ္ဆံ ပဇဟတိ။ (သံယုတ်။) အနက်က အတူတူပါဘဲ။ နာမရူပ ဝဝတ္ထာနေန၊ နာမ်တခြား ရုပ်တခြား ပိုင်းခြား၍သိသဖြင့်၊ သက္ကာယဒိဋ္ဌိယာ၊ ရုပ်နာမ်ကိုပင် ငါထင်၊ သူထင်သောအမြင်မှား၊ သက္ကာယဒိဋ္ဌိကြီးနှင့်တကွ။ ဝိစိကိစ္ဆံ၊ ဟုတ်မှ ဟုတ်လား-ဟုတ်လေလား နှင့် ယုံမှားသော ဝိစိကိစ္ဆာကို။ ပဇဟတိ၊ နှင်သေတော့ နှင်ကျေတော့၊ နှင်ကုန်တော့ နှင်ခမ်းတော့ဟု ခပ်ကြမ်းကြမ်းဖင် ပယ်သတ်နိုင်လေတော့သတည်း။

## ၁၀။ စိတ်ဓါတ်ပြောင်းက ခေါ်ဆိုကြ လိင်္ဂအရိယာ။

ရုပ်နာမ်ကိုတွေ့၍ ဒဿနအရိယာဖြစ်ပြီးနောက်၌ စိတ်ထား သဘောထား သဒ္ဓါတရား စေတနာတရား၊ ပညာတရား

အပေါင်းအသင်းမှစ၍ ရှေးကနှင့် မတူတော့ဘဲ၊ အမူအရာ ပြောင်းရွှေ့သွားတော့၏။ သတိလဲ ပြောင်းလာ တော့၏။ လောဘ, ဒေါသ, မောဟ မာနတရားတို့လဲလျော့ကျနည်းပါး လာတော့၏။ ဤလို ပြောင်းလာလျှင် လိင်္ဂအရိယာ ဘဝသို့ လှလှပပနှင့် ဝဝကြီး ရောက်ရှိနေပါပြီဟု ဝမ်းမြောက် ပါလေ၊ အားရပါလေ၊ ဝမ်းသာပါလေ။ ထို့ကြောင့် လိင်္ဂအရိယာ၊ ပုထုဇဉ် နဂိုဟောင်းမှ ရှုစဉ်ပင် ခေါက်စုံပြောင်းသဖြင့် အဖော် အပေါင်း တရားတမျိုးထွင်ပြီးတော့ အား ကိုး ချင် အောင် ကမ္မဋ္ဌာန်းစိတ်ဖြင့် တစခမ်းချိတ်၍ နေသော လိင်္ဂအရိယာသည် ငှင်းဟု-ဉာဏစာဂီ မဟာထေရ်က အနက် ပေးခဲ့လေသည်။

## ၁၁။ နိဗ္ဗာန်အာရုံကိစ္စခြင်္ဘိ ယာအရိ ပဋိဝေဓပေါ။

သိ,ပယ်,ဆိုက်,ပွါး လေးပါးကိစ္စခြံ၍နိဗ္ဗာန်အာရုံကိုအာရုံပြု ရသော ပုဂ္ဂိုလ်သည်၊ ပဋိဝေဓ အရိယာမည်၏။ (ပဋိတ္တ သစ္စာရံ အပဝတ္တ နိဗ္ဗာနံ။) ဟူသော ဗဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီး အရ မွမ္မ,ရွရွ စသည်ဖြင့် တကိုယ်လုံးခြုံ၍တွေ့ရသော သစ္စာရ ရုပ်နာမ် ကိုငှင်း။ ခန္ဓာကိုယ်ကြီးပါပျောက်ပြီး၊ ခေါ်အပေါ်တွေ့ပါရပ် လျက်ဘာမျှမတွေ့ရတော့ဘဲ၊ လောကဥ္စ ဥပမာပြစရာမရှိအောင် မြေနေသော သန္တိသုခ ဆိုရသော နိဗ္ဗာန်ဟူသော၊ အသင်္ခတ ချုပ်ငြိမ်းမှုကြီးကိုငှင်း။ ကိုယ်တွေ့ တွေ့ရသောသူသည်၊ ပဋိဝေဓ အရိယာ မဟာသောတာပန် အစစ်ပင်တည်း။ ဤစခမ်းနှင့်ပတ် သက်၍ သထုံမြို့မင်းကွန်း ဇေတဝန်ဆရာတော် ဘုရားကြီးအား

ကိုယ်တိုင်သွားရောက်၍လျှောက် ထားရာ ခန္ဓာကိုယ်ထဲက ဘယ်လိုများပေါ်လို့တုံးဟုမေးတော့။ တကိုယ်လုံး ရွရွ,မွမွ,ပွပွ,ကြွကြွနှင့်မျက်စိတမှိတ်ခန့်၌ ကုဋေငါးထောင်ကျော် ဖြစ်ပျက်၍ အမြဲတန်းတွေ့နေသောရုပ်သင်္ခါရကိုငင်း။လင်မနစ်ပုလင်းကိုဖွင့်သောအခါ တပုလင်းလုံး ဆူပွက်နေသကဲ့သို့၊ တကိုယ်လုံး ဆူပွက်နေသော ရုပ်သင်္ခါရကိုငင်း။ သဲကမ်းဘား ရေစားသောအခါ သဲများတဖွါးဖွါးနှင့် ကျနေသကဲ့သို့ ခန္ဓာကိုယ်ထဲ၌ရုပ်တရားတို့ တဖွါးဖွါးနှင့် အဆက်မပြတ် ဒွေ့နေရသော ရုပ်သင်္ခါရကိုငင်း တွေ့ရပါသည်အရှင်ဘုရား။ဒိလိုတွေ့တော့(ဋ္ဌောတ္တရေ၊အနေကႆ နိကောဋိသတသဟဿနိ သင်္ခါရာဥပ္ပဇ္ဇန္တိ ဝယန္တိစ။) ဟူသော ဝိဘင်းအဋ္ဌကထာနှင့် တသားတည်း၊ ကိုက်ညီ၍ နေပါသည်။ အရှင်ဘုရားဟုလျှောက်၏။

ဆရာတော်ဘုရားကြီးက ဒီလိုမြင်နိုင်ဒါမျိုးဟာ ဘုရားများသာမြင်နိုင်တယ်၊ဘုရားအရာပါကလားဟု ပြောပြတော့၊ မိမိဖင်ကောင်းကင်ကိုညအချိန်၌မော်၍ကြည့်တော့ ကြယ်နက္ခတ်တရာများကို လူ,နတ်,ဗြဟ္မာ,သတ္တဝါမကျန် တိရစ္ဆာန်များပါ မြင်နိုင်ပါသည်။ ရုပ်နာမ်ကိုလဲ ဤနည်းတူမြင်ရပါမည်။ သတ္တဝါတိုင်း နက္ခတ်တရာ ကြယ်များစွာကို မြင်ရသော်လည်း၊ အမည်နာမနှင့် မပြောပြနိုင်ပါ၊ အရေအတွက်ကိုလည်းမပြောပြနိုင်ပါ၊များမှန်းတော့ သိကြပါသည်။ဤကား၊သာဝကတို့အရာပါဘုရား။ဘုရားရှင်ကြီးများကတော့ (၁)မြင်လည်းမြင်ရပါသည်။ (၂)အဲမည်

နာမလည်း ပြောပြနိုင်ကြပါသည်။ (၃)ကုဋေငါးထောင်ကျော်
ဟုအရေအတွက်နှင့်တကွ၊ တိတိ၊ ကျကျ သိရှိပြောပြနိုင်ပါသည်
ဘုရား။ ။သတ္တဝါများ မြင်နိုင်ကြပုံ များမှန်း သိကြပုံကို
နေတ္တိပါဠိတော်ရင်း၊အဋ္ဌကထာ ရင်းဋီကာများ၌ အာဂမယုတ္တိ
ပြခဲ့ပုံကား။ (ယထာ ဣဓ ပုရိသော တာရကာ ရူပါနိပဿေယျ၊
နောစဂဏန သင်္ကေတေန နဇာနေယျ။) နေတ္တိပါဠိတော်၊
နံပါတ်-၁၅၊ကြောင်းရေ-၁၀ ပြည်ကြီးမဏ္ဍိုင်ရိုက်မူ၌ တိုက်ရိုက်
ပြထားခဲ့ပါသည်။

ထို့ပြင်လည်း (ဘဿ ပုရိသဿ တာရကာ ရူပါနိဝဿန္တိဿပိ
ဧတ္တကာနိ သတာနိ ဧတ္တကာနိ သဟဿနိတိ အာဒိနာ ဂဏန
အဇာနနံဝိယ လောကဿရူပါဒိ အာရမ္မဏံ ကတ္ထစိ ဇာနန္တဿာပိ
အနိစ္စလက္ခဏတ္တာယာ နာဝ ပေါဓေါတိ။)ဟူသော နေတ္တိအဋ္ဌကထာပါဠိ။ရင်း နံပါတ်-၇၂၊ ကြောင်းရေ-၁၁၊ပြည်ကြီးမဏ္ဍိုင်မူ
၌ ဖွင့်ပြခဲ့ပါသည်။ထို့ပြင်လည်း၊ (စက္ခုမာပုရိသော အာကာ
သေ တာရကာနိ ပဿေယျ၊ ဂဏန သင်္ကေတေ န ဧတ္တကာနီတိ
နောစ ဇာနေယျ။)ဟူသော၊ နေတ္တိ ဝိဘာဝနီ ဋီကာကြီး၌ တိုက်
ရိုက်ဖွင့်ပြခဲ့ပါသည်။

(၁) ဥပမာ၊ သဲသောင်ပြင်ကြည့် သတ္တဝါများမြင်ရ၏။
အရေအတွက်မပြောနိုင်များမှန်းသိ၏။မမြင်လို့ မဟုတ်ပါ။ဘုရား
များကတော့ မြင်လဲမြင်၏၊ အရေအတွက်ပါပြောနိုင်၏၊ ဤလို

ကွာခြားကြပါသည်။ (၂) ကြယ်တာရာကြည့် (၃) သစ်ပင်တွေကို ကြည့်။ (၄) ထမင်းအိုးမှ အငွေ့တွေကိုကြည့်။ (၅) လဘက်ရည်ငှဲ့ရာ၌ အငွေ့တွေကိုကြည့်။ (၆) မီးခွက်မှ မီးခိုးတွေကိုကြည့်။ (၇) မိုဃ်းရွာတော့ မိုဃ်းပေါက်တွေကိုကြည့်။ (၈) နှင်းကျတော့ နှင်းပေါက်တွေကိုကြည့်ပါ။ (၉) မြူမှုန့်တွေကိုကြည့်။ (၁၀) တန်လှုံတွေကိုကြည့်ပါ။ အားလုံးမျက်စိရှိသူတိုင်း (၁) မြင်ကြပါလိမ့်မည်။ (၂) အမည်နာမကို မပြောနိုင်၊ (၃) အရေအတွက်ကို မသိနိုင်။ (၄) များမှန်းသိ၍ ခန့်မှန်းခြေနှင့်သာ မည်မျှဟု ပြောနိုင်ကြပါသည်။ ဘုရားရှင်ကြီးများ မှုကား (၁) (၂) (၃) (၄) အချက်မ ကတော့ဘဲ အဆုံးအထိ သိနိုင်ကြပါသည်။ ဤကား ဘုရားရှင်နှင့် သတ္တဝါများ ကွာခြားပုံတည်း။ ဤလို လျှောက်တော့ မင်းကွန်းဆရာတော်ဘုရားကြီးက အခြေမရှိဘဲနှင့်အထက်တန်း ကျလွန်းလှသည်ဟု ဆုံးဖြတ်တော်မူပါသည်။

မုဒုံမြို့က ဆရာကြီးတဦးကလည်း ဒီအတိုင်းမြင်လျှင်ရဟန္တာပေါ့ဟုဆုံးဖြတ်ချက်ချတော်မူလေသည်။ ဘီလူးကျွန်းကွမ်းသဲရွာပဲခုမတ်ဆရာကြီးတဦးကလည်း၊ ဒီအတိုင်းတွေ့ပါလျှင် အရိယာစစ်ပေါ့ကွဟု ဆုံးဖြတ်ချက်ချမှတ်လေသည်။ ဘယ်လိုပင်ဆုံးဖြတ်သော်လည်း။ (ကိုယ့်ဟာကိုယ်ကြည့် မှတ်မိပါရဲ့ဟူသော။) ပေါရာဏသက်ကြီးတို့စကားနှင့်အညီ ရောဂါပျောက်၍ချမ်းသာတာသာပဓါန၊ ဘာဖြစ်ပြီး ဘယ်အတန်း ရောက်နေပြီကား၊ ပစ္စေကဗုဒ္ဓါများသော်လည်း မပြောဆို၊ ဂရုလဲမပြု အမှုလည်း မထား ဥပေက္ခာသာထားကြပါသည် သတိပြု။

ထို့ကြောင့် ဉာဏစာဂီမဟာထေရ်က၊ ပဋိဝေဓ အရိယော သောတာပန်ခရီး ဆိုက်သဖြင့် ပြည်နိဗ္ဗာန် အငြိမ်းပိုက်၍မို့ စီး လိုက်ကြသော ပရိဝေဓအဝိယာသည်ရင်း။ တော၊ ထိုလေးမျိုး လေးစား လေးပါးသာလျှင် ရှိကြကုန်သော အရိယာကြီးတို့ သည်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ဆိုတဲ့တိုင်းပြည်ကြီးသို့။ နိဗ္ဗာနပုရံ ဘေးမခ ရန်မသန်း ချမ်းလှတဲ့ နိဗ္ဗာန်ပြည်ကြီးသို့။နိဗ္ဗာနပုရံ၊ ကိလေသာမှုန်သမျှ အနန္တတို့က ဆလန်အတန်တန် သ,ရသော နိဗ္ဗာန်ဆိုတဲ့ပြည်ကြီးသို့။နိဂစ္ဆန္တိ ရောက်ကြလေကုန်၏။ နိဂစ္ဆန္တိ၊ ရောက်ကြရ တော့မှာတကား။ နိဂစ္ဆန္တိ၊ သံသရာဗေ့ခေတ်ကို နေရစ်တော့ ငါမဆိုင်းပြီဟု ဝဋ္ဋိဂိုဏ်းကိုခြေနင်း၍ ခွဲခွါခြင်းပြု ကြလေကုန်သတည်းဟု၊ အနက်ပြန်ခဲ့ပေသည်။

## ၁၂။ ခန်,ဓါ,အာ,စ၊ သဘောကျ ဥဠဟာအရိယာ။

ခန္ဓာ ၅-ပါး၊ ဓါတ် ၁၈-ပါး၊အာယတန ၁၂-ပါး၊သစ္စာ ၄-ပါး၊ပရမတ်တရားတို့ကို၊ဩဘာ ဤတရားများကား၊ သဗ္ဗညု တရှေဉာဏ်တော်ကြီး၏ ကျက်စားရာ၊ အစိန္တေယျ, အပ္ပမေယျ အသင်္ချေယျ အနန္တ အပရိမာဏ အပရိစ္ဆိန္န မျှမက အဘိုးတန်၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး၊ အပြင်းအထန် အသတ်ခံ၍ ရှာကြံတော်မူမှ ရရှိသော အဘိုးအထိုက်ဆုံးတရား တော်ကြီးပါတကားဟု၊ မြင်လုံးတော် ထွားထွားနှင့် အားထား လျက် သင်အံလေ့လာဆည်းပူး၍နေသဖြင့် ထိုတရားတို့၌ ပိုင်ပိုင် နိုင်နိုင် သဘောကျကျ အဓိပ္ပါယ် စူးစူး ရှရှ မိနေပါလျှင်၊ ထို

ပုဂ္ဂိုလ်သည် ဥဂ္ဂဟာအရိယာ ဖြစ်ရရှာတော့၏။ ဥပမာဆောင်၍ ထင်ရှားအောင် ပြဦးအံ့။ လောက မျက်မြင်အားဖြင့် စေတီ တော်တည်ကြသောအခါ၊ (၁)အုဋ္ဌတွေ့တပုံ (၂)ထုံး (၃)သဲ (၄) ရေ၊ (၅) ဘိလပ်မြေတပုံစု၍၊ စေတီတော်ကြီး တည် ထောင်၏၊ ထို့နောက် ဓါတ်တော်များ ဌာပနာ ထား၏ ပြီးလျှင် စေတီတော်ပါတကားဟု၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အကုန်ပူဇော်ကြ၏။ ယုံမှားမရှိကြပေ။ ထိုဥပမာအတူပင် ကမ္ဘာ အဆက်ဆက် ဘဝအဆက်က ဘုရားများထံ၌ ပြုလုပ်ဆည်းပူးခဲ့ သော၊ ဒါနမြင်းမိုရ်၊ သီလသမုဒ္ဒရာ သမထကမ္ဘာမြေ ဝိပဿနာ မဟာလေပြင်ကြီး အားလုံးတို့၏ တန်ခိုးဖြင့် လူခန္ဓာဟု စေတီ တော်ကြီးတည်မိ၏။ ထို့နောက်မှ အက္ခရာတလုံးလျှင် ဘုရား တဆူ တန်ဘိုးနှင့် ခန္ဓာကိုယ် စေတီတော်ကြီးထဲသို့ အက္ခရာဓမ္မ စေတီတော်ကြီးများ သင်ကြားလျက် ဌာပနာထား၏ပုံစံကြည့်။

အပေါ်တန်းက လူ,နတ်,ဗြဟ္မာများ ကိုးကွယ်သော စေတီ တော်နှင့်အောက်တန်းက အမှတ်တမဲ့မကိုးကွယ်ဘဲ၊ မရိုသေကြ ဘဲ၊ ဥပေက္ခာထားသော တကယ့်စေတီတော်နှင့် (၁)အကုန်ခံ ရခြင်း။ (၂)အဆောက်အဦခြင်း။ (၃)စေတီအိမ်ခြင်း။ (၄) ဌာပနာခြင်း၊ တန်ဘိုးဟာဘယ်လောက်များ ကွာခြားနေလဲဟု ဆင်ခြင်ကြပါကုန်။ အကုန်ခံရသော ရွှေငွေတို့ကား တသောင်း တန်ပါမည်။ ဒါ, သီ,ထ,ဝိ,တို့ကား ကမ္ဘာကြီးပေါင်း ဘုရား ပေါင်းမည်မျှ ဖြုန်းနိုင်မှ စုမိမည်နည်း။ အုဋ္ဌ, ထုံး, သဲ, ရေ ဘိလပ်မြေတို့ကား ရလွယ်, ယူလွယ်၏။ ဓါတ်ကြီး လေးပါး

နာမ်တရားများကား ရွှေငွေနှင့် ဝယ်လို့ရနိုင်ရဲ့လား တွေးကြည့်ပါ။ ဓါတုစေတီတော်နှင့် ဓမ္မစေတီ အကွာရာကား ကွာခြားလှချည်တကား။ ဘုရားရှင်တို့ ကိုယ်တော်တိုင်ပင် ဘုရားဖြစ်သည့်နေ့ကစ၍ ပရိနိဗ္ဗာန်ပြုသည့်တိုင်အောင် ဓမ္မစေတီနှင့်သာ ချွတ်တော်မူပုံကို ကြည့်ပါ။ ဓါတုစေတီကို သဒ္ဓါစေတနာ တိုးရုံလောက်သာ ဘုရားတို့အသုံးပြုပါသည်။ ဓမ္မစေတီဖြင့်မဂ်ရောက်ဖိုလ်ရောက် နိဗ္ဗာန်ရောက်အောင် အသုံးပြုကြပါသည်။ သက်သေပြရပါလျှင် ဘုရားဖြစ်စ ပဉ္စဝဂ္ဂီငါးဦးနှင့် နတ် ဗြဟ္မာ ၁၈-ကုဋေတို့ကို ဓါတုစေတီနှင့်ချွတ်သလား၊ ဓမ္မစေတီနှင့်ချွတ်သလား တွေးကြည့်ပါ။

မဟာမင်္ဂလသုတ်ကို ဟောစဉ်က ဓမ္မစေတီဖြင့် ကုဋေ-၂၀ ကျွတ်သွားပါပြီ။

အဘိဓမ္မာ ၇-ကျမ်းကိုဟောစဉ်က ဓမ္မစေတီဖြင့် ကုဋေ-၂၂ ကျွတ်သွားပါပြီ။

မဟာသမယသုတ်ကို ဟောစဉ်က ဓမ္မစေတီဖြင့် တသင်္ချေ ကျွတ်သွားပါပြီ။

သမစိတ္တသုတ် ၇-ကြိမ်ဟောစဉ်က ဓမ္မစေတီဖြင့် ၇-သင်္ချေ ကျွတ်သွားပါပြီ။

ဓမ္မစေတီဖြင့် ရှင်ပြု ဓမ္မစေတီဖြင့် ရဟန်းခံ ဓမ္မစေတီဖြင့် ဟောပြော အရာရာ၌ ဓမ္မစေတီချည်း အသုံးပြုပုံ သာသနာ တည်ပုံ ရှည်ပုံတို့ကို တွေးကြည့်ပါ။

## ဘုရားလေးမျိုးဖြင့်ပြဦးအံ့

(က) ခန္ဓာ ၅-ပါး၊အာယတန ၁၂-ပါး၊ဓါတ် ၁၈-ပါး သစ္စာ ၄-ပါး၊ ပရိယတ်တရားကို သိလိမ္မာ ကျွမ်းကျင် သူကို (သုတဗုဒ္ဓ) ဟုခေါ်သည်၊မိန်းမယောကျ်ားပါဝင်နေပြီတကား အကြားအမြင်ဗဟု သုတရှိသော ဘုရားဟုတိုက်ရိုက်ပြခဲ့သည်။ (ခ)ပကတိ မဟာ အဂ္ဂသာဝက သုံးမျိုးကို (သာဝကဗုဒ္ဓ)ဟုဆို သည်။ (ဂ) ပစ္စေကဗုဒ္ဓါကို (ပစ္စေကဗုဒ္ဓ) ဟုဆိုသည်။ (ဃ) ဘုရားများကိုတော့ (သမ္မာသမ္ဗုဒ္ဓ) ဟုဆိုသည်။ အဲဒီဘုရား လေးဆူထဲ၌ မိန်းမ ယောကျ်ား၊ ရှင် ရဟန်း ဘိုးသူတော် သီလရှင် ရသေ့မ၊ ပုဂ္ဂိုလ်စသော သူများလည်း ပရိယတ်၌ လိမ္မာကျွမ်းကျင်သူတိုင်း (သုတဗုဒ္ဓ) အဖြစ်၌ ပါဝင်၍ နေပြီ မဟုတ်ပါလား။ ဘုရားကို ဘုရားနေရာ၌ ထား၍ လေးစား ရိုသေကြပါရဲ့လား။ ခန် ဓါ အာ စ သိရုံနှင့်အရိယာဘဲဟုရေး သည်ကိုအပြစ်မတင်ပါနှင့်။ခန် ဓါ အာ စ သိရုံနှင့် ဘုရားဘဲဟု ရေးသော ရဟန္တာများကိုသတိပြုပါ။

## ၁၃။ ခန်,ဓါ,အာ,စ,မေးမြန်းက ပုန္ထုအရိယာ

ခန္ဓာ ၅-ပါး၊ ဓါတ် ၁၈-ပါး၊ အာယတန ၁၂-ပါး၊ သစ္စာ ၄-ပါး သဘောတရားတို့ကို မှတ်သားမိအောင် မေးမြန်းသူကို ပရိပုစ္ဆာအရိယာဟု ခေါ်ကြလေ။ ခန်, ဓါ,အာ,စ, တရားတော် များကား။ ဘုရားရှင်ကြီးတိုင်း သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့်

ကျက်စားတော်မူရာ အာရုံပါဘဲဟူ၍ရင်း။ ထိုဘုရားရှင်ကြီးတို့၏ ဘုန်းတော်အနန္တအမေ့၊ ဂုဏ်တော်အနန္တအမေ့။ ဉာဏ်တော်အနန္တ အမေ့။ ဣဒ္ဓိပါဒ်အနန္တအမေ့။ တန်ခိုးတေဇော်အာနုဘော်အနန္တ အမေ့တို့ကိုအရယူမဟဲ့။ အဲဒီအမေ့များကို ရ၍ တခု တခုကဗင် အကျိုးပေးဦးတော့။ အစိန္တေယျအကျိုး၊ အပ္ပမေယျအကျိုး။ အသင်္ချေယျအကျိုး၊အနန္တအကျိုး၊အပရိမာဏအကျိုး၊အပရိစ္ဆိန္န စသော အကျိုးများဖြင့် မြေပြင်ကြီးမဆန့်အောင်၊ ရေပြင်ကြီး မဆန့်အောင်၊ ကောင်းကင်ကြီး မဆန့်အောင်၊ ကမ္ဘာကြီးမဆန့် အောင်၊ လောကဓါတ်ကြီးမဆန့်အောင်၊ စကြာဝဠာကြီးမဆန့် အောင် အနှံ့အပြား အကျိုးပေးမည်တကားဟု ဤတရား များကို အမေ့အနှစ်ရရှိအောင် မေးမြန်း၍။ ပရိပုစ္ဆာ အရိယာဘွဲ့ ယူကြပါကုန်။

## ၁၄။ ခန့်,ဓါ,အာ,စ,ကြားနှာက သဝနအရိယာ။

ခန္ဓာ ၅-ပါး၊ ဓါတ် ၁၈-ပါး၊ အာယတန ၁၂-ပါး၊ သစ္စာ ၄-ပါး စသော တရားတော်ကြီးတို့ကို ဘုရားရှင်ကြီး တို့၏ ပစ္စည်းဥစ္စာပါဘဲ။ အရိယာပစ္စေက ဗုဒ္ဓါရဟန္တာကြီးတို့၏ပစ္စည်း ဥစ္စာပါဘဲတကားဟု အထက်တန်းထား၍ နာကြား မှတ်သား ကြသောသူတို့ကို၊ သဝနအရိယာ ဟုခေါ်ဆိုရမည်။ အနည်းငယ် ချဲဦးအံ့။ စေတီတော်သည် (၁)ဥဒ္ဒိဿစေတီ ရုပ်ပွါးတော်များ။ (၂) ပရိဘောဂစေတီ သပိတ် သင်္ကန်းစသော ဝတ္ထုများ။ (၃) သာရီရိကစေတီ စွယ်တော်, အံတော်, ညှပ်ရိုးတော်များ။ (၄)

ဓါတုစေတီ ဓါတ်တော် မွေတော် များ။ (၅) ဓမ္မစေတီ ပိဋကတ်များ။

(က) ဥဒ္ဒိဿစေတီကို မိဘများ၏ ဓါတ်ပုံကဲ့သို့ သတိရရန် ထားခဲ့သည်။ ဓါတ်ပုံကိုမြင်၍ ငါတို့မိဘဟာ ဒီပုံနေမှာဘဲစသည် ဖြင့်သတိရစေ၏။ (ခ) ပရိဘောဂ စေတီကို တပည့်သားများ သုံးစွဲပုံနည်း ရရုံထားခဲ့သည်။ ဒီသပိတ်မျိုး ဒီသင်္ကန်းမျိုး ဒီ ကျောင်းမျိုးနှင့်ငါတို့လဲ နေရမည်ဟု နည်းရစေ၏။ (ဂ) သရီရ စေတီကိုမြင်သဖြင့် အနိစ္စ ဒုက္ခ အနတ္တ ထင်မြင်စေ ထည့်။ (ဃ) ဓါတုစေတီဖြင့်အယူမှားသူတို့အား တန်ခိုးပြ၍အယူမှန်စေသည် (င) ဓမ္မစေတီဖြင့် မဂ်ရ၊ ဖိုလ်ရ နိဗ္ဗာန်ရ စေသည်။ ဓမ္မစေတီဖြင့် ဟောပြမှ ဒါကုသိုလ်၊ ဒါအကုသိုလ် စသည်ဖြင့် ပိဋကတ်ကုန် အောင် အသိဉာဏ်ရစေသည်။ စေတီတော်ငါးပါးသည်။ ဘုရား တဆူဘဲကပင် ဖြစ်ပွါး လာသော်လည်း၊ သုံးစွဲရာ၌ အကျိုးမတူ ချေ။ ဓမ္မစေတီဖြင့် မဟောပြလျှင် ဘယ်လိုကျင့်ရမှန်းလဲ မသိ၊ ဘယ်ဟာမဂ်၊ ဘယ်ဟာဖိုလ်၊ ဘယ်ဟာနိဗ္ဗာန် ဘယ်ဟာရုပ်နာမ် ဘယ်ဟာပညတ်၊ ဘယ်ဟာပရမတ်ဟု မသိနိုင်ချေ။ သိရသမျှ ရှင်ရဟန်းဖြစ်သမျှ ကျင့်နေရသမျှ ကံကြီး ကံငယ် ပြုရသဖြင့် အားလုံး ဓမ္မစေတီ၏သတ္တိပင်တည်း။

## ၁၅။ ခန်,ဓါ,အာ,စ, ဆောင်ထားကြ ဓါရဏာအရိယာ။

ခန္ဓာ ၅-ပါး၊ဓါတ် ၁၈-ပါး၊ အာယတန ၁၂-ပါး၊ သစ္စာ ၄-ပါးစသော တရားတော်ကြီးများကို ပါဠိအနက် အဓိပ္ပါယ်

သဘောသွားပါ ကျက်မှတ် ဆောင်ထားသောသူကို၊ ဓါရဏာ အရိယာဟု ခေါ်ဆိုရမည်။ ဆောင်တယ်ဆိုကတည်းက၊ ဇရို တသေ လေးလေး၊ မြတ်မြတ် စိတ်ထား၍ ဆောင်ကြရကား၊ အကျိုးပေးသောအခါ၊ ထိုတရားတော်၏ တန်ခိုးနှင့်အမျ တကမ္ဘာလုံးရှိသော လူ့နတ်ပြဟ္မာအားလုံးကရိုသေခြင်းကိုခံရ မည်။သက်သေကား၊ သာနုသာမဏေကလေးသည်။တရားမကျွပ် ၌တရားဟောပြ၏။ ဟိုခုနှစ်ဘဝလောက်က မိခင်ဖြစ်ခဲ့ဘူးသော ဘီလူးမကထပြီး သားတော်မောင်ရေ- သားတော်မောင်၊ ဟောသမျှ သဘောကျပါသဖြင့်၊ သာဓုပါဘုရား- သာဓုပါ ဘုရားဟု မြွက်ကြား၏။ ထိုအခါ နတ်မင်းကြီး၊ ပြဟ္မာမင်းကြီး များက ဘီလူးမကို အရိုအသေပြုကြ၏။လမ်း၌ဆုံလျှင် လမ်းဖယ် ၍ပေးကြ၏။သာမဏေနှင့်ဘီလူးမကား ယခုဘဝ၌ ဘာမှမဆက် စပ်ချေ။ သို့သော်အရှိန်ကားမကုန်သေးချေ၊ ဤမျှလောက်အရို အသေခံရပုံကိုထောက်၍ စာပေကို ကျက်မှတ် ဆောင်ထား၍ တရားဟောသော သာမဏေ၌မူကား၊ဘီလူးမထက်ပင် အသချေ် အနန္တမက အရိုအသေပြုခြင်း ခံရပေမည်။ စာပေကို မကျက် ဆောင်သောဘီလူးမတောင် လူ့နတ်ပြဟ္မာများက ရိုသေရပေ သေး၏။ ကျက်ဆောင်သော သာမဏေမှာ ဆိုဘွယ်ရာပင်မရှိ ချေဟု၊ မြင်လုံးထွား၍ ကြိုးကြိုး စားစား ဆောင်ထားကြရန် တိုက်တွန်းလိုက်ရပါသတည်း။

## ၁၆။ ခန္,ဓါ,အာ,စ, ဆင်ခြင်ကြ၊ ဝိစာရဏာ အရိယာ။

ခန္ဓာ ၅–ပါး၊ ဓါတ် ၁၈–ပါး၊ အာယတန ၁၂–ပါး၊ သစ္စာ ၄–ပါးစသော တရားတော်ကြီးတို့ကို သဘော သဘာဝ ကွဲပြား ခြားနား မြင်လုံးကြီးထွားအောင် ဆင်ခြင်ပါလျှင် ဝိစာရဏာ အရိယာဘဝသို့ ရောက်ရှိပါတော့သည်။ ဩော်–သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပစ္စေကာနှင့် ဗုဒ္ဓမြတ်စွာတို့ သည်။ ဤ ခန်,ဓါ,အာ,စ အစရှိသော တရားတော်ကြီး တို့ကို မြင်လို့ထင်လို့တွေ့လို့သာလျှင်၊ အပါယ်တံခါးပိတ်ခြင်း၊ ဆင်းရဲ သံသရာကြီးပြတ်စဲသွားခြင်း။ ဘုံစဥ်စံသွားခြင်း၊ သိဒ္ဓိကြီးကိုး တန်ဖြင့် ဘိသိက်တွေခံ၍၊ ခေမံဆိုတဲ့ ပြည်နိဗ္ဗာန်တိုင်ခအောင် ဧေ မြမြ၊ ဘေးမခဘဲ ဝင်ကြွစိုးစံတော် မူကြရကုန်ပြီတကား ငါလဲဘဲ ကိုယ်တွေ့မှ မတွေ့ရစေကာမူ၊ သဘောတွေ၊ မနောတွေ ဉာဏ်တွေနှင့် ဟန်သရွေ့ ဟန်ရအောင်ဟာ ဆင်ခြင်သုံးသပ်မှ တော်မည်ဟု အကျိုးသွားကို လိုလား၍ တိုးတိုး ပွါးပွါး၊ ဆင် ခြင်ရမည်။ ကဿပဘုရား သာသနာတော်ရှိစဥ်က၊ ဗာဝရီပုဏ္ဏား အလောင်းနှင့်တပည့် သားအပေါင်းတို့သည်။ ဘုရားပွင့်သည်ဟု ကြားလျှင် ကြားခြင်း ဝေးလှစွာသော၊ ကဌဝါဟနပြည်မှ ဗာရာဏသီပြည်သို့ ဘုရားဖူးရန် သွားကြကုန်၏။ ရောက်လျှင် ကဿပဘုရား ပရိနိဗ္ဗာန် ဝင်စံ၍သွားပြီဟုကြားလေရာ၊ ဩော် ဒါလောက်တောင်မှ ဘုန်းတော် ကံတော် ဉာဏ်တော် တန်ခိုး

တော်အနန္တတို့နှင့် ပြည့်စုံတော်မူပေသော ဘုရားသခင်တော်မှ အနိစ္စနယ်၊ ဒုက္ခနယ်၊ အနတ္တနယ်မှ မလွတ်သေးပါ တကားဟု ဆင်ခြင်ရာ၊ နှစ်ဆူအကြား နတ်ပြည်၌သော အဖြစ်များ၍၊ ဘုရားပွင့်လျှင် ဆရာတပည့် အားလုံးပင် ရဟန္တာများ ဖြစ်ကြပုံကို ယုံကြည်၍ ဆင်ခြင် ကြကုန်ရာသတည်း။

## ၁၇။ ရုပ်နာမ်နှစ်ဝ တွေ့ကြုံက ဉာတအရိယာ။

လက်ဖျား၌ ရှရှ မွမွ ပွပွ ကြွကြွ စသည်ဖြင့် ပေါ်နေသော ဓါတ်တို့ကား ရုပ်တရားပင်တည်း။ ရင်ထဲ၌ရှိသော စိတ်ကသိသိနေခြင်းကား၊ နာမ်တရား ပေတည်းဟု ရုပ်နှင့်နာမ်ကို ကေန္တမုချ ကိုယ်တွေ့ စိတ်တွေ့ ဉာဏ်တွေ့ တွေ့ကြုံပါလျှင် ဉာတအရိယာ ဖြစ်၍နေပါပြီ။

## ၁၈။ ရုပ်နာမ်၌ပင် ၓ,ဣ,မြင်၊ခေါ်တွင် တိရဏာ။

ပြခဲ့ပြီးသော ရှရှ မွမွ ရုပ်တရား၌ပင်ဖြစ်စေ၊ သိသိနေသော နာမ်တရား၌ပင်ဖြစ်စေ၊ တခုခုတမျိုးမျိုး၌ အနိစ္စပါတွေ့၊ဒုက္ခပါတွေ့၊ အနတ္တပါတွေ့ပါလျှင်၊ တိရဏ အရိယာဖြစ်ပြီဟုမှတ်လေ။ ဥပမာ ရှရှ ရှရှနှင့် ဓါတ်ပေါ် ဤနေရာ၌ သူ့ရှနှင့် သူ့အသိ၊ သူ့မွနှင့် သူ့အသိ၊ သူ့နွေ့နှင့်သူ့အသိ၊ သူ့ပူနှင့်သူ့အသိ ဟူ၍ ရုပ်နှင့်နာမ် ဖြစ်ပေါ်နေကြ၏။ ရှရှ ရှရှနှင့် ပြုံလိုက်ပြုံလိုက် ဖြစ်ပျက်နေခြင်းကား အနိစ္စလက္ခဏာပင်တည်း။ရှပြီးလျှင်မသေချင်မနေရ၊ မပျက်ချင်မနေရ၊ မပျောက်ချင်မနေရဘဲ၊ တသေထဲ

သေ၍ချည်း နေခြင်းကား ဒုက္ခလက္ခဏာပင်တည်း။ ရှရှ ရှရှနှင့် ဖြစ်ပျက်နေပေရာ၊ တားမရ ဆီးမရ၊ အလိုမလိုက် အကြိုက် မပါဘဲ၊ သဘာဝအတိုင်း နေခြင်းကား အနတ္တ လက္ခဏာပင် တည်း။ ဤလိုကိုယ်တွေ့ တွေ့လျှင် တိရဏ အရိယာဖြစ်ပါပြီ။

## ၁၉။ သိလျှင်ပယ်ချ ခေါ်ဝေါ်ကြ ပဟာနအရိယာ။

(သိလျှင်-ပယ်၊ ပယ်လျှင်-လွတ်၊ လွတ်လျှင်-ဧ။) ဆိုသည့် အတိုင်း ဥပမာ လင်နှင့်မယား အချစ်ပွါးလျက် နေကြစဉ်ပင် လင်က မယားကို ဘီလူးမဝါတကားဟု၊ သိလျှင် အချစ်ပြယ် တော့၏။ အလိုလို ချစ်စိတ်ပျောက်၏။ ကြောက်စိတ်ပေါ်ရ၏။ ဓမ္မတာပင်တည်း။ တနည်းနည်းနှင့် လွတ်မြောက် တော့၏။ လွတ်မြောက်လျှင် ဧေ မြမြ ချမ်းသာသုခနှင့် နေရတော့၏။ သိပုံ-ပယ်ပုံကို ထင်ရှားစေရန်ကား--

| | | | |
|---|---|---|---|
| ရုပ်ပေါ်လျှင်ရုပ်ဟုသိ၏။ | အံဝိဇ္ဇာ | ဒိဋ္ဌိ | ဝိစိကိစ္ဆာကိုပယ်၏။ |
| နာမ်ပေါ်လျှင်နာမ်ဟုသိ၏ | ၎င်း | ၎င်း | ၎င်း |
| ဉာဏ်ပေါ်လျှင်ဉာဏ်ဟုသိ၏ | ။ | ။ | ။ |
| မဂ်ပေါ်လျှင်မဂ်ဟုသိ၏ | ။ | ။ | ။ |
| ဖိုလ်ပေါ်လျှင်ဖိုလ်ဟုသိ၏ | ။ | ။ | ။ |
| နိဗ္ဗာန်ပေါ်လျှင် နိဗ္ဗာန်ဟုသိ၏ | ။ | ။ | ။ |

ယခု ပြ၍ပြီးစဖြစ်သော၊ ၁၇-၁၈-၁၉ လင်္ကာတို့အရ၊ ဉာတ ပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ အရိယာ သုံးပါးကို ပိုင်းပိုင်း ခြားခြား၊ နားလည်ကြရန် ပုံစံနှင့်ပြဦးအံ့။

| ဉာတပရိညာ | တီရဏပရိညာ | ပဟာနပရိညာ |
|---|---|---|
| လှေတွေ့သူ<br>ရှရှ,မှမှတွေ့ | ကူးနေသူ<br>အနိစ္စ,ဒုက္ခ,အနတ္တတွေ့ | ကမ်းရောက်အူ<br>အဝိဇ္ဇာ၊ဒိ,ဝိ,ပယ် |
| ဒိဋ္ဌိ၊ ကင်္ခါဝိသုဒ္ဓိ<br>၂-ပါး | မဂ္ဂါ၊ ပဋိပဒါ<br>ဝိသုဒ္ဓိ ၂-ပါး | ဉာဏဒဿန<br>ဝိသုဒ္ဓိ |

လိုရင်းကား ပဌမဦ၊ ဉာတပရိညာ ဆိုတာ လှေတွေ့သော သူနှင့် ဥပမာတူလှ၏။ ရှရှ မှမှ တွေ့လျှင်၊ ဉာတပရိညာပါဘဲ။ ဒိဋ္ဌိဝိသုဒ္ဓိနှင့်ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ၂ ပါးတို့၏ အရာပင်တည်း။ ဒုတိယဦ လှေတွေ့ပြီးနောက် ထိုလှေကိုစီးလျက် မြစ်တဘက်သို့ ကူးနေသူနှင့်တူလှ၏။ အနိစ္စ ဒုက္ခ အနတ္တပါ တွဲ၍ ပေါ်လျှင်၊ တီရဏပရိညာစခန်းသို့ ရောက်၍နေပါပြီ။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိစခန်းနှင့်ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစခန်းပင်တည်း။တတိယဦ ထိုလှေကို စီးနင်း၍ကူးရာ၊ ဟိုဘက်ကမ်းသို့ ရောက်နေပါပြီ။ အဝိဇ္ဇာသက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ ရန်သူများကိုပယ်သတ်နိုင်၍၊ပဟာန ပရိညာဟုခေါ်ရပါသည်။ဉာဏဒဿန ဝိသုဒ္ဓိစခန်းသို့ ရောက်ရှိပါတော့သည်။

## ကျက်မှတ်ထားရန်လင်္ကာများ

ဒိဋ္ဌိကင်္ခါ၊ ဉာတသာနှင့်၊ မဂ္ဂါပဋိ၊တီရဏ၊အရိပဟာနာ။
ပရိညာသုံးပါး၊ ကိုယ်၌ပွါး၊ ခေါ်ငြား အရိယာ။

လှေတွေ့သောခါ၊ ကူးသောခါနှင့် လိုရာအရပ်။
ရောက်တုံလပ်၊ မှတ်ကြအတူသာ။
လှေတွေ့ဥာတ ကူးက တိရဏ၊ ရောက်ခါပ်ဟာန၊ ပမာပြ
မှတ်ကြသေအချာ။ ။

## ၂၀။ ကိလေသာ အကုသိုလ်မဝင်နိုင်သောအလုပ် ၆-ပါးရှိသူ အရိယာ ၆-ဆင့်တည်း။

ကိလေမဖြစ်၊ အလုပ်သစ် မှတ်ရစ် လူဗိုလ်ပါ။
ဝတ်ပြု ကျမ်းသင်၊ ကျင့်ဓုတင်၊ ဈာနင်သမာဓိပါ။
အမှုသစ် ဝိပဿ်၊ ကိလေခါတ်၊ ဆက်ဆက်မဝင်ပါ။

| | | | |
|---|---|---|---|
| က။ ဆရာဝတ်စသည်ပြု၍နေသူ အကုသိုလ် ကိလေသာမဝင်ရ အရိယာ | | | |
| ခ။ ကျမ်းသင်ကြားနေသူများ။ ၎င်း | ၎င်း | ၎င်း | |
| ဂ။ ဓုတင်ကျင့်သူများလည်း | ။ | ။ | ။ |
| ဃ။ သမထဈာနင် ရှုသူများလည်း | ။ | ။ | ။ |
| င။ အမှုသစ်ပြုလုပ်သူများလည်း | ။ | ။ | ။ |
| စ။ ဝိပဿနာရှုသူများလည်း။ | ။ | ။ | ။ |

## ၂၁။ တရားနှင့်နေသူ (ဓမ္မဝိဟာရီ)ပုဂ္ဂိုလ် ၆-ဦးလည်း အရိယာပင်တည်း။

သုတဝိပဿ်၊ သောတတ် သာကဒါ၊ အနုာရဟံ၊ ဤ
၆-တန် ဓမ္မ ဝိဟာရ။
ထိုပုဂ္ဂိုလ်များ၊ ဘွဲ့အပ်ထား၊ မှတ်သား အရိယာ။

(က) ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါး သစ္စာ ၄-ပါးစသော တရားတော်တို့၌ ဗဟုသုတ ရှိနေ သူ တယောက်။ (ခ)ဝိပဿနာပွါးနေသူတယောက်။ (ဂ)သောတာပန်။ (ဃ) သကဒါဂါမ်။ (င)အနာဂါမ်။ (စ)ရဟန္တာ၊ ဤပုဂ္ဂိုလ် ၆-ဦးသည်။ တရားနှင့်နေကြသူများ၊တရားနှင့်အချိန်ကုန်ကြသူများဖြစ်၍ အရိယာဟုခေါ်ရသည်။

## ၂၂။ နေက္ခမဓါတ် ငါးပါးတွင် တပါးပါး ရှိနေသူများလည်းအရိယာပင်တည်း။

ပဗ္ဗဇ်ဈာန၊ အမတဝိပဿ်၊ ကုသိုလ် ဓါတ်၊ ငါး ရပ်
နေက္ခမာ။
ထိုပုဂ္ဂိုလ်များ၊ ဘွဲ့အပ်ထား၊ မှတ်သားအရိယာ။

(က) ပဗ္ဗဇိတ၊ ကိလေသာယုတ် နှင်ကာထုတ်တတ်သော မိန်းမ, ယောကျ်ား, ဘိုးသူတော်, သီလရှင်,ရှင်,ရဟန်းတို့လည်း။ အရိယာအစစ်ပင်တည်း။ (ခ) ဈာန်ဝင်စားနေသူ။ (ဂ)နိဗ္ဗာန်ကိုဆင်ခြင် တွေးတော သဘောမိအောင် ဘမ်း၍နေသူ။ (ဃ) ဝိပဿနာပွါးသူ။ (င)ထာဝရကုသိုလ် ရှိနေသူ။ ဤငါးပါးတို့သည်၊ အရိယာပင်တည်း။အရိယော၊မြတ်သော(ဝါ)ဖြူစင်သောပုဂ္ဂိုလ်တည်း။ အမြတ်ရသောကြောင့်၊ ဖြူစင်နေသောကြောင့် အရိယာဟူလို။

## ၂၃။ အစ္ဆရာသယပေါက်ကြီး ၆-ပါး၌တပါးပါး ရှိနေသူများအရိယာပင်တည်း။

လော ဒေါ မော အာ၊ နေက္ခမနှင့်၊နိဿရဏ ပဝိဝေကပါးရှိ ဗောဓိအဇ္ဈာသယာ။

ထိုပုဂ္ဂိုလ်များ၊ ဘွဲ့အပ်ထား၊ မှတ်သားအရိယာ။

(က) အလောဘအဇ္ဈာသယ-လောဘနည်းပါး၍ ဒါနသန့် သူ အရိယာ။

(ခ) အဒေါသ အဇ္ဈာသယ-ဒေါသ နည်းပါး၍ မေတ္တာ သန့်သူ အရိယာ။

(ဂ) အမောဟ အဇ္ဈာသယ-မောဟ နည်းပါး၍ ပညာ သန့်သူ အရိယာ။

(ဃ) နေက္ခမအဇ္ဈာသယ-အပျော်အပါး နည်း ပါး ၍ ကာမဂုဏ်အပြစ်မြင်သူ အရိယာ။

(င) နိဿရဏအဇ္ဈာသယ- ကျွတ်လွတ် ထွက်မြောက် လို သော စိတ်သန့်သူ အရိယာ။

(စ) ပဝိဝေက အဇ္ဈာသယ-အများနှင့်မနေလို ဆိတ်ငြိမ်ရာ ၌သန့်သူ အရိယာ။

## ၂၄။ လောဒေါမောကိုဖေါက်ခွဲနိုင်သော(နိဗ္ဗေဓိက) ရသောသူသည်၊အရိယာပင်တည်း။

လော ဒေါမောဟ ကမ္ဘာ့ရောဂါ၊ ဖေါက်ခွဲရှာ။ ကြီး စွာ ဝိပဿနာ။

ထိုးထွင်းဖေါက်ခွဲ၊ ပြုနိုင်ခဲ၊ တစ်စွဲဝိပဿနာ။
နိဗ္ဗိဒါက အမည်ရ၊ ပြည်မ မဝေးပါ။
ထိတ်လန့်ဆန့်ကျင်၊ မပျော်ရွှင်၊ လေးအင်ဖေါက်ထွင်း
ရှာ။

အနမတဂ္ဂ သံသရာလဆန်း တရက်နေ့ကစ၍ ထုကြီးထယ်ကြီးဖြစ်လျက် နာရီ မိနစ် စက္ကန့်နှင့်ချီ၍ တိုးပွါးလျက်နေသော၊ လောဘက္ခန္ဓ၊ လောဘတုံး လောဘခဲ လောဘအထုကြီးတရပ်။ ဒေါသက္ခန္ဓ ဒေါသတုံး ဒေါသခဲ ဒေါသ အထုကြီးတရပ်၊ မောဟက္ခန္ဓ၊ မောဟတုံး မောဟခဲ၊ မောဟ အထုကြီးတရပ်၊ တည်းဟူသော ကမ္ဘာ့ရောဂါ ကမ္ဘာ့အနာကြီး များသည်။ ဝိပဿနာ ဆေးတော်ကြီးနှင့် ထိမှသာ ပြိုကွဲ ပျက်စီး ပြုန်းတည်း၊ ပျောက်ပျက် ရရှာတော့သည်။ ဝိပဿနာ လက်နက်တော်ကြီးသည်၊ လော ဒေါ မော မှစ၍အကုသိုလ် ကိလေသာ ကမ္ဘာ့ရောဂါ၊ ကမ္ဘာ့နာ ကြီးများကို ထိုးထွင်း နိုင်သည်။ ဖေါက်ခွဲ နိုင်သည်။ ထို့ကြောင့် ဝိပဿနာကို၊ နိဗ္ဗိဒါက လက်နက်တော်ကြီးဟု ဘုရား ပစ္စေကာ ရဟန္တာ အရိယာကြီးများက၊ ဘွဲ့တံဆိပ်ခတ်နှိပ် မှည့်ခေါ်ကြလေသည်။ ဝိပဿနာ၏ တန်ခိုးတော်ကြောင့် လော၊ ဒေါ၊ မော၊ စသော အကုသိုလ် ကိလေသာတို့ပြိုကွဲတယ်၊ပျက်စီးတယ်၊ပြုန်းတည်းတယ်၊ ပျောက်ပျက်တယ်ဆိုဒါ။ ဘာကိုမြင်လို့ သိရပါသလဲဟု မေးပါလျှင်၊ (၁)ထိတ်သည်။ (၂)လန့်သည်။ (၃)ဆန့်ကျင်နေသည်။ (၄)

ဘုံဘဝ၌ မပျော်ရွှင်ဘဲ လွတ်မြောက်လိုသည်။ အဲဒီသဘောတွေ ပေါ်ပေါက်နေရဒါဟာ ကိလေသာတို့ အကုသိုလ်တို့ပြိုကွဲခြင်း ပါဘဲ၊ ပျက်စီးခြင်းပါဘဲ၊ ပြုန်းတည်းခြင်းပါဘဲ။ ပျောက်ပျက် ခြင်းပါဘဲ၊ တရားတွေ့သူတိုင်းလိုပင် ဤလေးပါးသောသဘော တရားများ ထင်ရှား ပေါ်ပေါက်၍နေကြပါသည်။

## ၂၅။ သစ္စာလေးပါးကို သိရာ၌ အသိဉာဏ်ချင်း တူသလား ခြားသလား။

ကြားနာ သုံးသပ်၊ ထိုးထွင်းတတ်၊ နောက်ထပ် ဆင်ခြင်ပါ။

ဒုက္ခသစ္စာ၊ သမုပါ၊ လေးဖြာသိဉာဏ်လာ။

နိရောမဂ္ဂ၊ ယင်းနှစ်ဝ သမ္မပယ်နှုတ်ရာ။

သစ္စာ ၄-ပါး၊ သိဉာဏ်ခြား၊ မှတ်သားအရိယာ။

အကျိုးပြ ၁၃၉-နှင့်ပိုဒ်မကြီး ၃၀၇-၌၊ ဖါင့်နှင့်ပြလတ္တန့်။

ဒုက္ခသစ္စာကို ကြားနာသိ၊ သုံးသပ်သိ ထိုးထွင်းသိ၊ ဆင်ခြင်သိဟူ၍ ၄-ပါးရှိ၏။

သမုဒယ သစ္စာကို၊ ကြားနာသိ သုံးသပ်သိ ထိုးထွင်းသိ ဆင်ခြင်သိဟူ၍ ၄-ပါးရှိ၏။

နိရောဓသစ္စာကို ကြားနာသိ၊ ထိုးထွင်းသိ၊ ဆင်ခြင်သိ ဟူ၍၃-ပါးသာရှိ၏။

မဂ္ဂသစ္စာကို ကြားနာသိ ထိုးထွင်းသိ ဆင်ခြင်သိ၊ ဟူ၍ ၃-ပါးသာရှိ၏။

## ၂၆။ သစ္စာ ၄-ပါး၌ အသိဉာဏ် ၆-ပါး ခြားနားပုံတနည်း။

သင်မေး နာဆောင်၊ဆင်ခြင်နှောင်၊ထို့နောင် ထိုးထွင်းပါ။
ဒုက္ခသမု၊ သိခြောက်ခု၊ ထောက်ရှု ကြမ်းဆိုရှာ။
နိရော၊ မဂ္ဂ၊ သဝန၊ ပဋိဝေဓသော။
သစ္စာလေးချက်၊ သိပုံနက်၊ တွေ့ချက်အရိယာ။

ဒုက္ခသစ္စာ၌ သင်သိ, မေးသိ, နာသိ, ဆောင်သိ, ဆင်ခြင်သိ ထိုးထွင်းသိဟူ၍ ၆-မျိုးရှိ၏။

သမုဒယသစ္စာ၌ သင်သိ မေးသိ နာသိ ဆောင်သိ ဆင်ခြင်သိ ထိုးထွင်းသိဟူ၍ ၆-မျိုးရှိ၏။

နိရောဓ သစ္စာ၌ နာသိ ထိုးထွင်းသိ ၂-မျိုးသာ ရှိသည်။

မဂ္ဂသစ္စာ၌၊ နာသိ ထိုးထွင်းသိ ၂-မျိုးသာရှိသည်။

## ၂၇။ သစ္စာလေးပါးအသိ ၆-ပါးထဲက အနုဗောဓသိ ပဋိဝေဓသိခွဲပြပါ။

### သစ္စာ လေးပါးအသိ ၆-ပါးထဲက လောကီဉာဏ်သိ (လောကုတ္တရာဉာဏ်သိခွဲပြပါ။)

အနုဗောဓ ပဋိဝေဓ၊ယင်းနှစ်ဝ၊လင်းပြသေအချာ။
လောကီအနု လောကုပဋိ၊ စဉ်ကိုင်းညှိ အသိခြားနားပါ။
သင်မေး နာဆောင်၊ ဆင်ခြင်နှောင်၊ နုဘောင် ကီငါးဖြာ။
နိဗ္ဗာန်အာရုံ ကို့စွဲခြုံဘိ၊ ထိုးထွင်းသိ၊ ပဋိလောကုတ်ပါ။

အချုပ်ကား (က) အနုဗောဓသိ လောကီဉာဏ်သိ ဆိုဒါ၊ သင်သိ မေးသိ နာသိ ဆောင်သိ ဆင်ခြင်သိ ဤငါးပါးကို ဆိုပါသည်။ (ခ) ပဋိဝေဓသိ လောကုတ္တရာဉာဏ်သိတပါးဆိုတာ နိဗ္ဗာန်အာရုံနှင့်တကွ ကိစ္စ ၄-ပါး၊ခြုံ၍ကိုယ်ထဲက အသားထဲက၊ ရွရွ,မွမွ စသည်ဖြင့်၊ ကိုယ်တွေ့သိဖြစ်ပါသည်။ သဘောသိရုံ မနေ့ာသိရုံ ဉာဏ်သိရုံမျှမဟုတ်ပါ။

## ၂၈။ ဒါရုက္ခန္ဓသုတ်တော်လာ အရိယာစစ်တမ်း။

ဤဘက်ထိုမှာ၊ လူလာနတ်ကုတ်၊ လယ်မြုပ် သောင်တင်၊ ဝဲတွင်နစ်စုပ်၊ တွင်းပုပ်နံစော်၊ ဤရှစ်ဘော်သည် ရှင်တော်ဟောမြွက် မိန့်ခွန်းတည်း။

ဤဘက် အဇ္ဈတ်၊ ရှုသဒ်ထိုမှာ၊ လူလာဂီဟိ၊ တောင်းဘိ နတ်ကုတ်၊ လယ်မြုပ် နန္ဒီ၊ မာနီ သောင် တင်၊ ဝဲတွင်နစ်စုပ်၊ ကာမယုတ်တည့်၊ တွင်းပုပ်နံစော်၊ ဒုသီမျှော်သည်၊ ရှင်တော်ဟောမြွက် မိန့်ခွန်းတည်း။

(က) ဤဘက်ဆိုသည်ကား၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဟူသော အဇ္ဈတ္တိက အာယတန တို့၌၊ တပ်နှစ်သက်ခြား၊ လျှော့ပါလျှင် အရိယာတည်း။

(ခ) ထိုမှာဆိုသည်ကား၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဟူသော၊ ဗာဟိရာ ယတနတို့၌ တပ်နှစ်သက်ခြင်း လျှော့ပါးလျှင် အရိယာပင်တည်း။

(ဂ) လူလာဆိုသည်ကား၊ဂိဟိသံသဋ္ဌပင်တည်း။ အပေါင်း အသင်းတို့နှင့် မွေ့လျော် ပျော်ပါးနေမှုမှ ငြီးငွေ့၍ တယောက် ထည်းထည်း တရားနှင့်မွေ့လျော်ခြင်းသည်၊ အရိယာပင်တည်း။

(ဃ) နတ်ကုတ် ဆိုသည်ကား၊ လူချမ်းသာ၊ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို လိုချင်တောင့်တ၍ ဒါန,သီလ,သမထ, ပြုလုပ် ခြင်းပင်တည်း။ ၎င်းတို့ကို မလိုချင်တော့ဘဲ၊ နိဗ္ဗာန်ကိုသာ ဆုတောင်း၍ပြုလုပ်နေခြင်းသည်၊ အရိယာပင်တည်း။

(င) လယ်မြုပ်ဆိုသည်ကား၊ နန္ဒိရာဂ ရေပြင်၌မြုပ်လျက် နေခြင်းပင်တည်း။ထိုရေပြင်မှပေါ်တက်၍ စားရေးသောက်ရေး သွားရေး၊ သွီးရေး ဂုဏ်ရေး ဂက်ရေးတို့ကို မမက်မောတော့ဘဲ လျော့နိုင်သမျှ လျော့ပေါ့၍ နေခြင်းသည်၊ အရိယာပင်တည်း။

(စ) သောင်တင် ဆိုသည်ကား၊ မာန်တလူလူနှင့် သံသရာ သောင်ပြင်၌ တင်နေခြင်းပင်တည်း။ တရားတွေ့၍ မာန်မာန လျှော့ကျလျက် ဂုဏ်ဂက်မခံဘဲ ဆက်ဆံ၍နေသူသည်၊ အရိယာ ပင်တည်း။

(ဆ) ဝဲတွင်နစ်စုပ်ဆိုသည်ကား၊ ကာမဂုဏ်ငါးပါး၌စွဲမက် ၍နေခြင်းပင်တည်း။ တရားတွေ့လျှင် ကာမဂုဏ်ငါးပါး လျော့ ပါးလျက် အစားမှာလဲရသမျှ၊ အဝတ်မှာလဲရသမျှ၊ အနေမှာလဲ ရသမျှလောက်နှင့် ဇီဇာမချဲ့တော့ဘဲ၊ နေခြင်းသည်၊ အရိယာ ပင်တည်း။

(ဇ) တွင်းပုပ် နံစော်ဆိုသည်ကား၊ အလဇ္ဇီ ဒုဿီလတ်ငါ မုဆိုးကဲ့သို့ အပြစ်များများပြုလုပ်၍ နေခြင်းပင်တည်း။ တရား

တွေ့၍ အကုသိုလ် အဝင်မခံ၊ ဝင်ပြန်လျှင်လည်း အကြာမခံ တွန်းလှန်သတ်ဖြတ် မောင်းနှင်တတ်သော သူသည်၊ အရိယာ ဖြစ်တည်း။

## သင်္ဂြာယတနသံယုတ်ပါဠိတော် ဒါရုက္ခန္ဓသုတ် ၁၃၀ နံ ၂၁ လာ၊ ဥပမာပြချက်ကား။

(က) သစ်တုံးကြီးသည်၊ ဤဘက်ကမ်း၌ တင်သကဲ့သို့၊ စ,သော,ဃာ,ဇိ,ကာ, မန၌ တင်သည်။

(ခ) သစ်တုံးကြီးသည်၊ ထိုမှာဘက်ကမ်း၌ တင်သကဲ့သို့ ရူ,သ,ဂန္ဓ,ရ,ဖ, ဓမ္မ၌တင်သည်။

(ဂ) သစ်တုံးကြီးသည်၊ လူဆယ်ခြင်း ခံရသကဲ့သို့အဖေါ် နှင့်ပျော်၍ တင်သည်။

(ဃ) သစ်တုံးကြီးသည်၊နတ်ဆယ်သကဲ့သို့ဝဋ္ဋ၌ဆုတောင်း၍ တင်သည်။

(င) သစ်တုံးကြီးသည်၊ရေလယ်၌ မြုပ်သကဲ့သို့ နန္ဒီရာဂ၌ မြုပ်၍တင်သည်။

(စ) သစ်တုံးကြီးသည်၊ သောင်၌ တင်နေသကဲ့သို့ မာန သောင်၌ ငြိ၍တင်သည်။

(ဆ) သစ်တုံးကြီးသည်ဝဲလယ်၌နစ်စုပ်သကဲ့သို့ ကာမဂုဏ် ငါးပါး၌ နစ်၍တင်သည်။

(ဇ) သစ်တုံးကြီးသည်။ အတွင်းက ပုပ်နံ့စော်၍ ပျက်သကဲ့သို့ အလဇ္ဇီ ဒုဿီလ ဖြစ်၍ တင်သည်။

သစ်တုံးကြီးသည်၊ ရှစ်ခုတွင် တခုခု၌တင်၍ ပင်လယ်သို့ မရောက်ရသကဲ့သို့ ယောဂီသည်၊ ရှစ်ဌာနတွင် ဌာနတခုခု၌ငြိ၍ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ မရောက်နိုင်ဟု ပြ၍ဟောခတော်မူသည်။

## ၂၉ သာသနာတော်အံ့ဩဘွယ် ၈-ပါး တပါးပါးရ အရိယာပင်တည်း။

အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံဘွယ် ဆယ်ပြစ် တမည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ဆယ်မျိုးရတနာ၊ ရသာ ဆားတူ၊ ကြီးသူနေရာ၊ အံ့ရှစ်ဖြာသည်၊ အရိယာ၏ ဥစ္စာတည်း။

(က) အစဉ်နက်ဝှမ်းအရ၊ ဘုရားရှင်၏၊ သာသနာကြီး သည်၊ သရဏဂုဏ်တည်ခြင်း၊ ငါးပါး၊ ၈-ပါး၊ ၁၀-ပါးမှစ၍အစဉ်အတိုင်း နက်ရှိုင်း၍သွားသည်၊ ဤအတိုင်း ကျင့်ကြံ၍သွားလျှင်အရိယာပင်တည်း။

(ခ) ကမ်းကိုမလွန်အရ၊ အရာရာ ဘုရား စည်းကမ်းကို မလွန်ဘဲ ကျင့်ကြံနေလျှင် အရိယာပင်တည်း။

(ဂ) ရွံဘွယ်ဆယ်ပြစ်အရ၊ အကုသိုလ် ကိလေသာတို့ အဖြစ်မခံဘဲ၊ တွန်းလှန်၍ နေခြင်းသည်၊ အရိယာ ပင်တည်း။

(ဃ) တမည်ဖြစ်ခြင်းအရ၊မင်းမျိုး ပုဏ္ဏားမျိုး လယ်လုပ် ကုန်သည်၊စသော လောကီအမည်ကိုလွတ်၍ငါဟာ

ဘုရား သွားတော်ဘဲ၊ ဘုရား သွီးတော်ဘဲ ဘုရား ကြိုက်ထာမှ ကျင့်မည်ဟု၊ ကျင့်၍ နေခြင်းသည်၊ အရိယာပင်တည်း။

( င ) မယုတ်မလွန်အရ၊ တရား တွေ့သဖြင့်၊ ယခုဘဝ, နောင်ဘဝဟု နှစ်ဘဝဖြစ်သော်လည်း၊ သာသနာ မပြောင်းတော့ဘဲ၊ ယုတ်ခြင်း၊ တိုးခြင်းမရှိ မြဲ၍ နေခြင်းသည်၊ အရိယာပင်တည်း။

(စ) ဆယ်မျိုးရတနာအရ၊ မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဖြစ်သော တကယ့် ရတနာများထဲက တခုခုရပါလျှင် အရိယာပင်တည်း။

(ဆ) ရသာဆားတူအရ၊ ငါးမှာတရားတွေ့ပြီး နေ့ကစ၍ နိဗ္ဗာန်ရောက်ဘို့၊ခံစားဘို့ အရသာ တခုသာလိုရင်း တည်းဟု၊ အရသာတခုကိုသာ ကိုးစား အားထား နေရကား အရိယာပင်တည်း။

(ဇ) ကြီးသူနေရာအရ၊ သာသနာတော်ကြီးသည်။ ဘုန်း ကြီး, ကံကြီး, သမ္မာစကြီး ပါရမီကြီးသော သော တာပန် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အဓိပတိ တို့၏ တည်နေရာဖြစ်သည့်အတိုင်း၊ ငါလဲဘဲ သခ်ါရ ရုပ်နာမ်ကို တွေ့သောနေ့ကစ၍ (ဗုဒ္ဓသာ သာသနံ မူလံ ဩတိဏ္ဏံနာမ) ဟူသော ပါဠိအရ သာသနာ တော် အမြစ်တွယ်ပြီဟု ဝမ်းမြောက်လျက် နေရ ကား။ အရိယာပင်တည်း။

## ၃၀။ ဆယ့်တစ်ပေါ်ဘိ သိဉာဏ်မိ နာမ်သိအရိယာ

| | | | |
|---|---|---|---|
| က။ | ကလာပ်တခုပေါ်၊ | အသိတခုမိ | အရိယာပင်တည်း။ |
| ခ။ | ပရမတ်တခုပေါ် | ၎င်း | ၎င်း |
| ဂ။ | ပညတ်တခုပေါ် | ။ | ။ |
| ဃ။ | ရုပ်တခုပေါ် | ။ | ။ |
| င။ | နာမ်တခုပေါ် | ။ | ။ |
| စ။ | ဉာဏ်ပေါ် | ။ | ။ |
| ဆ။ | သညာပေါ် | ။ | ။ |
| ဇ။ | ဝိဉာဏ်ပေါ် | ။ | ။ |
| ဈ။ | မဂ်ပေါ် | ။ | ။ |
| ည။ | ဖိုလ်ပေါ် | ။ | ။ |
| ဋ။ | နိဗ္ဗာန်ပေါ် | ။ | ။ |

## ၃၁။ ရှေးသဘောပယ်၊ အံ့ဩဘွယ် ခေါ်လွယ်အရိယာ။

တရားအားထုတ်၍ မဂ်တွေ့သောအခါ၊ ရှေးရှေးကရှိလျက်နေသော စိတ်ကူးသဘောထားများ ပြောင်းလဲသွားရတော့၏။ အံ့ဩစရာပင်တည်း။ ဘယ်ပုံပြောင်းသွားပါသလဲဆိုလျှင်၊ (က) ရှေးရှေးက စိတ်နေ စိတ်ထားပြောင်းသွားခြင်း။ (ခ) အပေါင်းအသင်း ပြောင်းသွားခြင်း။ (ဂ) အအိပ်အနေပြောင်းသွားခြင်း။ (ဃ) မဂ်အပေါ် ပြောင်းသွားခြင်း။ (င) အာရုံပြုပြောင်းသွားခြင်း။ (စ) အသိဉာဏ်ပြောင်းသွားခြင်း။ (ဆ) အိပ်မက်များ

ပြောင်းသွားခြင်း။ (ဇ) သဒ္ဓါစေတနာ သတိ,သမာဓိ,ပညာပါ ပြောင်းသွားခြင်း။ (ဈ)အိပ်ရာမှအနိုးပြောင်းသွားခြင်း။ (ည) တရားစကားအပြော ပြောင်းသွားခြင်း။အဲဒါ သိပ်ယ်ဆိုက်ပွါး အရသိလို့ ပယ်ဒါပါဘဲဟု မှတ်ရမယ်။

**ပယ်ပုံ ၁၀-မျိုးပြပြီး၍ ပယ်ပုံ ၁၂-မျိုးပြဦးအံ့။**

| | | |
|---|---|---|
| အနိစ္စတွေတုံး | .... | နိစ္စပျောက်။ |
| ဒုက္ခတွေတုံး | .... | သုခပျောက်။ |
| အနတ္တတွေတုံး | .... | အတ္တပျောက်။ |
| ငြီးငွေ့နေတုံး | .... | နန္ဒိပျောက်။ |
| တပ်မက်ချုပ်တုံး | .... | ရာဂပျောက်။ |
| ချုပ်ထာတွေတုံး | .... | ဖြစ်ထာပျောက်။ |
| စွန့်လွှတ်ရောက်တုံး | .... | အားထုတ်ပျောက်။ |
| ပရမတ်ပေါ်တုံး | .... | ပညတ်ပျောက်။ |
| ရုပ်နာမ်တွေတုံး | .... | ဒိဋ္ဌိပျောက်။ |
| ဓါတ်ခတွေပေါ်တုံး | .... | မောဟပျောက်။ |
| ဉာဏ်မြင်ပေါ်တုံး | .... | ယုံမှားပျောက်။ |
| နိဗ္ဗာန်ပေါ်တုံး | .... | ဖြစ်ပျက် ပျောက်။ |

## ၃၂။ နောက်ထပ်တဖန် မပေါ်ပြန် ချုပ်ပြန် အရိယာ။

နိဗ္ဗာန်ဆိုဘာ ရာဂက္ခယော၊ ရာဂကုန်ရာ နိဗ္ဗာန်၊ ဒေါသက္ခယော၊ ဒေါသကုန်ရာနိဗ္ဗာန်၊ မောဟက္ခယော၊ မောဟကုန်ရာ

နိဗ္ဗာန်စသည်ဖြင့် အချုပ်ကြီး၊ချုပ်ပြီး၊ နောက်ထပ်တဖန် အပြန်မရှိ၊ ချုပ်ငြိမ်းရာကိုနိဗ္ဗာန်ဟုခေါ်သည်။ ရှင်းပြအံ့၊ ရုပ်နာမ်တို့ကို မမြင်ရခြင်းသည်၊ မောဟဆိုတဲ့ အဝိဇ္ဇာက ဖုံးအုပ်ထားသော ကြောင့် မမြင်ရ၊ မမြင်ရလို့ပင် ကိုယ်ကြီးကို ငါစွဲ၊ သူစွဲ စသော ဒိဋ္ဌိစွဲဖြင့် စွဲလမ်းကြသည်၊ ယုံမှားကြသည်။

ဟော–ယခု ဝိပဿနာ တရားကို ပွါးများ ရှုလိုက်တော့ ဖုံးအုပ်ထားသော မောဟအဝိဇ္ဇာကြီး၊ အပြန်မရှိ ချုပ်သွားလိုက်ထာ၊ချုပ်သောနေ့ကစ၍ ယခုအထိ၊အဝိဇ္ဇာက ပြန်လှန်၍ မဖုံးနိုင်တော့ဘူး မဟုတ်လား၊ ကုဋေ ၅–ထောင်ကျော် ရှရှ၊ မှမှ တွေ့ကို တွေ့တဲ့နေ့ကစ၍ခါတ်သာ ထင်ပြီးစွဲလမ်း၍ ငါစွဲ၊ သူစွဲ၊ ပုဂ္ဂိုလ်စွဲ ပြန်လှည့် လာသေးရဲ့လား။ ဟုတ်မှ ဟုတ်လား–မဟုတ်လား၊ ဟူသော ယုံမှားခြင်း၊ ဝိစိကိစ္ဆာလဲ တခါ တခါပြန်၍များလာ သေးရဲ့လား။ အဲဒါလို အဝိဇ္ဇာ မောဟ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ၃–ပါးတို့ ချုပ်ကတည်းက ပြန်၍မပေါ်လာတော့ဘဲ၊ အချုပ်ကြီး ချုပ်ငြိမ်းသွားတာ ဘာခေါ်မလဲ။မောဟက္ခယော၊မောဟကုန်ငြိမ်း ချုပ်ကိန်းကြီး ကြုံသောနိဗ္ဗာန်ဆိုမဟုတ်လား၊ပြီးတော့လဲ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီး၌။ (ပဝတ္တံ သင်္ခါရံ အပဝတ္တံ နိဗ္ဗာနံ။)တဲ့၊ ရှရှ၊ မှမှနှင့်ဖြစ်ချင်တိုင်း၊ ဖြစ်ပျက်ချင်တိုင်း ပျက်၍ နေတာ သင်္ခါရတွေဘဲ ရှရှ၊ မှမှတွေ တကိုယ်လုံးပျောက်ပျက်ပြီး ခန္ဓာကိုယ်ကြီးပါ၊ ပျောက်ပျက်လျက် ပေါ့ပေါ့ပါးပါး ဘာမျှ မရှိတော့ဘဲ၊ မြေနေသလိုဘဲ၊ ချုပ်သွားတာကိုတွေ့လိုက်ရတယ်။

ဒါဟာ(အပဝတ္တ နိဗ္ဗာန်)ပါဘဲ။ ။အပဝတ္တ ရုပ်နာမ်မှန်သမျှ အနန္တတို့မဖြစ်ကြဘဲ၊ ရပ်စဲခြင်းသည်။ နိဗ္ဗာန်၊ နိဗ္ဗာန်ပင်တည်း။ ကိုယ်တွေ့တွေ့ရသူမှ ယုံကြည်မည် မယုံကြည်လျှင်ကိစ္စမရှိ တွေ့မှ ပင် ယုံကြည်မည်ဖြစ်သည်။ ထိုနိဗ္ဗာန်အဆုံးအဖြစ်ကား--

(က) လယ်တီဆရာတော် ဝါဒ။ (ခ) ဦးတိက္ခိန္ဒြိယ ဝါဒ။ (ဂ) မင်းကွန်းဆရာတော်ဝါဒ။ (ဃ)အင်းစိန် မင်းကွန်းဦးဝိသုဒ္ဓဝါဒ။ (င) ဂုံညင်းတန်းရွာ ဦးဝါယ မဝါဒ။ (စ) ဉာဏစာဂီဝါဒ။ (ဆ) ဆရာသက်ဝါဒ။ (ဇ) လက်ပံတန်း သဒ္ဓမ္မပါလ ဆရာတော်ဝါဒ။ (ဈ) ရန်ကုန်မြို့ သရက်တောဘိုက် မြို့မိ ဆရာတော် ဝါဒတို့၌ ပြသည့်၊ အတိုင်း ကိုယ်တွေ့နှင့် ကိုက်ညီပါသဖြင့် အတို ချုပ်ရသော သဒ္ဓေပသာတည်း။

## ၃၃။ အကုသိုလ်ပါး၊ ကုသိုလ်ပွါး၊ ခေါ်ငြားအရိယာ။

ကုသိုလ်နှင့် အကုသိုလ်သည်၊ သူဝင်-ငါထွက် ဆိုဘိသကဲ့သို့ လူတိုင်း လူတိုင်း၌ပင် ကုသိုလ်မဖြစ်လျှင် အကုသိုလ်ဖြစ်၏။ အကုသိုလ် မဖြစ်လျှင် ကုသိုလ်ဖြစ်၏။ ၎င်းမေ့တာ သဘောကို လူတိုင်း လူတိုင်းပင် ပြောဆိုကြကုန်၏။ ကမ္မဋ္ဌာန်းတရား အား ထုတ်၍ ဓါတ်တွေ့သော အခါမှစ၍ကား၊ အကုသိုလ်အဖြစ် သိသိသာသာကြီး လျော့ပါးနေတော့သည်။ အကုသိုလ် ကြမ်း ကြမ်းကားမဖြစ်သလောက်၊ ပျောက်ပျက်ရတော့၏။ ကမ္မဋ္ဌာန်း

ထိုင်ရာ၌ အကုသိုလ်နည်းပါး၍ ကုသိုလ်သာ ပွါးများနေပုံကို ပြလတ့်ဖြစ်သော မဂ္ဂင်ရှစ်ပါး ဇယားအဓိပ္ပါယ်ကို မြင်သဖြင့် သိကြကုန်လတ့်။

## ကမ္မဋ္ဌာန်းအားထုတ်ရာ၌ မဂ္ဂင်၈-ပါး ပါဝင်နေပုံကား

(က) အားထုတ်ခြင်းသည်၊ သမ္မာဝါယမ မဂ္ဂင်ပင်တည်း၊ (ခ) သတိထားခြင်းသည်၊ သမ္မာသတိမဂ္ဂင်တည်း။ (ဂ) တည်ကြည်ခြင်းသည်၊ သမ္မာသမာဓိမဂ္ဂင်တည်း။ (ဃ) ကိုယ်နှုတ်ငြိမ်ခြင်းသည်၊သမ္မာဝါစာမဂ္ဂင်၊သမ္မာကမ္မန္တမဂ္ဂင်၊သမ္မာအာဇီဝမဂ္ဂင် သုံးပါးတို့ပင်တည်း။ (င)ဖြစ်ပျက်ကို ကြံစည်ခြင်းသည်၊ သမ္မာသင်္ကပ္ပမဂ္ဂင်တည်း။ (စ) တွေ့မြင်ခြင်းသည်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ပင်တည်း။ရှစ်ပါး ပါဝင်နေပါပြီ။

## မဂ္ဂင်ရှစ်ပါးကဆိုင်ရာကိုသတ်၍ ပွါးနေပုံကား။

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ဒိ | ပွ | ဝါစ | ကံ | ဇီ | ဝါယ | တိ | ဓိ |
| မိစ္ဆာ | မိစ္ဆာ | မိစ္ဆာ | မိစ္ဆာ | မိစ္ဆာ | မိစ္ဆာ | မိစ္ဆာ | မိစ္ဆာ |
| ဟာ | ဟာ | ဟာ | ဟာ | ဟာ | ဟာ | ဟာ | ဟာ |
| နိ | နိ | နိ | နိ | နိ | နိ | နိ | နိ |
| ဒိ | ပွ | ဝါစ | ကံ | ဇီ | ဝါယ | တိ | ဓိ |

(၁-နံပါတ်) အရကား-သမ္မာဒိဋ္ဌိမဂ္ဂင်သည်၊ မိမိ၏ ရန်သူဖြစ်သော (အောက်က) မိစ္ဆာဒိဋ္ဌိကိုသတ်သည်။ (အောက်က) အဝိဇ္ဇာမောဟကိုသတ်သည်။ (အောက်က) နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ပွါးသည်။ (အောက်က) သမ္မာဒိဋ္ဌိကို ပွါးများ စည်ကား တိုးတက်စေသည်။

(၂-နံပါတ်) အရကား-သမ္မာသင်္ကပ္ပသည်၊ မိစ္ဆာသင်္ကပ္ပနှင့် မောဟကိုသတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၍၊ သမ္မာသင်္ကပ္ပကို တိုးပွါးစေ၏။

(၃-နံပါတ်) သမ္မာဝါစာသည်၊ မိစ္ဆာဝါစာနှင့် မောဟကို သတ်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ သမ္မာဝါစာကို တိုးပွါးစေ၏။

(၄-နံပါတ်) သမ္မာကမ္မန္တသည်၊ မိစ္ဆာကမ္မန္တနှင့် မောဟကို သတ်၍နိဗ္ဗာန်ကိုအာရုံပြု၊သမ္မာကမ္မန္တကို တိုးပွါးစေ၏။

(၅-နံပါတ်) သမ္မာအာဇီဝသည်၊ မိစ္ဆာအာဇီဝနှင့်မောဟကိုသတ်၍ နိဗ္ဗာန်ကိုအာရုံပြု၊ သမ္မာအာဇီဝကို တိုးပွါးစေ၏။

(၆-နံပါတ်) သမ္မာဝါယာမသည်၊မိစ္ဆာဝါယာမနှင့်မောဟကိုသတ်၍ နိဗ္ဗာန်ကိုအာရုံပြု၊ သမ္မာဝါယာမကို တိုးပွါးစေ၏။

(၇-နံပါတ်) သမ္မာသတိသည်၊ မိစ္ဆာသတိနှင့် မောဟကိုသတ်၍ နိဗ္ဗာန်ကိုအာရုံပြု၊ သမ္မာသတိကို တိုးပွါးစေ၏။

(၈-နံပါတ်) သမ္မာသမာဓိသည်၊ မိစ္ဆာသမာဓိနှင့် မောဟကိုသတ်၍ နိဗ္ဗာန်ကိုအာရုံပြု၊ သမ္မာသမာဓိကို တိုးပွါးစေ၏။

ဤပုံစံအတိုင်း မဂ္ဂင်ရှစ်ပါးက ဆိုင်ရာသတ်၍ မိမိဘက်က တိုးပွါးစေပုံတည်း။

## မဂ္ဂသစ္စာနယ် ဝိသုဒ္ဓိ ၇-ပါးက သက္ကာယဒိဋ္ဌိစသည် ပယ်ပုံကား-ပုံစံ (၁)

သီလဝိသုဒ္ဓိ<br>စိတ္တဝိသုဒ္ဓိ } အနိယတ စူဠသောတာပန် ၂-ပါး။

ဒိဋ္ဌိ.... သက္ကာယအကြမ်းပယ်<br>
ကင်္ခါ....သက္ကာယအလယ်ပယ်<br>
မဂ္ဂါ.... သက္ကာယအနုပယ်<br>
ပဋိ.... သက္ကာယအနုဆုံးပယ်<br>
} ယင်းလေးပါးကား၊ နိယတ စူဠသောတာပန် လေးဦးတို့တည်း။

ဉာဏ....သက္ကာယအိမ်စပြုတ်၊မဟာသောတာပန် ၁-ပါး။

## အကုသိုလ်နှင့် ဝိပဿနာလုံးထွေး၍သတ်ပုံကား ပုံစံ(၂)

ဝိပဿနာက { ဒိဋ္ဌိဂတသမ္ပယုတ်-၄ / ဝိစိကိစ္ဆာ- ၁ } အသေသတ်

ဝိပဿနာက ဒေါသမူဒွေး ၂-ခါးချိုး။

ဝိပဿနာက ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-မျက်၊ နား၊ လက်ခြေချိုး။

ဝိပဿနာက ဥဒ္ဓစ္စ ၁-အားနည်းစေ။

၂ နံပါတ် ပုံစံအရကား၊ ဝိပဿနာသည်၊ ဒိဋ္ဌိဂတသမ္ပယုတ် ၄-နှင့် ဝိစိကိစ္ဆာ ၁-ခုကို အသေသတ်၏။ ဝိပဿနာသည်၊ ဒေါသမူစိတ် ၂-ကိုခါးချိုး၍ အားနည်းစေ၏။ ဝိပဿနာသည်၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုရှိရာ၊ တခုစီခွဲ၍ ပဌမကိုမျက်စိဖေါက်၏၊ ဒုတိယကို နားကန်းစေ၏။ တတိယကို လက်ချိုးပြစ်၏။ စတုတ္ထကိုခြေချိုးထား၏။ ဒိဋ္ဌိဂတ ဝိပ္ပယုတ်အစု၌ တခုစီလီ၍ အသတ်ခံရ၏။ ဥဒ္ဓစ္စကိုမေ့မြောစေ၏။ ဒါ့ကြောင့် မဟာ သောတာပန်များနှင့် စူဠသောတာပန်များဟာ အကုသိုလ် ၁၂-ပါး၊ အနက် ၅-ပါး သာဝယ် နိုင်ပြားသော်လည်း၊ အကုသိုလ်ကျန် ၇-ပါး၌ အပါယ် ချဘို့ရန်အားမရှိတော့ဘဲ။ ဒေါသမူဒွေးက ခါးကျိုး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်၄-က မျက်စိကန်း။ နားပင်း၊ လက်ကျိုး၊ ခြေကျိုး၊ ဥဒ္ဓစ္စက မေ့မြောနှင့် သန်သန့်မာမာ ရှိရကား၊ အကုသိုလ် ၇-ပါးကို မပယ်နိုင် မသတ်နိုင်သေးပေမဲ့ အပါယ်မကျဘဲ လွတ်ရတော့သည်။

## မဂ္ဂသစ္စာနယ်၌ နေ ၇-စင်းနှင့်ဝိသုဒ္ဓိ ၇-ပါး ယှဉ်ပြိုင်ပြခဏ်း။

နေ ၁-စင်းကျဲကျဲ-ကိလေ-သီလဝိသုဒ္ဓိ။
နေ ၂-စင်း ချောင်း-ရှာဖွေမှု-စိတ္တဝိသုဒ္ဓိ။
နေ ၃-စင်း မြစ်ကြီးငါး-အပါယ်ခန္ဓာ-ဒိဋ္ဌိဝိသုဒ္ဓိ။
နေ ၄-စင်း ၇-အိုင်-အနုသယ ၇-ကင်္ခါဝိသုဒ္ဓိ။
နေ ၅-စင်း သမုဒ်ခြောက်-စ, သ, ဿ, ဇိ, ကာ, မ မဂ္ဂါဝိသုဒ္ဓိ။
နေ ၆-စင်း အခိုးဝေ-နိဗ္ဗန္ဒ-ပဋိဝိသုဒ္ဓိ။
နေ ၇-စင်း ကမ္ဘာပျောက် ပုထုပျောက် ဉာဏဝိသုဒ္ဓိ။

အဓိပ္ပါယ်ကား၊ နေတစင်း၏ ဒဏ်ချက်ကြောင့် သစ်ပင်တောတောင်တွေ၊ ကျဲကျဲဖြစ်ရဒါလို သီလဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် ကိလေသာကျဲကျဲတဲတဲ လျော့ပါးရ၏။ နေနှစ်စင်း၏ ဒဏ်ချက်ကြောင့် ချောင်းမြောင်း ကုန္နဒီများ၌ ရေများခြောက်ခမ်းရဒါလို၊ စိတ္တဝိသုဒ္ဓိ၏ဒဏ်ချက်ကြောင့် ရှာဖွေမှု လျော့ပါးရ၏။ နေသုံးစင်း၏ ဒဏ်ချက်ကြောင့်မြစ်ကြီး ငါးသွယ်၌ရှိသော ရေများခမ်းရဒါလို၊ ဒိဋ္ဌိဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် အပါယ်ခန္ဓာငါးပါးများချုပ်ငြိမ်းရ၏၊ နေလေးစင်း၏ ဒဏ်ချက်ကြောင့် အိုင်ကြီး၇-အိုင်၌ရေများခမ်းရဒါလို၊ ကင်္ခါဝိသုဒ္ဓိ၏ဒဏ်ချက်ကြောင့် အနုသယ ၇-ပါးလျော့ပါးရ၏။ နေငါးစင်း၏ဒဏ်ချက်ကြောင့်

သမုဒ္ဒရာခြောက်စင်း၌ ရေများခမ်းရဒါလို၊ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဟူသော၊ သမုဒ္ဒရာခြောက်စင်း၌ လျှော့ပါးရ၏။ နေခြောက်စင်းဒဏ်ချက်ကြောင့် တော တောင် ကမ္ဘာမြေ အားလုံးတို့ အခိုးအငွေ့တလူလူနှင့် ထွက်၍နေရဒါလို ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၏ဒဏ်ချက်ကြောင့် နိဗ္ဗိန္ဒအခိုးအငွေ့များ တလူလူထွက်နေရသည်။ နေ ၇–စင်း၏ ဒဏ်ချက်ကြောင့် ကမ္ဘာမြေကြီး ပျောက်ကွယ်ရဒါလို ဉာဏဒဿန ဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် ပုထုဇဉ်ပျောက်၍ အရိယာဘဝသို့ ရောက်ရရှာသည်။

## ကျက်ဆောင်ရန်လင်္ကာ။

တစ်မှာကျဲကျဲ၊ နှစ်တွဲကုန္ဒဒီ၊ ချောင်းမြောင်းမို့၍။ သုံးမို့ မြစ်ကြီး၊ လေးမိုး ၇–အိုင်၊ ငါးဆိုင် သမုဒ်၊ ခြောက်ထုတ်ခိုးဝေ၊ နေ၇–စင်း၊ အပြင်း မီးတောက် ကမ္ဘာပျောက်၏။

## ဝိသုဒ္ဓိ ၇-ပါးဉာဏ်စဉ် ၁၆-ပါးတို့က ကိလေသာ ခိုးသူကိုဘမ်း၍ နှိပ်စက်ပုံ။

သီလဝိသုဒ္ဓိ လောကီဉာဏ် ကိလေသာဘမ်း။
စိတ္တ ။ လောကီဉာဏ် ကိလေသာချုပ်။
ဒိဋ္ဌိ ။ နာမရူပ,ပရိစ္ဆေဒဉာဏ် ကိလေသာမျက်စိဖျက်။
ကင်္ခါ ။ ပစ္စယပရိဂ္ဂဟဉာဏ် ကိလေသာလက်ချီး။
မဂ္ဂါ ။ သမ္မသနနှင့်ဥဒယဗ္ဗယ ၂-ပါး ကိလေသာနားဖျက်။
ပဋိ ။ ဥဒယဗ္ဗယမှအနုလောမ ၉-ပါး ကိလေသာခြေချီး။
ဉာဏ ။ မဂ်ဖိုလ်ပစ္စဝေက္ခဏာ ၃-ပါး ကိလေသာအသေသတ်။

အဓိပ္ပါယ်ကား၊ သီလဝိသုဒ္ဓိ၊ လောကီဉာဏ်က ကိလေသာ ခိုးသူကို လိုက်လံ ဘမ်းဆီးသည်။ စိတ္တဝိသုဒ္ဓိ လောကီဉာဏ်က ကိလေသာခိုးသူကို ချုပ်နှောင်ထားသည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမရူပ ပရိစ္ဆေဒဉာဏ်ကကိလေသာခိုးသူကို မျက်စိဖျက်လိုက်သည်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိပစ္စယပရိဂ္ဂဟဉာဏ်က ကိလေသာ ခိုးသူကို လက်ချီးထားသည်။ မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိသမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ် နှစ်ပါးက ကိလေသာခိုးသူကိုနားဖျက်ထားသည်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဥဒယဗ္ဗယ, ဘင်္ဂဘယ, အာဒီနဝ, နိဗ္ဗိဒါ မုဉ္စိတုကမျတာ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ အနုလောမဉာဏ် ယင်း၉-ပါးတို့က ကိလေသာခိုးသူကို ခြေချီးထားသည်၊ ဉာဏဒဿနဝိသုဒ္ဓိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ၃-ပါး တို့ကကိလေသာခိုးသူတို့သတ်သည်။

၃၄။ ကပ္ပရုက္ခ ပင်ပဒေ၊ ရှင်စေ သတိသာ၊
သတိပိုင်ပိုင် စိတ်ခိုင်ခိုင် ခေါ်နိုင်အရိယာ။

အံ့ဘွယ်ရှစ်ဖြာနှင့်ပြည့်စုံသော ဘုရားရှင်၏ သာသနာတော်ကြီး၌ သတိထားခြင်း ဆိုသော၊ တရားသည် (ကပ္ပရုက္ခ)မည်သော၊ပဒေသာပင်ကြီး၊အစစ်ပင်ဖြစ်တော့၏၊ပဒေသာပင်ရှိလျှင် အလိုဆန္ဒ အဝဝကို ရနိုင်သကဲ့သို့၊ သတိခိုင်ခိုင်၊ စိတ်ပိုင်ပိုင်နှင့် နိုင်နင်းပါလျှင် သမ္မပဓါန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဗိုလ်ငါးပါး၊ ဣန္ဒြေငါးပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး၊မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ လောကီဘက်ကလည်း၊ ဝိဇ္ဇာအဘိညာဏ်၊ သမာပတ်စျာန် ၉-စျာန်မှစ၍ လောကီအစုံလောကုတ္တရာအစုံကိုရစေနိုင်သော သတ္တိရှိပေသည်။ ထို့ကြောင့် မူလ အရင်းဖြစ်သော သတိတရားပါလျှင် အရိယာဖြစ်ပါပြီ။

၃၅။ သမ္မပဓါန် တန်ခိုးထန် လေးတန်ဝီရိယာ၊
လုံ့လပိုင်ပိုင် စိတ်ခိုင်ခိုင် ခေါ်နိုင်အရိယာ။

သမ္မပဓါန်တရားလေးပါးကား။

က။ မဖြစ်ပေါ်သေးသော အကုသိုလ်ကိုမဖြစ်ရအောင် လုံ့လပြုခြင်း။

ခ။ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်သတ်ရန် လုံ့လပြုခြင်း။

ဂ။ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေရန် လုံ့လ ပြုခြင်း။

ဃ။ ဖြစ်ပြီးသော ကုသိုလ်ကို တိုးပွါးစေရန် လုံ့လ ပြုခြင်း။

ဤတရားသည်၊ တန်ခိုးပြင်းထန်လှ၏။ နဂါး၊ ဂဠုန်၊ ကမ္ဘာကျော် ယက္ခ၊ ဂန္ဓဗ္ဗတို့ကို အာကာသနှင့်ခေါ်၍ ခိုင်းလိုရာ ခိုင်းနိုင်သော သိဒ္ဓိရမ္မာသောကမင်းကြီး၏ တန်ခိုးထက်သာပေသေး၏၊ ဤသို့ ပြခဲ့ပြီးသော ဝီရိယလေးမျိုး။ ပိုင်နိုင်ပါလျှင် အရိယာဖြစ် ပါပြီ၊ ချိန်ကြည့်ပါ။

## ၃၆။ မြေရှူးမိုးပျံ တန်ခိုးထန် လေးတန်ဣဒ္ဓိပါ။

ဣဒ္ဓိပါဒ်လေးပါးရှိလျှင်ဘဝတိုင်း ဘဝတိုင်း မြေရှူးမိုးသဲပျံ တန်ခိုးဈာန်နှင့်ဖြိုးလျှ၍နိဗ္ဗာန်အထိ တက်ရောက် ရတော့မည်။ ဣဒ္ဓိပါဒ်၌(ဣဒ္ဓိ)တပုဒ်(ပါဒ်)တပုဒ်ရှိ၏၊ ဣဒ္ဓိကတန်ခိုးအမျိုးမျိုး ပါဒ၊ကအခြေခံဟုဆိုလိုပါသည်။ နှစ်ရပ်ပေါင်းလျှင်(ဣဒ္ဓိပါဒ) တန်ခိုးအမျိုးမျိုးရဘို့ရန် ဖြစ်ဘို့ရန် အခြေခံလေးပါးဟူ ဆိုလို ပါသည်။

**ပါဒလေးပါးကား။** ။(ဆန်ဒ၊ ဝီရိယံ၊ စိတ်၊ ဝီမံ၊ ပြီးရန်ပါဒ လေး။)ဟူသော လင်္ကာအရ၊ ဆန္ဒာဓိပတိ၊ ဆန္ဒ ပြင်းထန်ရမည်၊ ဝီရိယာဓိပတိ၊ ဝီရိယ ပြင်းထန်ရမည်။ စိတ္တာဓိပတိ၊ စိတ်ထား ထက်သန်ရမည်။ ဝီမံသာဓိပတိ၊ ပညာဉာဏ်ထူးရှထက်မျက်ရမည်။ ပဌာန်းအဓိပတိပစ္စည်းအရ၊ ဤလေးပါးထက်သန်၍နေပါလျှင်

တန်ခိုးအမျိုးမျိုးရဘို့ရန် အခြေတည်မိပါပြီ၊ လယ်ယာအိမ်မြေ ရွှေငွေတို့သည်၊ လူချမ်းသာဖြစ်ဘို့ရန် အခြေခံ ဖြစ်သကဲ့သို့၊ ထို့အတူ(ဆန်,ဝီ,စိမံ,)ပါဒလေးတန် တို့သည်လည်း၊ လောကီ လောကုတ် အားလုံးသော တန်ခိုးများ ရရှိဘို့ရန် မူလအခြေခံ ပင်တည်း၊ ဤကားအခြေခံပါ။

**ဣဒ္ဓိလေးပါးကား။** ။ပရိဉ်ပဟာန်၊ သစ္ဆိကံ၊ ဘာဝန် ဣဒ္ဓိလေး။)ဟူသော လင်္ကာအရ ပရိဉ်က၊ ဉာတပရိညာတည်း။ ရုပ်နာမ် ဒုက္ခ သစ္စာကိုပိုင်းခြား၍သိခြင်း။ ပဟာန်က ပဟာန ပရိညာ (မောဟဒိဋ္ဌိဝိစိ)တို့ကို ပယ်သတ်နိုင်ခြင်း။ သစ္ဆိကံက သစ္ဆိကရဏ ပရိညာ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ခြင်း။ ဘာဝန်က ဘာဝေတဗ္ဗ ပရိညာမဂ္ဂသစ္စာဖြင့် လောကုတ္တရာ တိုးပွါးစေခြင်း အဲဒါကိုဣဒ္ဓိကြီး ၄-ပါး၊ တန်ခိုးကြီး ၄ ပါးဆိုသည်။ ကျန်သော တန်ခိုးငယ်များကား ဝိဇ္ဇာအဘိညာဏ်၊ သမာပတ်၊ စျာန် ၉-စျာန် ပဋိသမ္ဘိဒါ သိဒ္ဓိကြီး ၉-တန်တို့လည်း၊ ဣဒ္ဓိပင်တည်း။ သိရိဓမ္မာ သောကမင်း၏။ အာဏာစက်လည်းဣဒ္ဓိပဋ္ဌတည်း။ ပြခဲ့ပြီးသော ဣဒ္ဓိတန်ခိုးတို့ကို အလိုရှိပါလျှင်ပြခဲ့ပြီး (ဆန်,ဝီ,စိ,မံ)ကိုအခြေခံ ပြုကြပါ။ မုချပင်ရရှိကြပါလိမ့်မည်။ ရရှိပါလျှင်အရိယာဖြစ်ပါပြီ တခုရက အရိယာတမျိုးပါဘဲ။

၃၇။ ကိလေမှန်က ကြိဘ်ချေပြ၊ ငါးဝဗိုလ်အင်္ဂါ။
ဗိုလ်ငါးပိုင်ပိုင် စိတ်ခိုင်ခိုင် ခေါ်နိုင်အရိယာ။ ။

ဗိုလ်ငါးပါးသည်၊ ကိလေသာမှန်သမျှ အနုသ္တတို့ကို မှုန့်မှုန့်

ညက်ညက်နေအောင် ကြိတ်ချေတတ်သော သတ္တိရှိ၏။ ဗိုလ်ငါးပါး ခန္ဓာကိုယ်၌ ရောက်တည်မိပါလျှင်၊ ကိလေသာတို့ ဝင်ခွင့်မရ၊ ရှိပြီးသားလည်း ညက်ညက်ကြေနေသဖြင့် အပါယ်ပဋိသန္ဓေပေးရန် မတတ်နိုင်ပါ။ ဥပမာ ပစ္စန္တရစ်အရပ်သို့ စစ်ဗိုလ်ကြီးငါးဦးနှင့် ငယ်သားစစ်သားတို့ တပ်ချ၍ နေပါလျှင် သူပုန်, ဓါးပြ သူခိုးတို့ ရှောင်တိမ်း ထွက်ပြေးရ သကဲ့သို့တည်း။ ဗိုလ်ငါးပါး ဆိုဒါ အဘယ်နည်း--

(က) သဒ္ဓါဗိုလ်၊ သဒ္ဓါတရား ကြီးထွားရမည်။
(ခ) ဝီရိယဗိုလ် လုံ့လဝီရိယ ကြီးထွားရမည်။
(ဂ) သတိဗိုလ်၊ သတိတရား ကြီးထွားရမည်။
(ဃ) သမာဓိဗိုလ်၊ တည်ကြည်ခြင်း ကြီးထွားရမည်။
(င) ပညာဗိုလ်၊ ဉာဏ်ပညာ ကြီးထွားရမည်။
တပါးပါးရှိလျှင် အရိယာဖြစ်ပါပြီ။

၃၈။ ကိလေသာယုတ် နှင်ကာထုတ်၊ ငါးလုပ်ဣန္ဒြေပါ၊
ဣန္ဒြေပိုင်ပိုင် စိတ်ခိုင်ခိုင်၊ ခေါ်နိုင်အရိယာ။ ။

ဣန္ဒြေငါးပါးသည်၊ အနန္တမျှသော ကိလေသာ ယုတ်တို့ကို နှင်ထုတ်တတ်သော အလုပ်ဝတ္တရား အမြဲတန်း ပါရှိကြ၏။ ခန္ဓာကိုယ်၌ ဣန္ဒြေငါးပါးရှိပြီ၊ ရောက်ပြီဆိုမှဖြင့် ကိလေသာ တို့သည်၊ ပြေးပေါက်ကို အမြဲတန်း ရှာနေရတော့၏။ ဥပမာ အလင်းရောက်လျှင် အမှောင်အလိုလိုပျောက်ရသကဲ့သို့၊ မိုဃ်းရွာ

လျှင် အခြောက်အလိုလို ပျောက်ရသကဲ့သို့၊ ဝမ်းထဲသို့ ထမင်းရောက်ပါလျှင်၊အဆာအလောင်များ အလိုလိုပပျောက်ရသကဲ့သို့ တည်း။

## ဣန္ဒြေ ငါးပါးဆိုဒါ အဘယ်နည်း။

(က) သဒ္ဓိန္ဒြေ-သဒ္ဓါတရားဖြင့် မသဒ္ဓါသော ၂၇-ပါးတို့ကို မောင်းထုတ်လျက်နေ၏။

(ခ) ဝီရိယိန္ဒြေ-ဝီရိယဖြင့် ပျင်းရိသော ၂၇-ပါး တို့ကို မောင်းထုတ်၏။

(ဂ) သတိန္ဒြေ-သတိဖြင့် ဥဒ္ဓစ္စပြန့်လွင့်ခြင်း ၁၅-ပါးတို့ကို နှင်ထုတ်၏။

(ဃ) သမာဓိန္ဒြေ-တည်ကြည်ခြင်းဖြင့် မတည်မှု ယုံမှားမှု ၁၅-၁၅ တို့ကို နှင်ထုတ်၏။

(င) ပညိန္ဒြေ-ဉာဏ်ပညာဖြင့် အဝိဇ္ဇာ မောဟ ၁၅-၁၅ တို့ကို နှင်ထုတ်၏။ အဲဒီဣန္ဒြေ ငါးပါထဲက တခုခုရ၍ မောင်းထုတ်ထာတွေ့လျှင် အရိယာပါဘဲ။

၃၉။ မဂ်, ဖိုလ် နယ်တွင်း၊ ဆောင်ယူသွင်း အသင်း ဗောဇ္ဈင်ဂါ။

ဗောဇ္ဈင်ပိုင်ပိုင်၊ စိတ်ခိုင်ခိုင်၊ ခေါ်နိုင်အရိယာ။

ဗောဇ္ဈင်၇-ပါးကို(ဗောဓိ)တပုဒ်(အင်္ဂ)တပိုဒ်ခွဲ၊ ထိုနောက် သဒ္ဒါနည်းဖြင့် (ဗောဇ္ဈင်ဂ်)ဟူ တွဲရသည်။ (ဗောဓိ)ဆိုဒါက

မဂ်တရား၊(အင်္ဂါ)ဆိုဒါက အင်္ဂါအစိတ်အပိုင်း၊သို့မဟုတ်အတွင်း သားဟုဆိုရ၏။ လက်ခြေစသည်တို့သည်၊ ခန္ဓာကိုယ်၏ အင်္ဂါ အစိတ်အပိုင်းအတွင်းသားဖြစ်သကဲ့သို့၊ ထို့အတူပင် သတိတရား ပညာတရား ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာတရား၊ ယင်း၇-ပါးတို့သည်။မဂ်လေးပါး၏အင်္ဂါ အစိတ်တပိုင်းတည်း။ မဂ်လေးပါး၏အတွင်းသားတို့ပင်တည်း။ ဥပမာ၊လမ်းဦးခိုက်ရန် ဖြစ်နေသော သား, သမီးငယ်ကလေးကို မိခင်သည်၊ အသာအယာ ယုယု့ယယ ပွေ့ချီမလျက် မိမိအိမ်သို့ပို့ဆောင်သကဲ့သို့၊ထို့အတူ သတိပညာ, ဝီရိယ, ပီတိ,ပဿဒ္ဓိ,သမာဓိ,ဥပေက္ခာ ဟူကုန်သော မိဘတို့သည်၊ အသီး အသီး မိမိတို့၏ သားငယ် သမီးငယ်အရာ တို့၌ တည်ရှိကုန်သော ၃၇-ပါး၊ ၃၈-ပါးသော သမ္ပယုတ် စိတ် တို့ကို အကုသိုလ်လမ်းမဦး ရန်မဖြစ်ရအောင် ယူဆောင်၍မဂ်နယ် အိမ်ထဲ ဖိုလ်နယ်အိမ်ထဲ နိဗ္ဗာန်နယ်အိမ်ထဲသို့ ဆွဲဆောင်ပို့ကြကုန် ၏။ ဟပ်ယူရန် သားသမီးကို မိဘသည်ဆောင်ယူ၍ မိမိအိမ်သို့ ပို့သကဲ့သို့ ၃၇-၃၈ စိတ်ကိုဗောဇ္ဈင် ၇-ပါးသည်။ ဆောင်ယူ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ပို့၏။

၄၀။ ကိလေသာသတ် နိဗ္ဗာန်ရပ် ဆောင်တတ်မဂ္ဂင်ပါ။
မဂ္ဂင်ပိုင်ပိုင် စိတ်ခိုင်ခိုင် ခေါ်နိုင်အရိယာ။ ။

မဂ္ဂင်ရှစ်ပါးသည်၊ ကိလေသာရန်ကိုသတ်ခြင်းတကိစ္စ၊နိဗ္ဗာန် သို့ပို့ဆောင်ခြင်း တကိစ္စဟူ၍ နှစ်ကိစ္စရှိ၏။ ဥပမာ အရှေ့ဘက် ပြည်က လူများနှင့် အနောက်ဘက်ပြည်က လူများရန်ဖြစ်ကြ၏။

ထိုသို့သတ်ပုတ် ထောင်းထု ရှန်းရင်းဆန်ခတ်ဖြစ်နေတုံး ဗြဲကန့် အရှေ့ဘက် တိုင်းပြည်မှ စစ်ဘုရင်ကြီး ရောက်လာတော့၏။ ထိုစစ်ဘုရင်ကြီးသည်၊ တဘက်ရန်သူတို့ကို အတင်း ဇွတ်နင်း၍ ထိုးခုတ်သတ်ဖြတ်ခြင်း ပဌမကိစ္စကိုပြု၏၊ ထို့နောက်မှ မိမိဘက်က လူများကိုရန်သူတို့မနှိပ်စက်နိုင်ရန် အတင်းခေါ်၍ ဘေးကင်းရာ သို့ပို့ခြင်း၊ ဒုတိယကိစ္စကိုပြု၏။ ထို့အတူပင် မဂ္ဂင်ရှစ်ပါးသည်၊ ရန်သူ ၂၇-ပါးကိုသတ်ခြင်း၊ ပဌမကိစ္စကိုပြုပြီးမှ စိတ်ဟူသော မိမိလူကိုဆောင်ယူ၍ မဂ်ဖိုလ်နိဗ္ဗာန်နယ်ထဲသို့ပို့ခြင်း ဒုတိယကိစ္စ ကိုပြုလုပ်၏။ (မောဟ၊ ဒိဋ္ဌိ၊ ဝိစိ) ပြုတ်လျှင် အရိယာပါဘဲ။ (မဂ္ဂင် ရှစ်ပါးကို ၃၃-နံပါတ်တုန်းက ဇယားငါးပုံနှင့်တကွ ပြခဲ့ပါပြီ။)

## မင်းနှင့်ဘုရား ဘာထူးသနည်း။

ပြည့်ရှင် မင်းတပါးသည်၊ သားတော် သားမက်တော် မှူး တော် ညီတော်တို့ကိုခေါ်၍ အိုသားတော် စသည်တို့ ငါ့စကား တော်ကို နားထောင်ကြပါကုန်လော့၊ သင်တို့၏ စီးပွါးအကျိုး တရားကိုသာလျှင် ငါမင်းမြတ်က ညွှန်ကြားအံ့။ သားတော် လိုက်နာဘို့ရန်ကား အရှေ့ဘက်၌ တိုင်းပြည်ရှိ၏၊ ထိုတိုင်းပြည်က လူများသည်၊ သင်တို့အား တိုက်ခိုက်ရန်စိုင်းပြင်းကြပြီ၊ သူတို့က မဦးမီ သားတော်မောင်က သူ့ပြည်သို့သွား၍ အောင်မြေနင်း လျက်၊ ခမည်းတော် ပေးလိုက်သော လက်နက် အားလုံးဖြင့် တဘက်ရန်ကိုချေမှုန်း၍ထိုပြည်၌ ဘုရင်လုပ်လော့ဟုစေလိုက်၏ သားတော်လည်း ဆုံးမတိုင်းသွား၍ တိုက်လျှင် အောင်မြင်၍

ဘုရင်ဖြစ်လေသည်၊ သားမက်တော်ကို ထို့အတူတောင်ဘက်က တိုင်းပြည်သို့စေလိုက်ရာ၊ဆုံးမတိုင်း ပြုလုပ်သဖြင့်ဘုရင်ဖြစ်ပြန်၏ မွေးတော်တဦးကိုလည်း၊ ထို့အတူ အနောက်ဘက်က ပြည်သို့ စေလိုက်ရာ၊ ဆုံးမတိုင်းပြုလုပ်သဖြင့် ဘုရင်ဖြစ်ပြန်၏။ ညီတော် ကိုလည်း၊ ထို့အတူ မြောက်ဘက်က တိုင်းပြည်စေလိုက်ရာ၊ဆုံးမ တိုင်းပြုလုပ်သဖြင့် ဘုရင်ဖြစ်ပြန်၏။ ဆုံးမသြဝါဒ ပေးသော မင်းတရားကြီးသည်။ နယ်လေးရပ်၌ မိမိဘက်ချည်း ဖြစ်၍ ဇေ့မြမြနှင့်အသက်ရှည်စွာစိုးစံရလေသည်။နာခံသူလေးဦးသား တို့လည်းနိမ့်ရာမှ မြင့်ရာသို့ ရောက်ရလေသည်။

ပြခဲ့ပြီးသော ဥပမာနှင့်အတူသာလျှင် ငါတို့၏ဘုရားကြီး ကလည်း၊ ရဟန္တာလောင်း အနာဂါမ်လောင်း၊ သကဒါဂါမ် လောင်း၊ သောတာပန်လောင်းတို့ကို ခေါ်တော်မူ၍ အိုသား တော်၊သမီးတော်တို့- သင်တို့၏အစီးအပွါး အလို့ငှါ၊ ငါဘုရား နည်းပေးမည်၊ ငါ့စကားတော်အတိုင်း၊ မဆိုင်းမတွ လိုက်နာပြု လုပ်ကြကုန်လော့၊ သင်တို့၏အလစ်ကို ရန်သူများလွှမ်းမိုး၍လာ တော့မည်။ ရန်သူများက မဦးသေးမီ အဆောတလျင် ကိုယ့် နယ်နှင့် ကိုယ့်တာဝန်ယူ၍ တိုက်ခိုက်ဖျက်ဆီး ကြပါကုန်လော့။ ရန်သူအားလုံးကို ချေမှုန်းနိုင်သော လက်နက်ကား အချုပ်ပြရ လျှင်၊ဓါတ်ကိုမိဘို့ရန်တည်း။ ချဲ့လျှင်ရုပ်နာမ်မြင်ဘို့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ့ဘို့ သစ္စာလေးပါးတွေ့ဘို့၊ တနည်းဝိသုဒ္ဓိစခမ်းကြီး ၇-နယ်အတိုင်း အောင်မြင်ကြဘို့ဉာဏ်စဉ် ၁၀-ပါး၊ ၁၆-ပါးကို လက်ကိုင်ရကြဘို့၊ တနည်း မဂ်ရ ဖိုလ်ရ နိဗ္ဗာန်ရကြဘို့ ရန်ဖြစ်

ပေးသည်။ ငါဘုရားပေးအပ်မည့် လက်နက်ကား၊ ရန်သူမှန်သမျှ အနန္တကို ချေမှုန်းနိုင်သည့် အဘယ်လက်နက်နည်း ဟူမူကား ။

(က) ပဒေသာ ပင်ကဲ့သို့ သတ္တိရှိလှသော သတိပဋ္ဌာန် ၄-ပါး။

(ခ) အာဏာတန်ခိုးပြင်းထန်လှသော သမ္မပဓါန်၄-ပါး။

(ဂ) မြေလျှိုးမိုးပျံ တန်ခိုး ထန်လှသော ဣဒ္ဓိပါဒ် ၄-ပါး။

(ဃ) ကိလေသာ အနန္တတို့ကို ကြိတ်ချေနိုင်သော ဗိုလ် ၅-ပါး။

(င) ကိလေသာယုတ် နှင်ကာ ထုတ်တတ်သော ဣန္ဒြေ ၅-ပါး။

(စ) မဂ်ဖိုလ် နယ်တွင်းသို့ ဆောင်ယူ သွင်းတတ်သော ဗောဇ္ဈင် ၇-ပါး။

(ဆ) ကိလေသာသတ်၍ နိဗ္ဗာန်ရပ်သို့ ဆောင်တတ်သော မဂ္ဂင် ၈-ပါး။

ဤလက်နက် တော်ကြီးတို့ကို အသုံးပြု၍ တိုက်ခိုက်ပါလျှင် မုချ အောင်မြင်ရပါလိမ့်မည်။ ယနေ့ကစ၍ နိဗ္ဗာန်အထိအပါယ် တံခါးပိတ်၍ ဆင်းရဲသံသရာပြတ်စဲပြီးလျှင်၊ ဘုံစဉ်စံလျက်သိဒ္ဓိ ကြီး၉-တန်နှင့်တကွ နိဗ္ဗာန်သို့စံရပါလိမ့်မည်ဟု ညွှန်ကြားတိုင်း ပြုလုပ်ကြရာ အောင်မြင်ကြသဖြင့်၊ သောတာပန်ဘုရင်၊ သကဒါဂါမ်ဘုရင်၊ အနာဂါမ်ဘုရင်၊ ရဟန္တာဘုရင်ဖြစ်ကြကုန်ပြီ။ဖြစ်ကြ

သူအပေါင်းကား ၂၄-သင်္ချေ၊ ကုဋေ-၆၀ ဗိုလ်ခြေတသိန်းမျှ ပင်တည်း။

## ကျက်မှတ်စရာ လက်ဆောင်ပုဒ်များ။

ပေဘမိပကွေ၊ နန်းအောင်မြေ၊ နင်းလေသတ္တဝါ။
အောင်မြေနင်းက၊ တန်ခိုးရှ မိုးဝတက်ဘို့ရာ။
သိဒ္ဓိကိုးတန် အောင်ပွဲခံ၊ တက်ပြန်ဘုံစဉ်ပါ။
ဘုရားပစ္စေ သံဃာတွေ၊ တက်လေဤနည်းဖါ။
သံသရာဘဝ၊ ခုန်ကျော်ကြ၊ မုချဖေါင်ပမာ။ ။

## သူဌေးကြီးနှင့်ဘုရား ဘာထူးသနည်း။

သူဌေးကြီးများသည်၊ မိမိတို့ဘဝကူးရတော့မည်ဟုထင်လျှင် သား,သမီးတို့အား နေရေး ထိုင်ရေးစသော အရေးရေးကိုဆုံးမ ဩဝါဒ ပေးခဲ့ပြီးလျှင်၊ မိမိတို့ မရှိပြီးနောက်၊ ချမ်းသာစွာနေ နိုင်ကြရန်၊ လယ်ယာရွှေငွေ အမွေအနှစ်တို့ကိုပေးအပ်ခဲ့ကြသည်။ ထို့အတူ ဘုရားရှင်ကြီးတို့သည်လည်း၊ သားတော် သမီးတော်တို့ အား နေရေး ထိုင်ရေး အရေးရေးကို ဆုံးမပေးခဲ့ခြင်း၊ ထို့ နောက် သံသရာတလျှောက်လုံး တိုးတက်ချမ်းသာလျက် ကျန် ရစ်ကြရန်၊သူဌေး-သူကြွယ် ပဒေသရာဇ် ကေရာဇ် စကြာဝတေး မန္ဓာတ်၊နတ်စည်းစိမ်၊ဗြဟ္မာစည်းစိမ် ဝိဇ္ဇာ အဘိညာဏ် သမာပတ် ပဋိသမ္ဘိဒါ၊ ဈာန် ၉-ဈာန် မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် စသောအမွေအနှစ်များကို ပေးအပ်ခဲ့ပါသည်။ မိမွေ့ဘမွေ့မှန်း

မသိဘဲ တဘ၀တသက်လျှာ အရေးကလေးလောက်သာ အား စိုက်၍ကတုံးကတိုက် စိတ်အကြိုက်ပြုလုပ်သော သားရှူးသားနှမ်း သားမိုက်, သားကဏ်း သားထူ သားအ သားန သားထိုင်း သားအရိုင်းတို့အား၊ ကမ္မဿကာ ကံစီမံရာဟု ဥပေက္ခာရှုရဘို့ အခြေသို့ဆိုက်ရောက်၍နေပါတော့သည်။ပြခဲ့ပြီးသော သားဆိုး သားမိုက် မဖြစ်လိုကြသော သူတော်စင်တို့သည်၊ ဝိပဿနာအမြဲ ယှဉ်၍ သံသရာပြင်၌ နေ့,လအသွင်ပြုသင့်၏ဟူလို။

## သတ္တဋ္ဌာန ကုသလ ဥတ္တမပုရိသကို ပြဦးအံ့။

လူထူး လူမြတ် လူအာဇာနည်ကို၊ ဥတ္တမပုရိသဟုဘုရားရှင် ဘွဲ့ပေးခဲ့ပြီ။

သတ္တဋ္ဌာန ကုသလော သိက္ခဝေ ဘိက္ခုတိဝိဓူပ ပရက္ခိ။ ဣမသ္မိံ ဓမ္မဝိနယေ ကေဝလီ ဝုသိတဝါ ဥတ္တမ ပုရိသော တိဝုစ္စတိ၊ ကထဉ္စဘိက္ခဝေ ဘိက္ခုသတ္တဋ္ဌာန ကုသလော ဟောတိ ဣဓဘိက္ခဝေ ဘိက္ခုရူပံ ပဇာနာတိ ရူပသမုဒယံ ပဇာနာ တိ ရူပနိရောဓံ ပဇာနာတိ၊ ရူပနိရောဓ ဂါမိနိပဋိပဒံ ပဇာနာတိ ရူပဿ အဿဒံပဇာနာတိ၊ ရူပဿအာဒီနဝံ ပဇာနာတိ ရူပဿ နိဿရဏံ ပဇာနာတိ။

အနက်ကား။ ။ဘိက္ခဝေ ချစ်သားရဟန်းများတို့။သတ္တဋ္ဌာ နကုသလော၊ ခုနှစ်ဌာန၌ လိမ္မာသော။ တိဝိဓူပ ပရက္ခိ၊ ၃-ပါး အပြားကိုစုံစမ်းခြင်းအလေ့ရှိသော။ ဘိက္ခုရဟန်းသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ဤသာသနာတော်ကြီး၌။ကေဝလီ၊ ပြီးစီးလုံလောက်

သော။ ဝုသိတဝါ၊ ၇–ဌာနမှ တိုး၍ကျင့်စရာမရှိသောပုဂ္ဂိုလ်ကို၊ ဥတ္တမပုရိသောတိ၊ အမြတ်ဆုံး အာဇာနည်ယောကျ်ား ဟူ၍၊ ဝုစ္စတိ ဆိုအပ်တော့၏။ ဘိက္ခဝေချစ်သား၊ ရဟန်းများကို၊ ကထဉ္စ၊ အဘယ်သို့လျှင်၊ သတ္တဋ္ဌာန ကုသလော ၇–ဌာန၌၊ လိမ္မာသည် ဟောတိဖြစ်ပါသနည်း။ ဘိက္ခဝေ ရဟန်းများတို့။ ဣဓ၊ ဤသာသနာတော်၌၊ ဘိက္ခုရဟန်းသည်။ ရူပံ၊ ရုပ်တရားကို၊ ပဇာနာတိ၊ ကိုယ်တွေ့သိ၏၊ ရူပသမုဒယံ၊ ရုပ်ဖြစ်ခြင်းအကြောင်းကို။ ပဇာနာတိ ကိုယ်တွေ့သိ၏။ ရူပနိရောဓံ၊ ရုပ်ချုပ်ခြင်းကို၊ ပဇာနာတိ၊ ၏။ ရူပနိရောဓဂါမိနိပဋိပဒံ၊ ရုပ်ချုပ်စေတတ်သော အကျင့်မြတ်ကို၊ ပဇာနာတိ၊ ၏၊ ရူပဿရုပ်၏၊ အဿဒံ၊ သာယာဘွယ်ကို၊ ပဇာနာတိ ၏။ ရူပဿရုပ်၏၊ အာဒီနဝံ အပြစ်ဘေးကို၊ ပဇာနာတိ၊ ၏။ ရူပဿရုပ်၏၊ နိဿရဏံ၊ ကျွတ်လွတ် ထွက်မြောက်ခွင့်ကို၊ ပဇာနာတိ၊ ကိုယ်တွေ့သိ၏၊ ပါဠိနှင့်အနက်ပြီး၏။

## ၄၀။ ရုပ်ဓါတ်ကိုသိ ကိုယ်တွေ့မိ၊ ခေါ်၏အရိယာ။

ရုပ်ဓါတ်ဆိုတာ သင်္ဂြိုဟ်အရ၊ ရုပ် ၂၈-ပါးတည်း၊ အကျင့်စခမ်းအရ၊ ပထဝီဓါတ်ပေါ်ပုံ ၁၃–မျိုး၊ ဝါယောဓါတ်ပေါ်ပုံ ၁၁–မျိုး၊ တေဇောဓါတ်ပေါ်ပုံ ၆–မျိုး။ အာပေါဓါတ်ပေါ်ပုံ ၂–မျိုးတို့ကို ကိုယ်တွေ့တွေ့ပါမူ၊ ရုပ်ဓါတ်ကိုလဲသိပါပြီ၊ ကိုယ်တွေ့လဲမိပါပြီ၊ အရိယာလဲဖြစ်ပါပြီဟူလို၊ ထို့ကြောင့် ပြခဲ့ပြီးပါဠိ၏ အဖွင့်၌ (ကတမဉ္စဘိက္ခဝေရူပံ၊ စတ္တာရောစ မဟာဘူတာ စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ၊ ဘိက္ခဝေရူပံ၊ ဣဒံ ဝုစ္စတိ

ဘိက္ခုဝေရှုပ်၊ ဟူ၍ဖွင့်ပြခဲ့ပါသည်။ လိုရင်းမှာ မဟာဘုတ်ကြီး ၄-ပါး၊ ဥပါရုပ် ၂၄-ပါး၊ ပေါင်းရုပ် ၂၈-ပါးကို ရုပ်ဟူ၍ ကောက်ယူပါကုန်။)

## လိုရင်းလင်္ကာ

နုမာဖွဲ့စေး၊ ပူလှုပ်ရှား၊ ဤလေးပါးနှင့် မြင်ကြား
နံလျက်၊ တွေ့သိဖက်၍ ကိုးချက်ရုပ်နာမ် သိသောဉာဏ်
ကေန်ဒိဋ္ဌိကွာ၊ မရှိဒါသိ၊ ရှိဒါသိ ဒိဋ္ဌိပျောက်ကြောင်း
သာ။

## ၄၂။ ရုပ်ဖြစ်ကြောင်းသိ ကိုယ်တွေ့မိ ခေါ်၏ အရိယာ။

သွားချင်သော စိတ်ကြောင့် သွားရုပ်ပေါ် ရပ်ချင်သော စိတ်ကြောင့် ရပ် ရုပ်ပေါ်၊ အရာရာ၌နည်းပင်။ (စိတ္တဇရုပ် သိလောက်ပါပြီ။)

မိုးသားတက်လို့ ညောင်းရုပ်ပေါ်၊ ဆီးနှင်းကျလို့၊ ရေရုပ် ပေါ်၊ မိုးရွာလို့ ချမ်းရုပ်ပေါ်၊ နေပူလို့ ချွေးထွက် ရုပ်ပေါ်၊ အဲဒါစုက ဥတုကြောင့် ရုပ်ဖြစ်ပုံ (ဥတုဇရုပ် သိလောက်ပါပြီ။)

အစာစားလို့ အားအင်ရုပ်ပေါ်၊ ပြုပ်စားလို့ ပူရုပ်ပေါ်၊ အဲဒါစုက အဟာရကြောင့် ရုပ်ဖြစ်ပုံ (အဟာရဇာရုပ်သိလောက် ပါပြီ။)

ပန်းလှူသောကံကြောင့် အဆင်းလှ၊ မေတ္တာပွါးသော ကံ ကြောင့် အဆင်းလှ၊ ဘုရား ရှိခိုးရသောကံကြောင့် အသံဝါ, အသံချို၊ ဒေါသကြီးသောကံကြောင့် အဆင်းမလှ၊ အဲဒီစုက

ကံကြောင့် ရုပ်ဖြစ်ပုံ (ကမ္မဇရုပ် သိလောက်ပါပြီ။) ထို့ကြောင့် ပြခဲ့ပြီးသော ပါဠိ၏အဖွင့်၌ (အဟာရ သမုဒယော၊ ရူပသမုဒယော၊ ဟူ၍ဖွင့်ပြခဲ့ပါသည်။)]

## ၄၃။ ရုပ်ချုပ်ခြင်းသိ ကိုယ်တွေ့မိခေါ်၏အရိယာ။

ရုပ်သည်၊ စိတ္တလက္ခဏပေါင်း ၁၇–ချက် စိလျှင်ချုပ်၏။နာမ်သည်၊ဥပါဒ်ဌီ ဘင် ၃–ချက်စိလျှင်ချုပ်၏။ထမင်းအသက်၇–ရက် ဟူသည်နှင့်အညီ၊တကြိမ်စား ထားသောအာဟာရသည်။၇–ရက် လုံးရုပ်ကိုဖြစ်စေ၍။ အာဟာရ အားကုန်လျှင် ချုပ်ရ၏။ ဥပမာ ရေနံဆီမီး၌ ရေနံဆီကုန်လျှင် မီးငြိမ်းရ၏။ ထို့အတူ စိတ်ချုပ်လျှင် ရုပ်ချုပ်၏၊ဥတုချုပ်လျှင် ဥတုကြောင့်ဖြစ်သော ရုပ်ချုပ်၏။ အဟာရသတ္တိကုန်လျှင် အာဟာရကြောင့် ဖြစ်သောရုပ်ချုပ်၏။ အရာရာ ဤနည်းအတိုင်းသိလေ၊ ကိုယ်တွေ့ချုပ်ပုံ၊ ချုပ်နည်း ချုပ်ခြင်းတွေ့လျှင် အရိယာဖြစ်ပါပြီ။ ထို့ကြောင့်ပါဠိ၏အဖွင့်၌ (အာဟာရ နိရောဓော၊ ရူပနိရောဓော။) ဟူ၍ ဖွင့်အပ်ပါသည်။

## ၄၄။ ရုပ်ချုပ်စေတတ် ကျင့်သိတတ် ခေါ်အပ်အရိယာ

အဘယ်တရားကိုကျင့်ကြံအားထုတ်မှ၊ရုပ်တရားချုပ်သနည်း ဟု၊ ရုပ်တရားကို ချုပ်စေတတ်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကိုတပ်အပ်သေချာ သိရှိပါမူ အရိယာဖြစ်ပြီ။ ရုပ်ကိုချုပ်စေတတ်သောအကျင့်မြတ်ကားပြခဲ့ပြီးသောမဂ္ဂင် ၈–ပါးတရားပင်တည်း။ ဥပမာ၊ သမာဓိဥ္စဖြင့် ရုပ်ဓါတ်၊နာမ်ဓါတ်ကို တွေ့မြင်ပါလျှင့် အပါယ်တံ၌ ရေဲရုပ်ချုပ်၊ တိရစ္ဆာန်ရုပ်ချုပ်၊ ပြိတ္တာ

ရုပ်ချုပ်၊ အသုရကာယ်ရုပ်ချုပ်၊ သုဂတိဘုံ၌လည်း၊ ပူရှင်းချုပ် ပင်ပန်းရုပ်ချုပ် ဆင်းရဲရုပ်ချုပ် စသည်ဖြင့် သိနိုင်လောက်ပါပြီ။ (သမ္မာသက်ပွစသော မဂ္ဂင်၌လည်း၊ သမ္မာဒိဋ္ဌိ၌ ကဲ့သို့ ပြောပြကြပါကုန်။)

## ၄၅။ သာယာဘွယ်ရှိ ရုပ်ဓါတ်မိ ခေါ်၏အရိယာ။

ဤရုပ်ကြောင့် ချမ်းသာခြင်း ဝေဒနာပေါ်ရတယ်။ ဤရုပ်ကြောင့်၊ ဝမ်းမြောက်ခြင်း၊ သောမနဿ ပေါ်ရတယ်။ ဤရုပ်ကြောင့် ကုသိုလ်ပြုရတယ်။ ဤရုပ်ကြောင့် တရားကျင့်ရတယ်။ ဤရုပ်ကြောင့် မဂ်ဖိုလ်ရတယ်။ ဤလိုရုပ်ကိုစွဲ၍ သာယာဘွယ် နှစ်သက်ဘွယ်, အားတက်ဘွယ် ပေါ်၍နေခြင်းတို့ကား ရုပ်၏ အဿာဒဖင်တည်း။ဗမာလိုရုပ်၏သာယာနှစ်သက်ဘွယ်ပင်တည်း ဤလိုရုပ်၏။ အဿာဒ၊ ကို ကိုယ်တွေ့, တွေ့ပါလျှင် အရိယာ ဖြစ်ပြီ။

## ၄၆။ အပြစ်ဘေးရှိ၊ ရုပ်ဓါတ်မိ ခေါ်၏အရိယာ။

ရုပ်တိုင်း, ရုပ်တိုင်း အနိစ္စဒဏ်ချက်ကြောင့် ဖေါက်ပြန်ပျက်စီးရသည်။ ဒုက္ခဒဏ်ချက်ကြောင့် မကုန်ချင်မနေရ၊ မသေချင်မနေရ၊ ကုန်ရ၊ သေရသည်။ အနတ္တဒဏ်ချက်ကြောင့် တားမရ၊ ဆီးမရ၊ သဘာဝအတိုင်း ဖြစ်ရလေသည်ဟု၊ အနိစ္စဘေးအပြစ် ဒုက္ခဘေးအပြစ်၊ အနတ္တဘေးအပြစ်တို့ကို ကိုယ်တွေ့, တွေ့ရ၊ ကိုယ်တွေ့သိရ၊ သဘောမိရ မနောမိရ၊ဉာဏ်သိရခြင်းသည်၊ ရုပ်၏ အာဒီနဝရုပ်အပြစ်၊ ရုပ်ဘေးကိုသိခြင်းပင်တည်း။ ဤလို ကိုယ်တွေ့သိပါလျှင် အရိယာဖြစ်ပါပြီ။ ထို့ကြောင့် ပါဠိ၏ အဖွင့်၌

(ယံရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ အယံရူပဿ အာဒီနဝေါ။) ဟု၊ မိန့်အပ်ပြီ။

## ၄၇။ ရုပ်၏ ထွက်မြောက်၊ ကိုယ်တွေ့ရောက် ခေါ်လောက်အရိယာ။

ရွရွ မွမွ ပွပွ ကြွကြွ စသော၊ ရုပ်တရားများကို ခန္ဓာကိုယ်အသားထဲကပြနေကြသဖြင့်သိရ မြင်ရ၊ တွေ့ရသောအခါငြီးငွေ့လာခြင်း၊ကြောက်လန့်လာခြင်း၊ ဘေးဘယဟု ထင်ခြင်လာခြင်းအပြစ်များဘဲဟု သိရှိလာခြင်း မမြဲပုံ ကုန်သွားပုံ၊ ခမ်းသွားပုံ ပျောက်သွားပုံ၊ ပျက်သွားပုံ၊ ချုပ်ငြိမ်းသွားပုံတို့ မုချကိုယ်တွေ့ တွေ့ရ၊ သိရ၊ မြင်ရသဖြင့် ထိုရုပ်တရား, ဓါတ်တရား, ကလာပ်တရားတို့၌ သာယာမှုကင်းခြင်း နှစ်သက်မှု စုံမက်မှု စွဲလမ်းမှု လိုချင်မှုအစရှိသော ဆန္ဒ ရာဂများ၊ နန္ဒီရာဂများ၊ တဏှာ ရာဂများ လျော့ပါးနိမ့်ကျပါးလျှားလာတော့၏။ ပယ်နိုင် သတ်နိုင်တော့၏။ ဤလိုလျော့ပါးစေမှု ပယ်နိုင်မှု သတ်နိုင်မှု ငြီးငွေ့မှု ကြောက်လန့်မှု မသာယာမှု စသည်တို့ကား ရုပ်၏ထွက်မြောက်မှု၊ ကိုယ်တွေ့, တွေ့ခြင်းပင်တည်း။ ဤလို ကိုယ်တွေ့, တွေ့နေပါလျှင်အရိယာဖြစ်ပါပြီ။ ထို့နောက်ပါဠိ၏အဖွင့်၌ (ယောရူပသ္မိံ ဆန္ဒ ရာဂ ဝိနယော၊ ဆန္ဒရာဂ ပဟာနံ ဣဒံ ရူပဿ နိဿရဏံ။) ဟူ၍ဖွင့်ပြ ခဲ့ပါသည်။ (သတ္တဋ္ဌာန ကုသလ ဥတ္တမ ပုရိသပြီး၏။)]

## (နရုတ္တမ) လူ့အထွဋ်,လူ့အမြတ်,လူ့ဥက္ကဋ် အဘယ်သူနည်း။

သင်၏ အားကိုးရာ အားထားရာ မှီဝဲရာ ဆည်းကပ်ရာဆရာ

ပါဘဲဟု စွဲမြဲစရာ နရုတ္တမကား အဘယ်သူနည်း၊ ရှာ၍ကြည့်ပါ လား၊ ရှာမည်ဟု ကြံကောကြံစည်ရဲလား။

၄၈။ မင်းပုံကုန်သည်၊ ဆင်းရဲမည်၊ စဏ္ဍာပုက္ကုသာ၊
မျိုးနှင့်ရိုးကား၊ နိဗ္ဗာန်ဖျား၊ သူကားမပို့ပါ။
တရားစစ်မှ နိဗ္ဗာန ပို့ကြလျင်မြန်စွာ။
အပို့တရား ဟောဘောကြား သူကား
နရုတ္တမာ။ ။

လောက၌ လူတိုင်းလိုလိုပင်၊ အမျိုးနှင့်အရိုးကို အဘိုးများ, များထားကြ၏။ သံသရာမှထွက်လမ်း၌ဖြစ်စေ၊ ၃၁ ဘုံ၌ တန်ခိုး ဂုဏ်တို့ဖြင့် စိုးခြုံလွှမ်းမိုး၍ ကမ္ဘာ့သနင်း ကမ္ဘာ့မကိုဋ် ကမ္ဘာ့ ဉက္ကဋ္ဌဖြစ်အောင်ထူထောင်ရာ၌ဖြစ်စေ၊ အမျိုးအရိုးမလိုတော့ပါ တရားသာလျှင် လိုရာခရီးသို့ ပို့နိုင်ပင်သည်။ မျိုးရိုးက နိဗ္ဗာန် ရောက်အောင်မပို့နိုင်ပါ၊ တရားကသာ နိဗ္ဗာန်ရောက်အောင် ပို့ နိုင်ကြောင်း အားလုံးသိကြပြီးသားဖြစ်ကြပါတယ်။ထို့ကြောင့် မင်းထံမှဖြစ်စေ၊ ပုဏ္ဏားထံမှ ဖြစ်စေ၊ ကုန်သည်ထံမှ ဖြစ်စေ၊ သူဆင်းရဲထံမှဖြစ်စေ၊ စဏ္ဍာလ သူတောင်းစားတို့ ထံမှ ဖြစ်စေ၊ ပုက္ကုသဟု အခေါ်ခံရသော ပန်းမှိုက်သွန် ဘုရားကျွန်တို့ထံမှပင် ဖြစ်စေ၊ ဘယ်အမျိုး ဘယ်အရိုးထံမှပင်ဖြစ်စေ၊ အကြင်သူသည် တရားကိုရ၍ ထိုကဲ့သို့ မိမိအဘို့ မိမိအတွက် အဘက်ဘက်က တရားဓမ္မကိုပြသနည်းပေးသော ကျေးဇူးရှင် ဆရာကား တပုဒ်

တဂါထာပင် ဖြစ်သော်လည်း၊ နည်းယူသော တစည့်၏၊ နရုတ္တမ ပင်ဘည်း။ လူ့အထွဋ်၊ လူ့အမြတ် လူ့ဥက္ကဋ္ဌပင်တည်း။ ဥပမာ ဗျိုင်းထံမှ လှံ့ကစားတတ်သော လုလင်သည်၊ ဆရာဖြစ်သော ဗျိုင်းကိုဘော်ပြရမှာရှက်သဖြင့် အလိုလိုတတ်ကြောင်း ပြောမိ၍ လှံ့ထိလျက် သေဆုံးရသည်။ ဇာတ်နိပါတ် ရာဇဝင် ပုံပြင်တို့၌ များစွာပင်ပုံစံပြကြသည်။အရှင်သာရိပုတ္တရာသည် သတိပေးလာသော ၇-နှစ်အရွယ် ရှင်သူငယ်ကလေးအား ရှိခိုး၍ ဆရာတင် ထားခဲ့ပါပြီ။

ဉာဏစာဂီမဟာထေရ်၏၊ ဆရာတို့ကား (ခွေးနှင့် ကလေး ရှုပ်ထွေးမိန်းမ၊ သမဏ ဗြာဟ္မဏ၊ ငါ့ဆရာတည်း။) လင်္ကာကြည့် ထို့ကြောင့် သေရသ နိပါတ်၊ အမ္ဗဇာတ်တော် ၈-နံပါတ် ကြောင်းရေ-၂၄ ၌။—

ခတ္တိယာ ဗြာဟ္မဏာ ဝဿော၊ သုဒ္ဒါစဏ္ဍာလ ပုက္ကုသာ။
ယမှာ ဓမ္မံ ဝိဇာနေယျ၊ သောဟိတဿနရုတ္တမောဟု၊ သတိ ပေးခဲ့ပါသည်။ ။အနက်ကား၊ ခတ္တိယာ ကံကုသိုလ် ပြည့်ဖောင်းတဲ့ မင်းထံမှရင်း၊ ဗြာဟ္မဏာ၊ မန္တာန်နှင့် ဗေဒင်ကိုနေ့စဉ်လိုအစုံ ပွါးကြတဲ့ ပုဏ္ဏားထံမှရင်း။ ဝဿာ၊ ရောင်းဝယ်စုံညီ ဂုဏ်တွေ စည်ကြတဲ့ ကုန်သည် ထံမှရင်း။ သုဒ္ဒါ၊ လေ့ထိုးလွှတိုက်လယ်၌ လုပ်ငြား ဆင်းရဲသားထံမှရင်း။ စဏ္ဍာလာ၊ ကုသိုလ်ကံဗလာကျတဲ့။ စဏ္ဍာလ၊ သူတောင်းစားထံမှရင်း။ ပုက္ကုသာ၊ပန်းမှိုက်တွေ သွန်ရတဲ့ ဘုရားကျွန်ထံမှရင်း။ ယမှာ၊ မျိုးနှင့်ရိုးကိုအဆိုးမထား

တရားကိုသာ ဟောပြရှာသော အကြင်သူ့ထံမှ၊ ဓမ္မ၊သုဂတိ လမ်းကြောင်း ကောင်းသောတရား နိဗ္ဗာန် ရောက်ကြောင်း လမ်းဟောင်းတရားကို၊ ဝိဇာနေယျ၊ ဆင့်ကာ ဆင့်ကာ မြင့်မြင့် လာအောင် ကျင့်ကာမသေ့ရရှိခဲ့ပါပေ၏။ ဟိ၊ အမှန်အကန်မို့ ဘာနှခြေပြောရပါမူကား၊ သော၊ ထိုတရားဟောပြ ပဏ္ဍိတသည်၊ တဿ၊ ထိုတရားနည်းခံ တပည့်မှန်၏၊ နရုတ္တမော၊ ဇာနည်ဥက္ကဋ္ဌ သမုတ်အပ်သဖြင့် အဟုတ်မြတ်သော လူ့အထွဋ်ပါပေတည်း။ (ရအောင်ကျက်၍ မိမိလဲကျင့် သူများလဲပြပါ။)

## ၄၉။ သာသနာ့ခေတ်၊ ဘုရားစစ်၊ တွေ့ရစ်စေဘို့ရာ။ ဘုရားတွေ့မှ သာဝက ခေါ်ကြအရိယာ။ ။

၁-နံပါတ်ဘုရား-ပုံတော်ဘုရား ဥဒ္ဒိဿဘုရာ ။

၂-နံပါတ်ဘုရား-ဥဂ္ဂဟနိမိတ်ဘုရား၊စိတ်ထဲမြင်သောဘုရား

၃-နံပါတ်ဘုရား ကာလနဂါး ဖန်ဆင်း၊ နိမ္မိတဘုရား။

၄-နံပါတ်ဘုရား-ဝက္ကလိမြင်ဘုရား၊ ခန္ဓာပညတ်ဘုရား။

၅-နံပါတ်ဘုရား- အရိယာမြင် ဘုရား၊ ဓမ္မ ဘုရားစင်စစ်။

ယခုကာလ ရှိကြသော ငါတို့တတွေကား ယေဘုယျနည်း အားဖြင့် အမှန်ပြောရလျှင် ၅-နံပါတ်ဘုရား အရိယာ များသာ ဖူးမြင်ခွင့်ရရှိသောဓမ္မဘုရားစစ်စစ်ကိုဖူးမြင်ခွင့်မထိုက်သလောက် အောက်ကျ နောက်ကျ သပေါက်တမျှ ကြောက်စရာ့ ဘဝ အရောက်မလှကြဘဲ ရှိနေကြပေသည်။ ၅-နံပါတ်ဘုရားရှိစေဦး

တော့၊အရှင်ဝက္ကလိရဟန်းတော်ဖူးခွင့်ရသော ရုပ်နှင့်နာမ်ရောစပ်၍၊သမ္ဗုဟာဃန,သဏ္ဌာနဃန,ကိစ္စဃန, သန္တတိဃန,တို့ဖြင့်ရောချင်တိုင်းရောယှက် ပေလိမ်းနေသောခန္ဓာတော်ပညတ်ဘုရားကိုကော ဖူးခွင့်ရရှိပါရဲ့လားလို့မေးလျှင်၊ ဖူးရဘို့ဝေးပါသေး၏။ ဘုရားပွင့်ခိုက်မှ မမှီကြဲဘဲကိုး။ ဘုရားပွင့်ခိုက်ကြုံလို့ ဖူးရပါစေဦးတော့ ဘုရားရှင်ကြီးက၊ အရှင်ဝက္ကလိ ရဟန်းတော်ကို (အပေဟိ ဝက္ကလိ ကိန္တေ ဣမိနာ ပုတိကာယေန ဒိဋ္ဌေန။) ဟူ၍ နှင်ထုတ်တော်မူသည်။ ချစ်သား၊ ဝက္ကလိ သွားလေတော့၊ ဤအကောင်ပုပ်သာဖြစ်သော၊ ခန္ဓာကိုယ်တော်ကြီးကိုရှုနေသဖြင့်၊သင်ဝက္ကလိအား ဘာများ ကျေးဇူးရှိလိမ့်မတုန်း၊ငါ့ခန္ဓာကိုယ်တော်ကြီးကိုမဖူးရဟု နှင်ထုတ်တော်မူတယ်မဟုတ်ပါလား။ ငါတို့မှာ ဝက္ကလိမြင်သောဘုရားမှ ဖူးခွင့်မရ ရှိစေဦးတော့၊ သိရိမဟာသောကမင်းကြီးနှင့် အသန္ဓိမိတ္တာ အမှူးရှိသော ပုဂ္ဂလဝိသေသတို့လို ကာလနဂါးမင်း ဖန်ဆင်း၍ပြသော နိမ္မိတ ၃၂-နံပါတ်ဘုရားကိုကော ဖူးခွင့်ရရှိပါရဲ့လားလို့မေးလျှင် ဝေးလေစွပေါ့၊ငါ့တို့မှာကား ကမ္ဗောဇ်ထိုင်ရင်း စိတ်ကူးပြီးစိတ်ထဲ၌ပေါ်နေသော ဥဂ္ဂဟနိမိတ် ပညတ်ဘုရားနှင့် ပုံတော်ဘုရားဟု ခေါ်ရသော ဥဒ္ဒိဿဘုရားလောက်နှင့်သာ တင်းတိမ်လျက်နေကြရပေသည်။ မိမိတို့ကံကိုသာ ပြန်၍ကြည့်ကြပါတော့။ ကံကလဲ အောက်ကျစိတ်သဘောထားကလဲ အောက်ကျနှင့် ကြောက်စရာ့ဘဝကြီးပါတကား။ ဘုရားငါးမျိုးအနက် အောက်အဆင့်ဘုရား ၂-မျိုးနှင့်သာ ဘဝဖြုန်းကြံတော့မှာလား တ ည့်တို့စိတ်ထားကြီးမား

ပါလျှင် (၃-နံပါတ်၊ ၄-နံပါတ်ဘုရားကို) ချန်၍ ၅-နံပါတ် ဘုရားကို ယခုဘဝ၌ တွေ့မြင်နိုင်ပါသည်။ တွေ့နိုင်ကြောင်းကို ဝက္ကလိသံယုတ်ပါဠိတော်ကြီး၌--

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

ယော ဓမ္မံ နပဿတိ သော မံ နပဿတိ။ ။

ဟူ၍ ဘုရားရှင်ကြီးက သူ့စိတ်တိုင်းကျ အကျိုးလဲရှိလှသော ဓမ္မဘုရားကို ပြထားတယ်မဟုတ်ပါလား။ ။ဝက္ကလိ ချစ်သား ဝက္ကလိ၊ ခေါ ကေဝလံ့ဧ၀န၊ စင်စစ်သဖြင့်။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ ရုပ်နာမ်ပရမတ်တရားမြတ်ကို။ ပဿတိ၊ ကိုယ်တွေ့သိမြင်၍ နေ၏။ သော၊ ထိုရုပ်နာမ်ပရမတ်တရားမြတ်ကို ကိုယ်တွေ့သိမြင်၍ နေသောသူသည်။ မံ၊ ငါအလိုရှိသော ငါဘုရားအစစ်ကို။ ပဿတိ သိမြင်တော့၏။ ယော စ၊ အကြင်သူသည်ကား။ ဓမ္မံ၊ ရုပ်နာမ် ပရမတ်တရားမြတ်ကို။ နပဿတိ၊ ကိုယ်တွေ့မသိမြင်။ သော၊ ထိုကိုယ်တွေ့ မသိမြင်သောသူသည်။ မံ၊ ဘုရား အလိုရှိသော ငါဘုရား အစစ်ကို။ နပဿတိ၊ မြင်သော်လည်း မြင်ရာ မရောက်ပေ။

ဒီနေရာ၌ တန့်ရပ်၍ စဉ်းစားကြည့်ပါ။ ခန္ဓာကိုယ်ဘုရားကြီး နှင့် ဓမ္မဘုရားကို ဘယ်ဘုရားတွေ့စေလိုပါသလဲလို့ ဝက္ကလိထေရ အပဒါန်ပါဠိတော်ကြီး၌လည်း ဂါထာနှင့်ပြခဲ့သည်ကား--

ယော ဟိ ပဿတိ သဒ္ဓမ္မံ၊ သော မံ ပဿတိ ပဏ္ဍိတော။

အပဿမာနော သဒ္ဓမ္မံ၊ မံ ပဿေပိ နပဿတိ။ တဲ့--

တွေ့ရဲ့လား။ ။ဝက္ကလိ ၊ချစ်သားဝက္ကလိ။ ဟိ၊ အကျိုးရှိ

သောဘုရားကို၊ ငါညွှန်ကြားပါအံ့။ ယော၊ အကြင်သူသည်။ သဒ္ဓမ္မံ၊ သူတော်ကောင်း အစစ်ဖြစ်နိုင်သော ရုပ်နာမ် ပရမတ် တရားမြတ်ကို။ ပဿတိ၊ ဝိပဿနာ ပွါးသောအခါ မြင်ရ၏။ သောပဏ္ဍိတော၊ ထိုတရားမြင်သော ပညာရှိသည်။ မံ၊ ငါဘုရား အလိုကြသော ဘုရားအစစ်ကို။ ပဿတိ၊ မြင်သည်မည်၏။ သဒ္ဓမ္မံ သူတော်ကောင်း အစစ် ဖြစ်စေ နိုင်သော ရုပ်နာမ် ပရမတ် တရားမြတ်ကို။ အပဿမာနော၊ မမြင်သောသူသည်။ မံ၊ ငါဘုရား လို့ပညတ်အားဖြင့် ခေါ်ဆိုရသော ငါ့ကို။ ပဿမ္ပိ၊ ပကတိ မျက်လုံးဖြင့် မြင်ပါသော်လည်း။ နပဿတိ မမြင်ဘဲဟုမခေါ်နိုင် ပါတကား။ အချုပ်ကား၊ တရားတွေ့မှ ငါဘုရား တွေ့မည် မြင်မည်ဟု၊ အလိုတော်ကျပြခဲ့ပါပြီ။ ဘုရားကိုကျောခိုင်းပြီးတော့ ဆင်ခြေများ ကန့်ကြပါဦးလား။ ငြင်းချက်များ ထုတ်ကြပါ ဦးလား။ (ဘုရားထက် ဉာဏ်ကျယ်၊ ကံဆယ်ကရွှေကူး။) လုပ်ကြ ဦးလား။ ဂေါတမဘုရားနောက်က၊ ဂေါတမလက်သစ် လုပ်ပြီး ထွင်ကြပါဦးလား။ ကဲကဲ ပေါ်လွင်ထင်ရှားအောင် ဗာလနှင့် ပဏ္ဍိတ ခွဲသိရုံ တကယ့်စစ်တမ်း တကယ့်ရှင်းတမ်း ထုတ်ကြ ပါစို့ရဲ။

ဒကာကြွယ်ရေး။ ။ဘုရားမင်္ဂလာ တရားတော်၌ ဘယ် တရားကိုအစထားပြီး ဟောပါသလဲကွဲ့။

မှန်လှပါ မင်္ဂလာတရားတော်၌ (အသေဝနာစဗာလာနံ)

တရပ် (ပဏ္ဍိတာနုဠသော၀နာ) တရပ်၊ အားဖြင့်။ ဘုရားကိုက ဗာလဆိုတဲ့ လူမိုက်နှင့်တော့ မပေါင်းပါနဲ့ ပဏ္ဍိဆိုတဲ့ ပညာရှိနှင့်သာ ပေါင်းသင်းကြပါလို့အစ အဆုံးထား၍ အဘဘုရားက တပည့်သားတို့အား ဟောကြား ခဲ့ပါသည်ဘုရား။

အဘဘုရားက အစထားပြီး ဟောကြားတယ် ဆိုဒါက၊ အရေးကြီးလို့လား၊ အရေးမကြီးလို့လား၊ ဒကာကြွယ်ရဲ့။

အရေးကြီးလွန်းလို့ အစ ထားခဲ့ဒါပါဘုရား။

ကောင်းပြီ့ကောင်းပြီ အရေးကြီးပါလျှင် ဗာလနှင့် ပဏ္ဍိတကိုခွဲခြား၍သိပါရဲ့လား။

ရုပ်ဗာလ, နာမ်ဗာလနှင့် ရုပ်ပဏ္ဍိတ၊ နာမ်ပဏ္ဍိတလောက်တော့ သိပါတယ်ဘုရား။

အင်း စကားရှေ့မယ် ဒကာကြွယ်ပါဘဲ၊ ကဲကဲ လိုရင်းချုပ်မယ်နားထောင်စမ်း၊ ခုဒင်ကပြခဲ့တဲ့ ဝက္ကလိ အာပဒါန်ပါဠိတော်၌ (ယောဟိပဿတိ သဒ္ဓမ္မံ၊ သောမံပဿတိ ပဏ္ဍိတော။) တဲ့ ဒကာကြွယ်ရှဲ တဲ့တဲ့နော်၊ ရုပ်နာမ်ပရမတ် တရားမြတ်ကိုမြင်သူမှ ပဏ္ဍိတဆိုပါကလား၊ ဒကာကြွယ်ရယ်။ ဆင်ခြေ, ဆင်လက်များ ကန်နိုင်သေးရဲ့လား။ (အင်းရုပ်နာမ်ပရမတ် တရားမြတ်ကိုမမြင်သေးတဲ့ သူတွေတော့ တဲ့တဲ့ချည်းထိနေဒါဘဲနော်။) ငြိမ်းတွားပုံ။

ဒကာကြွယ်။ ။ဘုရား။

ရုပ်နာမ်မြင်သူ ပဏ္ဍိတဆိုတော့ ရုပ်နာမ်မမြင်သူဟာ ဘာတဲ့လဲ ဒကာကြွယ်ရဲ့။

ဖြေရင်တော့ ထိကြတော့မှာဘဲဘုရား။ သိရင်တော်ရော့ပေါ့ဘုရား။

ကြောက်သလားဒကာကြွယ်၊ စာအရှိပြောဒါပါ၊ ဓမ္မဓိဋ္ဌာန်ပါကွဲ၊ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်ပါဘူး။

ဒါဖြင့် အတိအလင်း ဉာတိခပင်းတို့အား၊ စာအရှိလင်းရမှာဖြင့် ရုပ်နာမ် တွေ့သူက ပဏ္ဍိတ၊ ရုပ်နာမ်မတွေ့သူက၊ လူ့ဗာလပါတဲ့ဘုရား။

ဒေ-သာဓုကွယ်-သာဓု။ ဗာလနှင့်ပဏ္ဍိတကွဲပလား။

ဒကာကြွယ်။ ။ကွဲပါပြီဘုရား။ယခုမှဘဲဒီတရားမျိုးကြားရနာရ၊ သိရ၊ မှတ်ရပါတော့သည်၊ အရှင်ဘုရား။

စာထဲတော့ အရှိသားဘဲ။ ထုတ်ဘော်၍ မပြောကြလို့မသိဒါပါဘဲ ဒကာကြွယ်ရေ။

ဗာလနှင့်ပဏ္ဍိတအခွဲရှိသေးတယ်၊ ဟောတော်မူပါဦးဘုရား။ ကြုံတဲ့အခါ မှတ်ထားပါရစေ။

ကဲကဲနားထောင်စမ်းပါဦး။

(ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။)တဲ့။ ဒါလဲတဲ့တဲ့ဘဲကွဲ့။ အဖြစ်အပျက်တွေ့၍ ငြီးငွေ့နေသူဟာ ဒုတိယပဏ္ဍိတတဲ့။ အနက်ကြည့်စမ်းပါဦး။ ပဏ္ဍိတော၊ ပဏ္ဍိတသည်။ ဥဒယဗ္ဗယသင်္ခါရေ၊ ဖြစ်လျှင်ပျက်မြဲ မလွဲမှန်လှ သင်္ခါရတရားတို့ကို၊ နိဗ္ဗိန္ဒိတွာန်၊ ငြီးငွေ့လျက် နေသည်ဖြစ်၍ ကဲကဲ ခွဲပြစမ်း အဖြစ်အပျက်တွေ့၍ ငြီးငွေ့လျက် နေသူများသည်။ ဒုတိယ

အဆင့်ပဏ္ဍိတ၊ အဖြစ်အပျက်မတွေ့ရှိမငြိုးငွေ့ဘဲနေသူများသည်၊ ဒုတိယအဆင့် ဗာလပါဘုရား။

ဧေ-သာဓုကွယ်၊ သာဓု-သာဓု။ ပြီးတော့ဗာလပဏ္ဍိတ၊ အခွဲ တမျိုးရှိသေးတယ်။

ရှိသေးလျှင် ဟောပြခဲ့ပါဦးဘုရား။

ဒါဖြင့်နားထောင်ဒီလိုတဲ့ကွဲ့။ မညန္တိ ပဏ္ဍိတာ၊ အနိစ္စာ၊ ဒုက္ခာ အနတ္တာ၊ အသုဘာတိ။) သဋ္ဌာယတန၊ သံယုတ် အဋ္ဌကထာ စာမျက်နှာ-၄၃၊ ကြောင်းရေ-၂၉။ ခန္ဓာငါးပါးတို့ကို၊ အနိစ္စဘဲ ဒုက္ခဘဲ၊ အနတ္တဘဲ၊ အသုဘဘဲဟု တွေ့သူဟာ ပဏ္ဍိတတဲ့၊ ခန္ဓာ ငါးပါးတို့ကို အနိစ္စဘဲ၊ ဒုက္ခဘဲ၊ အနတ္တဘဲ၊ အသုဘဘဲဟုစွဲလောက် အောင် မတွေ့သူများ ဗာလပေါ့ကွယ်။ တော်လောက်ပါပြီ၊ ရှေးအဘို့ သဲလွန်စလဲ ရရှိသွားကြပါပြီ။

## ၅၀။ ပထဝီဓါတ်ဘုရား၊ တွေ့ခဲ့ငြား မှတ်သား အရိယာ။

ကထံနုခေါ ဘန္တေ ဇာနတော ပဿတော၊ မိစ္ဆာ ဒိဋ္ဌိပဟီယတိ။ ။(သံယုတ်ပါဠိတော်။)

ဘန္တေ၊ မြတ်ဘုရား။ ကထံနုခေါ၊ အဘယ်တရားကိုသာလျှင်။ ဇာနတော၊ ကိုယ်တွေ့သိသော ပုဂ္ဂိုလ်အား။ ကထံ၊ အဘယ်သို့။ ပဿတော၊ ကိုယ်တွေ့မြင်သောပုဂ္ဂိုလ်အား။ မိစ္ဆာဒိဋ္ဌိ၊ မောဟ အဝိဇ္ဇာသက္ကာယနှင့် တဖြာဝီစိ၊ အမြစ်မကြီး တြိကို။ ပဟီယတိ၊ ပယ်နိုင် သတ်နိုင် ပြာချနိုင်ပါသနည်းဘုရား။ (ရာဟုလာမေးပုံ။)

ပထဝီ ဓါတုံခေါ်ရာဟုလာ၊ အနိစ္စတော၊ ဇာနတော
ပဿတော မိစ္ဆာဒိဋ္ဌိ ဇဟီယတိ။ (သံယုတ်ပါဠိတော်။)

ရာဟုလ၊ချစ်သားရာဟုလာ၊ပထဝီဓါတုံ၊ တောင့်တင်းခိုင်မာ ကျင်နာဖျဉ်းဖျဉ်း၊ လေးလံခြင်း အစရှိသော၊ ပထဝီဓါတ်ကို အနိစ္စတော၊ မမြဲသောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသော ပုဂ္ဂိုလ်အား။ ပဿတော၊ ကိုယ်တွေ့မြင်သော ပုဂ္ဂိုလ်အား၊ မိစ္ဆာဒိဋ္ဌိ၊ မောဟအဝိဇ္ဇာ၊ သက္ကာယာနှင့်တဖြာဝိစိ၊ အမြစ်မကြီး တြိကို။ ပဟီယတိ၊ ပယ်နိုင် သတ်နိုင် ပြာချနိုင်တော့၏။

## ပထဝီဓါတ်ကို ဘယ်လို တွေ့ရမည်နည်း။

ပထဝီဓါတ်ပေါ်၍လာသောအခါ (၁) ရှရှ။ (၂) မွမွ။ (၃) တောင့်တောင့်။ (၄) တင်းတင်း။ (၅) ထိုင်းထိုင်း (၆) မှိုင်းမှိုင်း။ (၇) အုံတုံတုံ။ (၈) ခေါင်းကြီး,ကိုယ်ကြီး။ (၉) လေးလေး,လံလံ။ (၁၀) ကြပ်တတ်တတ်။ (၁၁) ထုန်ထုန်။ (၁၂) ကျင်ကျင်။ (၁၃) စစ်စစ်ဟူ၍ ၁၃-မျိုးပေါ်လာတတ်ပေသည်။ ကိုယ်ထဲ အသား ထဲကတွေ့လျှင် ယင်း ၁၃-မျိုးထဲက တမျိုးမျိုးကို တွေ့ရမည်။ တွေ့အောင် ရှာကြပါကုန်။

## ၅၁။ အာပေါဓါတ်ဘုရား၊ တွေ့ခဲ့ငြား မှတ်သား အရိယာ၊

အာပေါဓါတုံခေါ် ရာဟုလ၊အနိစ္စတော ဇာနတော
ပဿတော မိစ္ဆာဒိဋ္ဌိ ဇဟီယတိ။ (သံယုတ်ပါဠိတော်)

ရာဟုလ၊ ချစ်သားရာဟုလာ။ အာပေါဓါတုံ၊ ချွေးကယိုယို

ကိုယ်မှစေးထန်း အမြဲတမ်းနေတဲ့အာပေါဓါတ်ကို။ အနိစ္စနိတာ၊ ဖြစ်ပြီးကပျောက်၊ မရဏရောက်သော အနိစ္စသဘော အားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသောပုဂ္ဂိုလ်အား။ ပဿတော၊ ကိုယ်တွေ့မြင်သောပုဂ္ဂိုလ်အား။ မိစ္ဆာဒိဋ္ဌိ မောဟအဝိဇ္ဇာ၊ သက္ကာယာနှင့်တဖြာ ဝိစိအမြစ်မကြီးတြိုကို။ ပဟီယတို၊ ပယ်နိုင် သတ်နိုင် ပြာချနိုင်တော့၏။ အာပေါဓါတ်ခပါတော့ဘယ်လိုများပေါ်၍ ဘယ်လိုများ တွေ့တတ်ကြပါသနည်း။ အာပေါဓါတ် ပေါ်၍ လာသောအခါ (၁)စေးထန်းစေးတန်း။ (၂) ချွေးယိုသကဲ့သို့ ဖေါ်လာတတ်ပေသည်။ပေါ်လာအောင် တွေ့ရအောင် သမာဓိဖြင့် ဘမ်း၍အားထုတ်ကြည့်ကြပါကုန်။

## ၅၂။ တေဇောဓါတ်ဘုရား တွေ့ခဲ့ပြား မှတ်သား အရိယာ။

တေဇောဓါတုံခေါ်ရာဟုလ၊အနိစ္စတော ဇာနတော
ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ။ (သံယုတ်ပါဠိတော်။)

ရာဟုလ၊ချစ်သားရာဟုလာ၊ တေဇောဓါတုံ၊ ပူပူ၊ ဇေ့နွေး နွေး၊ရှိန်ရှိန်နှင့် ပေါ်၍နေသော တေဇောဓါတ်ကို။အနိစ္စတော၊ ဖြစ်ပြီးကပျောက်၊ မရဏရောက်သော အနိစ္စသဘောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့ မြင်သော ပုဂ္ဂိုလ်အား။ ပဿတော၊ ကိုယ်တွေ့ မြင်သော ပုဂ္ဂိုလ်အား။ မိစ္ဆာဒိဋ္ဌိ၊ မောဟအဝိဇ္ဇာ သက္ကာယာနှင့် တဖြာ ဝိစိ အမြစ်မကြီး တြိုကို။ပဟီယတိ ပယ်

နိုင်, သတ်နိုင် ပြာချနိုင်တော့၏။ ။တေဇောဓါတ်ပေါ်တော့ ဘယ်လိုများပေါ်၍ ဘယ်လိုများ တွေ့တတ် ကြပါသနည်း။ တေဇောဓါတ်ပေါ်၍ လာသောအခါ (၁)ပူပူ။ (၂)ဧေ။(၃) နွေးနွေး။ (၄)ရှိန်ရှိန်။ (၅)အခိုးထွက်။ (၆)အပူထုတ်သလိုပေါ် လာတတ်ပါသည်။ အသားထဲ, ကိုယ်ထဲက အမြဲပေါ်နေဒါကို တွေ့အောင် အားထုတ်ရှာကြပါကုန်။

## ၅၃။ ဝါယောဓါတ်ဘုရား တွေ့ခဲ့ပြား မှတ်သား အရိယာ။

ဝါယောဓါတုံခေါ်ရာဟုလ၊အနိစ္စတော ဇာနတော
ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတို။ (သံယုတ်ပါဠိတော်)

ရာဟုလ၊ ချစ်သားရာဟုလာ။ ဝါယောဓါတုံ၊ ထောက်ကန် လှုပ်ရှား ယိမ်းယိုင်အားဖြင့် ဆယ့်တပါးသော ဝါယောဓါတ် ကို။ အနိစ္စတော၊ ဖြစ်ပြီးကပျောက် မရဏရောက်သော အနိစ္စ သဘောအားဖြင့်။ ဇာနတော ကိုယ်တွေ့သိသော ပုဂ္ဂိုလ်အား။ ပဿတော၊ ကိုယ်တွေ့မြင်သောပုဂ္ဂိုလ်အား။ မိစ္ဆာဒိဋ္ဌိ၊မောဟ အဝိဇ္ဇာ သက္ကာယာနှင့်တဖြာဝိစိအမြစ်မကြီး တြိုကို။ပဟီယတိ၊ ပယ်နိုင် သတ်နိုင် ပြာချနိုင်တော့၏။ ။ဝါယောဓါတ်ကို တွေ့ တော့ ဘယ်လိုများပေါ်၍ဘယ်လိုများတွေ့တတ်ကြပါသနည်း။ ဝါယောဓါတ်ပေါ်၍ လာသောအခါ။ (၁) ရှေ့သို့ညွတ်၍လှုပ် ခြင်း။ (၂)လက်ဝဲလက်ျာသို့ညွတ်၍လှုပ်ခြင်း။ (၃)ထက်ဝန်းကျင်

ညွှတ်၍လုပ်ခြင်း။ (၄) နောက်သို့ညွှတ်၍ တွန်းသကဲ့သို့ လုပ်ခြင်း။ (၅) အသွားလှုပ်သကဲ့သို့ ရိုးရိုးလုပ်ခြင်း။ (၆) ကြောက်သွေး တုန်သကဲ့သို့လုပ်ခြင်း။ (၇) ယိမ်းယိုင်၍လုပ်ခြင်း။ (၈) မြွေလျှောက်ကဲ့သို့လုပ်ခြင်း။ (၉) ခုန်၍လုပ်ခြင်း။ (၁၀) ရင်ထဲကတလှုပ်လှုပ် လုပ်ခြင်း၊ (၁၁) ရင်ထဲကတဒိတ်ဒိတ်လုပ်ခြင်းဟူ၍တဆယ့်တမျိုး ပေါ်လာတတ်သည်။ ကိုယ်ထဲ့ အသားထဲက တွေ့ရ အောင် အားထုတ်၍ရှာကြပါကုန်။

## ၅၄။ အာကာသဓါတ်ဘုရားမြွက်၊ တွေ့လတ်အရိယာ။

> အာကာသ ဓါတုံခေါ ရာဟုလ၊ အနိစ္စတော ဇာန တော၊ ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ။ ။ (သံယုတ် ပါဠိတော်။)

ရာဟုလ၊ ချစ်သားရာဟုလာ။ အာကာသဓါတုံ၊ ကလာပ် နှစ်ပါးတို့၏၊ အကြားဖြစ်သော အာကာသဓါတ်တမျိုး။ ပူပူမှ ဝေ ဆိုတဲ့ အမှုအရာ ခြားသော အာကာသ ဓါတ်တမျိုးကို။ အနိစ္စတော ဖြစ်ပြီးကပျောက် မရဏာရောက်သော အနိစ္စသဘော အားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသော ပုဂ္ဂိုလ်အား။ ပဿတော ကိုယ်တွေ့ မြင်သောပုဂ္ဂိုလ်အား။ မိစ္ဆာဒိဋ္ဌိ၊ မောဟအဝိဇ္ဇာ၊ သက္ကာယာနှင့် တဖြာဝိစိ အမြစ်မကြီးတြိတို။ ပဟီယတိ၊ ပယ်နိုင် သတ်နိုင် ပြာချနိုင်တော့၏။

အာကာသဓါတ်ကိုတွေ့တော့ ဘယ်လိုများပေါ်၍၊ ဘယ်လို များ တွေ့တတ်ကြပါသနည်း။ အာကာသဓါတ် ဆိုဒါ ရွှန်ရှင့်ရှ

ကလာပ်နှစ်ခုအကြားကို အာကာသဓါတ်ဟုခေါ်သည်။ ပရိစ္ဆေဒရုပ်ဟုလည်း ခေါ်သေး၏။ မှတ်စုနှင့်မှတ်စု၏အကြားကို၊ အာကာသဓါတ်ဟုခေါ်သည်။ ပူရာမှဒေါ်ကို အာကာသခြားတယ်၊ အမူအရာ ခြားတယ်ဟုခေါ်ရသည်။ ဒါဟာ အာကာသဓါတ်ပါဘဲ။ (၁)ကလာပ်ခြား အာကာသ။ (၂)အမူအရာခြား အာကာသ။ ယင်း ၂-မျိုးတို့တွင် တမျိုးမျိုးကိုတွေ့လျှင်အာကာသ ဓါတ်ဟူသောဘုရားမြတ်ကိုတွေ့ရပါပြီ ဘုရားဖူးရပါပြီ။ အရိယာဘဝသို့ရောက်ရှိနေပါပြီဟူလို။

## ၅၅။ ဝိညာဏဓါတ် ဘုရားမြတ် တွေ့လတ်အရိယာ။

ဝိညာဏဓါတုံခေါ်ရာဟုလ၊ အနိစ္စတော ဇာနတော
ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ။ (သံယုတ်ပါဠိတော်။)

ရာဟုလ၊ ချစ်သားရာဟုလာ။ ဝိညာဏဓါတုံ၊ မြင်,ကြား,နံ့, လျက်, ထိ, သိ, ဖက်, ရှိခြောက်ချက်သော စိတ်နာမ် ဝိညာဏ်ကို။ အနိစ္စတော၊ ဖြစ်ပြီးကပျက် မရဏရောက်သော အနိစ္စသဘောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသောပုဂ္ဂိုလ်အား။ ပဿတော၊ ကိုယ်တွေ့မြင်သော ပုဂ္ဂိုလ်အား၊ မိစ္ဆာဒိဋ္ဌိ၊ မောဟအဝိဇ္ဇာ၊ သက္ကာယနှင့်တဖြာဝိစိ အမြစ်မကြီး တို့ကို။ ပဟီယတိ၊ ပယ်နိုင်သတ်နိုင်, ပြာချနိုင်တော့၏။

(၁) ရုပ်ပါဘဲဟုသိသော စိတ်နာမ် ဝိညာဏ်။
(၂) နာမ်ပေါ်လျှင်နာမ်ပါဘဲဟုသိသောစိတ်နာမ်ဝိညာဏ်။

(၃) ဉာဏ်ပေါ်လျှင် ဉာဏ်ပါတဲ့ဟု သိသော စိတ် နာမ် ဝိညာဏ်။
(၄) မဂ်ပေါ်လျှင် မဂ်ပါတဲ့ဟုသိသောစိတ်နာမ်ဝိညာဏ်။
(၅) ဖိုလ်ပေါ်လျှင် ဖိုလ်ပါတဲ့ဟု သိသော စိတ် နာမ် ဝိညာဏ်။
(၆) နိဗ္ဗာန်ပေါ်လျှင်၊နိဗ္ဗာန်ပါတဲ့ဟု သိသော စိတ်နာမ် ဝိညာဏ်။
(၇) ပညတ်ပေါ်လျှင် ပညတ်ပါတဲ့ဟု သိသော စိတ် နာမ် ဝိညာဏ်။

ဤလိုသဘော ၇-ချက်ကိုသိသောအသိတရားကို မနောလို့လဲခေါ်သည်။ စိတ်လို့လဲခေါ်သည်။ နာမ်လို့ ဝိညာဉ်လို့လဲခေါ်သည်။ဤပုံပေါ်လဲပေါ်၊ သိလဲသိ၊ ထိုအသိမျိုးကို ဝိညာဏဓါတ်ဟုဆိုသည်။ ဝိညာဏဓါတ်ပိုင်လျှင် အရိယာ ဖြစ်ပါပြီဟူလို။

## ၅၆။ ပုထုအသိ ယာအသိ၊ ရမိ အရိယာ။

ပုထုဇဉ်တို့၏အသိအမြင်နှင့်အရိယာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတို့၏ အသိအမြင်ကား ကွာခြားလှ၏။ အနည်းငယ်မျှမတူချေ။ ပုထုဇဉ်တို့၏ အသိအမြင်ကား မြင်လျှင် ဒါဘယ်သူ၏၊ ရုပ်အသွင်ပါတဲ့။ ဘယ်သူ၏သားသမီးပါတဲ့။ အသံကြားလျှင် ဒီအသံဟာ ဘယ်သူ၏ အသံတဲ့။ ဒီအသွားဟာ ဘယ်သူ၏ အသွားမျိုးတဲ့။ ဘယ်သူ၏ အမူအရာ မျိုးတဲ့ဟု၊

(နိမိတ္တဂ္ဂါဟီ)မိန်းမနိမိတ် ယောကျ်ားနိမိတ်၌ စိတ်ထား စူးစိုက် လျက်နေချေသည်၊(အနုဗျဉ္ဇနဂ္ဂါဟီ)လက်ခြေသဏ္ဌာန်၊အမူအရာ စသည်တို့၌ စိတ်ထား စူးစိုက်၍နေသည်။ ဤကား ပုထုဇဉ်တို့၏ အသိ အမြင်စိတ်ထား စူးစိုက်ပုံတည်း။ အရိယာတို့ကား ပြခဲ့ပြီး သော အမူအရာရုပ် သဏ္ဌာန်ဖြင့်၊ သညာအမှတ်အသား ပြုသေး သော်လည်း။ ဤမျှနှင့်မရပ်တန့်သေးဘဲ၊ ပညတ်နယ်ကို ကျော် လွန်ကူးမြောက်စေလျက်၊ဖြစ်ပျက်သဘောရောက်အောင်စိတ်နေ စိတ်ထား စူးစိုက်လျက်နေကြ၏။ နေပုံကား သုံးဆယ့်တဘုံဟု ခေါ်ဆိုရသောသံသရာနယ်ကြီးအတွင်း၌ရင်း။ တနည်းအားဖြင့် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကကြီးအတွင်း ၌ရင်း။ ဖြစ်တတ်ပျက်တတ်သောသဘော၊ ဖြစ်ပျက် လက္ခဏာမှ လွဲ၍၊ ဘာမျှမရှိ မြူမျှမရှိ၊ ဘိတ်ဘိတ်သား မရှိပါတကား။ မြင် ရသမျှ၊ ကြားရသမျှ၊ နံသမျှ၊ စားရသမျှ၊ တွေ့ရသမျှ ကြံစည် တွေးတောရသမျှတို့ကား တလောကလုံးပင် ဖြစ်ပျက်တခုနှင့် မဖြစ်မပျက်တခုသာလျှင် အမှန်ရှိတော့၏။ ဖြစ်ပျက်ကား သင်္ခတ ရုပ်နာမ်ပင်တည်း။ မဖြစ်ပျက်ကား အသင်္ခတ နိဗ္ဗာန်ပင်တည်းဟု သောတာပန် စသည်တို့သည်။ အသိအားဖြင့် အမြင်အားဖြင့် စင်ကြယ်လျက် ရှိနေလေသည်၊ ၎င်းဖြစ်ပျက် လက္ခဏာကိုသာ အစဉ်အမြဲအဖန်တလဲလဲ,စွဲစွဲ,မြဲမြဲနှင့်သိသိနေလေသည်။(သို့ဗယ် ဆိုက်ပွါး)လေးပါးကိစ္စ အပိုင်ရ မုချပရမတ်၊ ဟူသည်အတိုင်း သစ္စာလေးပါးကိစ္စဖြင့် တိုးပွါးသ်မြင်လျက် နေချေသည်။ ဤ ကားအရိယာတို့အသိအမြင် စိတ်ထားစူးစိုက်ပုံတည်း၊ပုထုဇဉ်နှင့်

အရိယာကား ဤမျှလောက်သိမြင်ပုံ ကွာခြားလှ၏။ ဝတ္ထုတပုဒ် ထုတ်၍ပြဦးအံ့။

သာဝတ္ထိပြည်၌ သုရဗန္ဓမည်သော တိတ္ထိသာဝက တဦးကို ဘုရားသခင်ချတ်တော်မူပြီးစဥ်၊ အရိယာသာဝက ရောက်လျှင် ဘုရားသခင်သည်။ ကျောင်းတော်သို့ ကြွသွားတော်မူလေသည်။ ဘုရားသခင် ကြွသွားတော်မူလျှင်၊ မာရ်နတ်သည်၊ ဘုရားကဲ့သို့ ဖန်ဆင်းလျက် ပြန်လာဟန်ဖြင့် ရောက်လာ၏။ ၃၂-ပါးသော လက္ခဏာတော်ကြီး(၈၀)သောလက္ခဏာတော်ငယ်၊ ရောင်ခြည် တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်အောင် ဖန်ဆင်းလာသော မာရ်နတ်ကိုမြင်လျှင်၊သုရဗန္ဓသည်၊ရှိသေစွာရှိခိုးပြီး၍အကြောင်း အသို့ရှိပါသနည်းဟု လျှောက်တော့-ဘုရားဟန် ဆောင်သော မာရ်နတ်က၊ ချစ်သား သုရဗန္ဓ-ငါဘုရားသည်။ခုနင်ကသတိလစ် တော်မူခဲ့၍ အားလုံးပင်အနိစ္စ၊ အားလုံးပင်ဒုက္ခ၊ အားလုံးပင် အနတ္တဟု ဟောတော်မူမိချေသည်။ စင်စစ်အမှန်ကား၊ တချို့က အနိစ္စ၊ တချို့ကနိစ္စ၊ တချို့ကဒုက္ခ၊ တချို့ကသုခ၊ တချို့က အနတ္တ၊ တချို့ကအတ္တဟု၊ သင့်သလို ဝေဖန်၍ ယူရမည်ဟုပြော လေ၏။ သုရဗန္ဓသည်၊ တရားတွေ့ပြီးသား ပုဂ္ဂိုလ်ဖြစ်သော ကြောင့်၊ ခုဒင်က ဟောသွားတော်မူသော ဘုရားရှင်၏ တရား စကားနှင့် ငါ့ခန္ဓာ ကိုယ်ထဲကရော အပြင်ကရော၊ တွေ့ရသမျှ သင်္ခါရတို့သည်၊ ကိုက်ညီခဲ့၏။ ယခုလာပြောသော စကားများ သည်ကား လား,လားမှ မကိုက်ညီချေ။ အပြင်သဏ္ဌာန်ကွေ့က ဘုရားနှင့်တူသော်လည်း။ ယခုလာပြောသူကား ဘုရားမဟုတ်

မာရ်နတ်ယုတ်သာဖြစ် တန်ရာသည်ဟု၊ တွေးတောလျက်။ ဟယ် အချင်းမာရ်နတ် သင့်လိုမာရ်နတ်ပေါင်း ထောင်သောင်းကုဋေ အသင်္ချေတို့လာ၍ ပြောသော်လည်း၊ သဘောက ကွက်လိမ့်မည် မထင်နှင့်၊ သင်မာရ်နတ်ယုတ် ပျက်လေ၊ ပျောက်လေတော့။ ဘုရားသဗ္ဗညု အတူဖန်၍ အမှုဟန်ပြသော်လည်း၊ ရလိမ့်မည် မဟုတ်ဟုနှင်ထုတ်လိုက်လေ၏။ တရားတွေ့သူများကား ဘယ်သူ ဘာဘဲ ပြောပြော သဘောမပြောင်းချေ။

## ၅၇။ ပုထုအထင် ယာအမြင် ရလျှင်အရိယာ။

ပုထုဇဉ်တို့၏ အထင်၊ အမြင် အယူ၊ အဆ အစွဲအလန်းနှင့် အရိယာတို့၏ အထင်၊အမြင် အယူအဆ အစွဲအလန်းကား၊ ကွာခြားလှချေ၏။ ပုထုဇဉ်တိုကား ကလာပ်ချင်းရောနေတဲ့ သမူဟ ပညတ်၌စူးစိုက်၍နေ၏။ အရိယာတို့ကား၊ ရွရွ၊ မွမွ၊ ပွပွ၊ ကြွကြွ ကလာပ်တခုစီ၌ စူးစိုက်၍နေကြ၏၊ ပုထုဇဉ်တို့ကား အစိုင်အခဲ အတုံးအတစ်ဟူသော ဃနပညတ်၌သာစူးစိုက်ကြသည်။အရိယာ တို့ကား ရွရွဖြစ်ပျက်၊ မွမွဖြစ်ပျက်၊ အနိစ္စတို့၌သာ စူးစိုက်၍ နေကြသည်။

### ပုထုဇဉ်တို့စူးစိုက်၍နေသော အချက်များ။

၁။ ကလာပ်ရောသော သမူဟပညတ်၌- ရွရွ၊ မွမွ၊ပွပွ၊ ကြွကြွ၊ ကလာပ်တခုစီ၌။

၂။ စိုင်၊ ခဲ၊ တုံး၊ တစ်၊ ဃနပညတ်၌။

၃။ ပုံစံ၊ သဏ္ဌာန်ထင်၊ သဏ္ဌာနပညတ်၌။
၄။ ဖြစ်ပျက်မရှိသော၊ သန္တတိပညတ်၌။
၅။ အမည့်နာမယ့်နာမပညတ်၌။
၆။ အထင်မှားခြင်း ၁၆-ပါး၌။
၇။ ပရမတ်မှား ၁၆-ပါး၌။
၈။ ပြခဲ့ပြီးပုထုဇဉ် ဉာဏ်အမြင်၌။
၉။ ပညတ်မြင်၌....ပရမတ်မြင်၌။
၁၀။ သက္ကာယဒိဋ္ဌိ၌။
၁၁။ အတ္တဒိဋ္ဌိ၌။
၁၂။ မိစ္ဆာဒိဋ္ဌိ၌။
၁၃။ အဝိဇ္ဇာနယ်၌ စူးစိုက်၍နေသည်။

## အရိယာတို့ စူးစိုက်၍နေသောအချက်များ။

၁။ ကလာပ်ရောသော သမူဟပညတ်၌၊ -ရွရွ၊ မွမွ၊ ပွပွ ကြွကြွ ကလာပ်တခုစီ၌။
၂။ ရွရွဖြစ်ပျက်၊ မွမွဖြစ်ပျက်တို့၌။
၃။ ဖြစ်ပြီး ပျက်သေရ၊ ကုန်ရ၊ ခမ်းရ၌။
၄။ ဖြစ်ပြီး ချုပ်ရ၊ ပျောက်ရ၊ ငြိမ်းချမ်းရ၌။
၅။ ဖြစ်ပြီး ကွယ်ရ ကင်းရ ဆုံးရ၌။
၆။ ဖြစ်ပြီးပျက် တားမရ ဆီးမရ၌။
၇။ ဖြစ်ပျက်ကိုယူမရ ကိုင်မရ၌။
၈။ ဖြစ်ပျက်ကိုရွှေ့မရ၊ ဘမ်းမရ၌။

၉။ ယထာဘူတဉာဏ်၌၊
၁၀။ အနုတ္တာဘ်ယ်တွေ့၌၊
၁၁။ သမ္မာဒိဋ္ဌိ၌၊
၁၂။ ဝိဇ္ဇာနယ်၌သာ စူးစိုက်၍နေသည်။

ဤကား ပုထုဇဉ်နှင့် အရိယာစူးစိုက်ပုံ၊ယူဆပုံခြားနားချက် ပင်တည်း။

## ၅၈။ သောတာအရိ မြင်နိုင်ဘိ ကစိအရိယာ။

အရိယာတို့ သောတာပန်တို့ဆိုတာ အချွန်အတက် ဘယက် တန်းဆာ ဒွါဒယာ တို့ဖြင့်ဆောင်းထားဆင်ထားသူများမဟုတ် အပြင်ဘန်းကနေ၍ ကြည့်ပါလျှင် သူလို့ငါလို သွားတုန်း လာ တုန်းပါဘဲ။ မေဘ်တုန်း၊ကြွားတုန်းပါဘဲ၊ တဏှာ မာန ဒေါသ တရားများလည်း၊ ရှိကြသေးသည်။

(၁) သောတာပန် တည်ပြီးမှ မုဆိုးနှင့် ညားနေသော သူဌေးသမီး၏၊ ဝတ္ထုသွားကိုကြည့်။

(၂) သောတာပန် အရိယာဘဝသို့ ဆိုက်ရောက် ပြီးမှ၊ ဓမ္မဒိန္နာ သူဌေးသမီးနှင့်အိမ်ထောင်ပြု၍ ကာမစည်းစိမ်ကို ခံစား သော ဝိသာခ သူဌေးကိုကြည့်။

(၃) သောတာပန် အရိယာ ဖြစ်ပြီးမှ မိဖုရားငယ် တိုးပွါး ခံစားလျက်နေကြသော သိကြားမင်း၊ဗိမ္ဗိသာရမင်း ဝတ္ထုတို့ကို ကြည့်။

(၄) ၇-နှစ်အရွယ်က သောတာပန်တည်၍ ၁၆-နှစ်အရွယ်ရောက်မှ အိမ်ထောင်ပြုသော ဝိသာခါ အာဇာနည် ကျောင်းအမကြီးတို့ကို ကြည့်ပါကုန်။

ကာမဂုဏ်ငါး၊ တွေ့ကြုံငြား ပျက်ပြားမရှိပါ။
ဝိသာခါနှင့်၊ သက္ကာသိကြား ထိုသူများ၊ ဉာဏ်အစားထင်စေပါ။

မေးစမ်းပါရစေ ယခုထုတ်ပြတဲ့ သောတာပန် အရိယာတွေကို ချိန်၍ကြည့်လိုက်သော ပုထုဇဉ်နှင့်ဘာမျှ မခြားပါကလား။ သူဟာအရိယာဘဲ။ သူဟာ သောတာပန်ဘဲဟု၊ ဘယ်နည်းနှင့် သိနိုင်မည်နည်း။ အပြင်ဘန်းက အသွင်ပညတ်နှင့်သာ ဘမ်း၍ကြည့်နေပါလျှင်၊ ဘယ်တော့မှသိနိုင်တော့မည်မဟုတ်။ ပုံစံပြဦးမည် ငါတို့ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားကိုဘဲကြည့်ပါတော့ (၁) သူငယ်ဘဝ။ (၂) လုလင်ပျိုဘဝ။ (၃) မယ်ယသော်နှင့်ပျော်၍နေတုန်း၊ အိမ်ထောင်သည်ဘဝ။ (၄) တောထွက်၍ ဒုက္ကရစရိယာကျင့်နေတုန်း၊ ပရဗိုဇ်ဘဝ။ (၅) ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်၌ကမ္မဋ္ဌာန်းထိုင်၍နေသော ယောဂီဘဝ၊ အဲဒီပြခဲ့ပြီးသော ငါးဘဝ၊ ငါးဌာနတိုင်း၌ပင် ဒီရုပ်၊ ဒီရေ ဒီအသွင် ဒီပုံစံ၊ ဒီအမူအရာ၊ လက္ခဏာတော်ကြီး ၃၂-ပါးနှင့်ကြည့်လဲ ငါးဌာစလုံး အတူတူပင်တွေ့ရ မြင်ရပါတယ်။

လက္ခဏာတော်ငယ် (၈၀)နှင့်ကြည့်သော်လဲ ငါးဌာနစလုံး အတူတူဖြစ်ပုံတွေ့ရတယ်။

အသံတော် ရှစ်ပါးနှင့် ကြည့်ပြန်တော့လဲ ငါးဌာနစလုံး အတူတူဖြစ်ပုံ တွေ့ရပေတယ်။ အဲဒီလိုငါးဌာနစလုံးတူနေလို့ပေါ့ ပဥ္စဝဂ္ဂီငါးဦးတို့ ဘုရားနှင့်တွေ့တော့ မယုံကြည်ဒါ၊ ဘုရားဖြစ်ပါပြီဟု ပြောဒါတောင် ခေါင်းခါပြီး ဇွတ်အတင်း ငြင်း၍နေသေးတယ် မဟုတ်ပါလား၊ အပြင်ဘန်းကကြည့်လို့တူနေဒါပေါ့။ လူတွေကလဲ အပြင်ဘန်းကကြည့်ကြလို့ငါးဌာနစလုံး အတူတူထင်နေကြဒါ။ နတ်,ဗြဟ္မာတွေကလဲ အပြင်ဘန်းကကြည့်ကြလို့ ငါးဌာနစလုံး အတူတူထင်နေဒါပါဘဲ။

၁-၂-၃-၄-ဌာနနှင့် ငါးခုမြောက် ဌာနဟာ ရေနှင့် ဆီလို ကွာခြားလျက်နေပါတယ်။ ရေနံဆီနှင့်ရေမွှေးလိုကွာခြားလျက်နေပါတယ်။ ငါးခုမြောက်သော ယောဂီဘဝ၌ သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်၏။ စိတ်ခေါင်၌ ရုပ်ခေါင်၌ ဝိပဿနာခေါင်တရား၊ ပရမတ်တရား ကိန်းအောင်းလာသဖြင့်၊ အစဉ်အတိုင်းမဂ်လေးဆင့် ဖိုလ်ဆင့်လေးဆင့်, နိဗ္ဗာန်အထိ တိုးမြင့်လျက်ကား,ကားကြီး ပွင့်လာတော့၏။ တွဲလျက် ပါလာသော တရားများကား၊ ဝိဇ္ဇာ ၃-ပါး၊ အဘိညာဏ် ၆-ပါး၊ သမာပတ် ၈-ပါး ပဋိသမ္ဘိဒါ ၄-ပါး၊ ဈာန် ၉-ဈာန်တို့ပင်တည်း။ ဒီလို တရားရောက်လျှင်ရောက်ခြင်း၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါတွေက၊ သိဒ္ဓတ္ထမင်းသားဟာ၊ ဘုရားဖြစ်သွားပြီဟု မသိသော်လည်း၊ အဝိညာဏက၊ ကောင်းကင်ကြီးတခုလုံး ရေပြင်ကြီးတခုလုံး မြေပြင်ကြီးတခုလုံးတို့က သိတဲ့လက္ခဏာဖြင့်၊ ၃၂-ပါးသော၊ ပုဗ္ဗနိမိတ်ကြီးတွေ၊ပြကြလျက်၊ ဘုရားဖြစ်သွားပြီဟု၊သက်သေခံလျက်ပြကြ၏။

ဘုရားဖြစ်တာနှင့်တပြိုင်နက်မြေကြီးက ၃-မျိုးလှုပ်ရှားပြ၏ ရှေးပြင်ကလဲ ငံရာမှ ချိုမြိန်ရခြင်း၊ လှိုင်းလုံး ကင်းရခြင်း၊ မြစ်ပြင်ကလဲ အထက်သို့ စီးရခြင်း၊ ကောင်းကင်ကလဲ နတ်စည်တော်ရွှန်းပြီး ကြာပန်း အမျိုးမျိုး ရွှေ၊ငွေ ရတနာအမျိုးမျိုး ကျလာရခြင်း တို့ဖြင့်၊ ဘုရားဖြစ်ပြီဟု၊ သက်သေခံကြရ၏။ ပုံစံပြရလျှင် ဘုရား၌ ရုပ်ပုံမပြောင်း အတွင်းပရမတ်သဘောသာ ပြောင်းသွား၏။ သောတာပန်၌ ရုပ်ပုံမပြောင်း၊ အတွင်းပရမတ် သဘောသာ ပြောင်းသွား၏။ ဒါ့ကြောင့်ဘုရား၌ ပဥ္စဝဂ္ဂီငါးဦးတို့မယုံသက်ာ ဖြစ်ရသည်ကိုထောက်ဆပါ၊ပုထုဇဉ်ဘဝကသောတာပန်၊အရိယာ ဘဝသို့ပြောင်းသွားတယ်ဆိုဒါဟာ၊ ရုပ်ပုံစံပြောင်းခြင်း၊ မဟုတ် လို့၊ အပြင်လူ မသိနိုင် အတွင်းစိတ်သဘောသာ ပြောင်းသွားပါ သည်။ပြောင်းသွားပုံကား--

(၁) ရုပ်ကိုဖုံးဖိထားသော မောဟ အဝိဇ္ဇာကို ပယ်ခြင်း။

(၂) နာမ်ကို ဖုံးဖိထားသော အဝိဇ္ဇာကို ပယ်ခြင်း။

(၃) ပဌမ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်နှင့် သူ၏ ယှဉ်ဘော်,ယှဉ် ဘက်ဖြစ်သော စေတသိက် ၁၅-ကိုပယ်ခြင်း။

(၄) ဒုတိယ ဒိဋ္ဌိဂတ သမ္ပယုတ် စိတ် စေတသိက် ၂၁-ပါး ကိုပယ်ခြင်း။

(၅) တတိယ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်စေတသိက် ၁၈-ပါးကို ပယ်ခြင်း။

(၆) စတုတ္ထ ဒိဋ္ဌိဂတ သမ္ပယုတ် စိတ် စေတသိက် ၂၀–ကို ပယ်ခြင်း။
(၇) ဝိစိကိစ္ဆာ သမ္ပယုတ် စိတ် စေတသိက် ၁၅ မျိုး၊ ၁၆–မျိုးကို ပယ်ခြင်း။
(၈) ယုံမှားခြင်း ၁၆–ပါးကိုပယ်ခြင်း။
(၉) ယုံမှားခြင်း ၈–ပါးကို ပယ်ခြင်း။
(၁၀) ပြခဲ့ပြီးသော အပေါင်းအသင်း ပြောင်းခြင်း စသော ၁၀–ပါးကို ပယ်ခြင်း။
(၁၁) ပြခဲ့ပြီးသော အနိစ္စတွေ့တုံး၊ နိစ္စပျောက် အရှိသော ၁၄–ပါးကိုပယ်ခြင်း။
(၁၂) မဂ္ဂင်ရောက်စက သူ၏ ဆန့်ကျင်ဘက်ကိုသတ်၍ သူ့ ဘက်က ပွါးစေခြင်း။
(၁၃) ဗောဇ္ဈင်ရောက်စက သူ၏ ဆန့်ကျင်ဘက်ကို သတ်၍ သူ့ဘက်ကပွါးစေခြင်း။
(၁၄) ဣန္ဒြေရောက်စက သူ၏ ဆန့်ကျင်ဘက်ကို သတ်၍ သူ့ဘက်က ပွါးစေခြင်း။
(၁၅) ဗိုလ်ရောက်စက သူ၏ဆန့်ကျင်ဘက်ကို သတ်၍ သူ့ ဘက်ကပွါးစေခြင်း။
(၁၆) ဣဒ္ဓိပါဒ် ရောက်စက သူ၏ ဆန့်ကျင်ဘက်ကို သတ်၍ သူ့ဘက်ကပွါးစေခြင်း။
(၁၇) သမ္မပ္ပဓာန်ရောက်စက သူ၏ ဆန့်ကျင်ဘက်ကိုသတ်၍ သူ့ဘက်ကပွါးစေခြင်း။

(၁၈) သတိပဋ္ဌာန်ရောက်စကသူ၏ ဆန့်ကျင်ဘက်ကိုသတ်၍ သူ့ဘက်က ပွါးစေခြင်း။
(၁၉) အာသဝဌ္ဌ်ဆိုင်ရာကိုသတ်ခြင်း။
(၂၀) ဩဃဌ္ဌ် ဆိုင်ရာကိုသတ်ခြင်း။
(၂၁) ယောဂဌ္ဌ် ဆိုင်ရာကိုသတ်ခြင်း။
(၂၂) ဂန္ထဌ္ဌ်ဆိုင်ရာကိုသတ်ခြင်း။
(၂၃) ဥပါဒါန်ဌ္ဌ် ဆိုင်ရာကိုသတ်ခြင်း။
(၂၄) နီဝရဏဌ္ဌ် ဆိုင်ရာကို သတ်ခြင်း။
(၂၅) အနုသယဌ္ဌ် ဆိုင်ရာကို သတ်ခြင်း။
(၂၆) သုတ္တန် သံယောဇဉ်ဌ္ဌ် ဆိုင်ရာကိုသတ်ခြင်း။
(၂၇) အဘိဓမ္မာ သံယောဇဉ်ဌ္ဌ် ဆိုင်ရာကိုသတ်ခြင်း။
(၂၈) ကိလေသာဌ္ဌ် ဆိုင်ရာကို သတ်ခြင်း။
(၂၉) ဒုစရိုက်ဌ္ဌ် ဆိုင်ရာကို သတ်ခြင်း။

(၃၀) ဒုရာဇီဝဌ္ဌ် ဆိုင်ရာကို သတ်ခြင်းဟု ဌာနကြီးပေါင်း (၃၀) လောက် စိတ်ဓါတ် သဘောသွား ပြောင်းသွားပါတော့သည်။ ဌာနငယ် အားဖြင့်ကား မရေနိုင်အောင် စိတ်ဓါတ် သဘောသွား ပြောင်းပါတော့သည်၊ သို့ဖြစ်၍ပုထုဇဉ်နှင့်အရိယာကား ကွာခြားလှပေမဲ့ မံသစက္ခု၊ ဒိဗ္ဗစက္ခု၊ ပြဟ္မစက္ခု ဤသုံးပါးဖြင့် ကြည့်လို့ မမြင်နိုင်၊ မသိနိုင် အရိယာစက္ခုဖြင့် ကြည့်မှ သာလျှင် မြင်နိုင် သိနိုင်ပါတော့သည်။

မံဒိပ်ပြဟ္မ၊ အရိယာ၊ **လေးဝ** အမြင်ပေါ့။
**ရှေးသုံးပါးမှာ** ပညတ်ပေါ့၊ နောက်မှာ ပရမတ်ပေါ့။
**အရိယာစက္ခု** ဓါတ်ဆက်ရှု သိမှု **မဂ်သောတာ**။
မဂ်သောတာရောက် အမြင်ပေါက် သိလောက်အရိယာ။
သုံးရာ့ကိုးခု၊ တန်ဆောင်ရှု ဆုတ်မှုရှစ်ရက်စွဲ။
ဘုရားအမွေ၊ ရကြစေ ဆောင်လေနိဗ္ဗာန်ထဲ။
တက်ချင်တိုင်းတက် အဆက်ဆက် ဘဝဂ်ဘုံစဉ်မြဲ။
နိဂုံးကမ္ပတ်၊ အပြီးသတ်၊ ကြီးမြတ် မေတ္တာဘဲ။

**ဤတွင် "ငါအရိယာ ဖြစ်ပြီလား" စစ်ထမ်းကြီး။**
**ပဋ္ဌမတွဲပြီး၏။**

## ((မေတ္တာပို့))

နိရုတ္တာပုညကမ္မသု၊ ဇောတေထ ဇိနသာသနံ။
ဣမေစပါဏီနောသဗ္ဗေ၊ ပပ္ပေါန္တု အမတံပဒံ။

ပုညကမ္မေသု၊ ဒါန, သီလ, သမထနှင့် ရှုကြဝိပဿနာရှာဖွေ ဆိီးပူး စေတနာထူးတို့နှင့်၊ ကြည်နူးပြုစု မြတ်ကောင်းမှုတို့၌။ နိရုတ္တာ၊ နေ့မှာလဲသတိရ ညမှာလဲမမေ့၊ တငွေ့ငွေ့စွဲလန်းပြီး အမြဲတန်း မွေ့လျော်ကြကုန်သည်ဖြစ်၍။ တုမှေ၊ ပညတ်ကိုဖယ် ထား၍။ပရမတ်သား၊ဓါတ်တရား ကလပ်တရားတို့ကို၊ထပ်မနား

ရပ်မနား၊ အလပ်မသားဘဲ။ မပြတ် အားထုတ် ကြကုန် သော
သင် ဒါယကာ, ဒါယကာမ အပေါင်းတို့သည်။ ဇိနသာသနံ၊
ဘဝရှည်ကြာ ကမ္ဘာကုန်ကြဒုလ္လဘမို့ ကြုံရခဲစွာ ဘုရားရှင်သာသ
နာတော်ကြီးကို။ ဇောတေထ၊ ဂုဏ်ခံသူတွေလဲမတွေ့ရ၊ ပုန်ကန်
သူတွေလဲမတွေ့ရ၊ ယနေ့မှစ၍ နိဗ္ဗာန်အရောက် ရွှေတောင်တွေ
ပေါက်၊ ငွေတောင်တွေပေါက်ပြီး၊ ထွန်းလင်းတောက်ပအောင်
ချီးမြှောက်တော် မူနိုင်ကြပါစေကုန်သတည်း။

သဗ္ဗေ၊ ကြီးကြီး, ငယ်ငယ်၊ ရွယ်ရွယ်, စားစား၊ များပြား
ဉဿုံ၊ အလုံးစုံကုန်သော။ ဣမေစပါဏိနော၊ လူ့ ရွာ၊ လူပြည်
တည်နေခိုအောင်း၊ ဤသတ္တဝါ အပေါင်းတို့နှင့် ဒေဝါမကြွင်း
ဗြဟ္မာမင်းအပေါင်းတို့သည်။ ပုညကမ္မေသု ဒါန, သီလ, သမထနှင့်
ရှုကြဝိပဿနာ ရှာဖွေဆိမ်းပူး၊ စေတနာထူးတို့နှင့် ကြည်နူးပြုစု
မြတ်ကောင်းမှုတို့၌။ နိရတ္တာ၊ နေ့မှာလဲသတိရ၊ ညမှာလဲမမေ့
တငွေ့ငွေ့ စွဲလန်းပြီး၊ အမြဲတန်း မွေ့လျော်ကြကုန်သည်ဖြစ်၍
တုမှေ၊ ပညတ်ကိုဖယ်ထား၍။ ပရမတ်သား ဓါတ်တရား ကလာပ်
တရားတို့ကို၊ ထပ်မနား ရပ်မနား အလပ်မထားဘဲ၊ မပြတ်
အားထုတ်ကြကုန်သော။ သင် သူတော်ကောင်း အပေါင်းတို့
သည်။ အမတံပဒံ၊ ကြောင်းကျိုးပြတ်ငြိမ်း ဇာတ်သိမ်း ခန္ဓာ
နိဗ္ဗုတာသို့။ ပပ္ပေါန္တု၊ ရောက်ကြပါစေသတည်း။ ပပ္ပေါန္တု၊
သတ္တဝါအပူသည့်တို့ကို၊ လူနှယ်သို့ပို့၊ နတ်နှယ်သို့ပို့၊ ဗြဟ္မာနယ်
မဂ်နယ်, ဖိုလ်နယ်, နိဗ္ဗာန်နယ်သို့။ ကိုလွယ်လွယ်နဲ့ ပို့ဆောင်နိုင်ကြ
ပါစေကုန်သတည်း။

ဉာဏစာရီ ဆရာတော်ဘုရား ရေးသားသော စာအုပ်များကို
ကူးယူပုံနှိပ်ခွင့်မပြု

# ဉာဏစာရီ မဟာထေရ်
# သာသနာ ပြုခဲ့ရာ

အဖွဲ့ကြီး-လတ်-ငယ်ပေါင်း(၃၇၉)
စာအုပ်ပေါင်း (၉၄၇၅၃၇)
စာရွက်ချုပ်ရေပေါင်း (၁၂၃၄၅၅၀)
ယောဂီပေါင်း(၆)သန်း ၂-သိန်းကျော်
၃၀၀-ပြည့်၊တော်သလင်းလပြည့်ထိစခဲ့သည်။
(နတ်လူသာဓုခေါ်စေသောဝ်)

(အောင်သစ္စာစာပေတိုက်)(အောင်သစ္စာပုံနှိပ်တိုက်)
အမှတ်-၁၈၊လက်ခုပ်ပင် ကမာရွတ်၊မှတ်ပုံတင်(၀၁၄၈)(၀၁၈)
မောင်တူးက ပုံနှိပ်ထုတ်ဝေသည်။